www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ကျိုးလေပြေ

စီနီယာလျှောတဲ့ အချစ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၃၉၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၇၉၀၇၁၁
ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
အတွင်းပုံနှိပ်သူ ● ဦးကျင်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
အဖုံးပုံနှိပ်သူ ● ဦးကျင်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ။
အုပ်ရေ ● ၅၀၀ အုပ်
တန်ဖိုး ● ၁၀၀ ကျပ်
ဖြန့်ချိရေး ● ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/ -095089894

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
တန်ခူးလေပြေ
စီနီယာလျှော့တဲ့အချစ်/ တန်ခူးလေပြေ။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၁။
(၁၄၈) စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) စီနီယာလျှော့တဲ့အချစ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

BURMESE CLASSIC

ဒီကနေ့ လိုင်းကားအဖြစ် သတ်မှတ်ခေါက်ရေ (၁၀)ခေါက် ပြည့်မီအောင် ပြေးဆွဲပြီးသွားပြီ။ နောက်တစ်နေ့ လိုင်းထွက်လျှင် ဂိတ်မှာကပ်ထားတဲ့ စီနီယာစာရင်းကို အသည်းအသန်ကြည့်ရတာ ကားသမားတွေရဲ့ ပင်မအလုပ်။ စီနီယာအလိုက် ကိုယ့်ကားက မနက် ထွက်ထွက်ချင်း ဘယ်လောက်မှာ ချိတ်သလဲ။ ကားများလျှင် နှစ် အုပ်စုခွဲ၍ စီနီယာအရ ဂိတ်မှူးက ကားလွှတ်သည်။ မနက်ပိုင်း ကား ထွက်လျှင် ပထမဦးဆုံး စီနီယာက အရေးကြီးသည်။ ဘာကြောင့်လဲ ဆိုတော့ ကားသမားတွေက ပထမဆုံးစီနီယာမှာ တစ်နေ့လုံးပြေးဆွဲမည့် ကားကွက်ကို ချိန်ရသည်။ ဘယ်အချိန်မှာ ခရီးသည်များများရနိုင်မလဲ၊ ဘယ်အခေါက်မှာ လူပါးနေမလဲ၊ ရှေ့ကဘယ်ကား၊ နောက်ကဘယ် ကားစသဖြင့် နည်းမျိုးစုံနဲ့ ကားကွက်ချိန်ရသည်။ တစ်ခါတလေ တစ်ခေါက်လောက် ခါလီသုတ်၍ လူရမည့်အချိန်ကို စီနီယာပြန်ချိန် သည်။ ဂိတ်ရင်းကလည်း ကျော်ဝင်လာသော ကားတွေကို နောက် တစ်ခေါက်တက်ရင် ထိပ်ဆုံးစီနီယာပေးသည်။ စီနီယာကိစ္စနှင့်ပတ် သက်၍ ဂိတ်မှူးနှင့် ကားသမားတွေ သုဟဇာတ မဖြစ်ကြပေ။

မနက်ပိုင်း ကားတစ်စီးက စီနီယာနံပါတ်(၃)မှာ ချိတ်ထား သည်။ သို့သော် အကြောင်းကြောင်းကြောင့် အဲဒီကားက စက်ချို့ယွင်း



www.burmeseclassic.com

www.burmeseclassic.com



၍ သော်လည်းကောင်း၊ မောင်း၊ ရောင်းမရှိ၍သော်လည်းကောင်း သတ်မှတ်အချိန်အတိုင်း စီနီယာ(၃)ဖြင့် မထွက်နိုင်။ အဲဒီအချိန် လွန်သော် စီနီယာ(၄)မှ သူ့နေရာဝင်ယူခဲ့ပြီး စီနီယာ(၃)ရထား သောကားမှာ နောက်ဆုံးဘိတ် စီနီယာသို့ အော်တိုရောက်သွားသည်။ ဤသည်ကို 'စီနီယာလျှောသည်'ဟု ခေါ်သည်။ အဲဒီကားအတွက် လည်း ၄င်းနေ့ ပြန်ထွက်နိုင်ပါက ကားကွက်ပျောက်၍ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဖြစ်ကာ ဝင်ငွေနည်းသွားသည်။

BURMESE CLASSIC

ထို့အတူပင် နှလုံးသားရေး ကိစ္စ၌လည်း ချစ်ရသူနှင့်ပတ် သက်ပြီး စီနီယာချိတ်ထားပါက သတိကြီးစွာထား၍ ကြိုးစားပါ။ အကယ်၍ စီနီယာလျှောပါက နောက်ဆုံးဘိတ် ဂိတ်ချိတ်ကာ လူဖြစ် ရှုံးနှလုံးသား ပြန်းတီးရမည့် အခြေအနေသို့ ဆိုက်ရောက်သွားနိုင်လေ သည်။

❒ ❒ ❒

အမိတက္ကသိုလ်ကြီးတွင် အရောင်အသွေး စုံလင်စွာဖြင့် ပညာ ဝတ်မှုန်ကူးနေကြသော ကျောင်းသား ကျောင်းသူလေးများ အသွင်ဆန်း အမြင်ဆန်းစွာ တွေ့ရှိရသည်။ ကင်တင်းများ၊ ကားဂိတ်များတွင် ကျောင်းသားများ စည်ကားလျက်ရှိ၏။ မိဘတို့ဝတ္တရား သိမြင်တတ် သောအရွယ်ပင်။ လာမယ့်နှစ်မှာ ရည်းစားထားမည့် ကျောင်းသား ကျောင်းသူလေးတွေက မှိုလိုပေါက်။ ပြုံတစ်ပြုံတစ် တီတီတာတာနှင့် ကလူ၏သို့ မြူ၏သို့ ကြဲဆနေကြသော ရည်းစားလိုချင် တစ်ပိုင်းသေ ငကြောင်တွေကလည်း ရှိသေး။ ပေါက်ပေါက်ဖောက်သံနှင့် လာဘ်ပံ ပင်ဆက်ရက်ကျွဲသံတို့ အချိုးတူမျှ ပေါင်းစပ်၍ ဆူညံနေသော ကျောင်း သူ တစ်စုကိုလည်း ကင်တင်းတိုင်းတွင် တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com


ကင်တင်းတစ်ခုတွင် ကျောင်းသားသုံးယောက် ကိုယ့်အတွေးနှင့်ကိုယ် ပေစောင်းစောင်း ထိုင်နေသည်။ တစ်ယောက်က ဆံပင်ထောင်ထောင်၊ တစ်ဦးက မှန်ကြောင်၊ တစ်ဦးက နှုတ်ခမ်းမွေးစစဖြင့်။ ဆံပင်ထောင်ထောင်ကောင်လေးက တိတ်ဆိတ်မှုကို စကားသံဖြင့် ဖြိုခွင်းလိုက်သည်။

'ဈေးဦးလည်း မပေါက်သေးပါလား'

မှန်ကြောင်က ဘာမှမပြောဘဲ မှုန်တေတေဖြင့် အိတ်ထဲမှ လာဘ်ခေါ်ကြောင်ရုပ်ကလေးကို စားပွဲပေါ်တင်လိုက်သည်။

'ဟော့ကောင်… မှုန်ကြီး၊ မင်းကလည်း ဈေးရောင်းနေတာမှ မဟုတ်တာဘဲ'

'သိပါတယ်၊ ဈေးဝယ်သူလာသလို လာမလားလို့ လုပ်ကြည့်တာ ပြောလို့မရဘူးလေ၊ ကံကြမ္မာဆိုတာ မြင်နိုင်တာမှ မဟုတ်တာဘဲ'

မှန်ကြောင်က ကြောင်ရုပ်ကလေးကို ထောင်ပြသည်။ ငြိမ်နေသော နှုတ်ခမ်းမွေးရေးရေး မှင်သေသေကောင်လေးက…

'မင်း ဇေဒင်ကို လှူတကာက စိတ်ဝင်စားပါ့မလား'

'ငါလည်း သိသမျှမိတ်ဆွေတွေကို လက်တို့ကြေငြာထားတာပဲ၊ အပျော်သက်သက်ဆိုပေမဲ့ ရည်ရွယ်ချက်လေးတော့ ရှိပါတယ်၊ ဇေဒင်လေးက ဘာမှလည်း မခက်ဘူးလေ၊ ပျော်စရာလည်း ကောင်းမှာပဲ'

'ငါကတော့ ဝါသနာမပါပေါင်'

နှုတ်ခမ်းမွေးရေးရေးနှင့် ကောင်လေးက လက်ကာပြသည်။ ကင်တင်းတွင် ကျောင်းချိန်ရောက်နေ၍ လူရှင်းနေသည်။

'စောင့်ရတာမောပေါ့××× စောင့်ရတာမောပေါ့××× သွေးတောင့်အောင် ရပ်လို့စောင့်မယ်×××'

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com


မှန်ကြောင်က သီချင်းတစ်ပုဒ် ထညည်းသည်။ စင်စစ်အနီ ကျောင်းသားသုံးယောက်သည် အီကိုမေဂျာတွင် ဒုတိယနှစ် သင်ကြားနေသော သူငယ်ချင်းသုံးယောက် ဖြစ်သည်။

ဆံပင်ထောင်ထောင် ကောင်လေးနာမည်သည် 'သန့်စင်ငြိမ်းချမ်း' ဟုခေါ်သည်။ နာမည်နှင့်လူနှင့် မလိုက်အောင် ရုပ်ပွပေကျံနေပြီး အမြဲသောကများနေ၏။ လက်တမ်းပြက်လုံး ထုတ်တတ်သော ဉာဉ်ရှိသလို ဘဝကို ပေါ့ပေါ့နေ ပေါ့ပေါ့သွား ဟေးလားဝါးလား သဘောထားသည်။ စိတ်ရင်းကောင်းသည်။ စိတ်ပျော်တတ်သူ အစအနောက်သန်၍ အပေအတေ မှန်သည်။ အချစ်ကို ဦးစားပေးတတ်သူ ဖြစ်သလို အချစ်ကိုလည်း ဘယ်ကနေ အစဆွဲရမှန်း မသိသူ။ ချိန်လည်းမချိန်တတ် ပစ်လည်းမပစ်တတ် မိုးတိုးမတ်တပ်ဘဝနှင့် ရင်ခုန်သံ ပျောက်ဆုံးနေသူ တစ်ဦး။ သူ့ဘဝတွင် ဆံပင်တွေ ထောင်နေဖို့နှင့် သရော်မှုတွေ ပတ်ဝန်းကျင်မှာ ရှိနေဖို့သာ အဓိကအကျဆုံး ဖြစ်သည်။ သန့်စင်ငြိမ်းချမ်း ဆိုသော အမည်နာမသည် လွန်စွာမှ တင်စီးရှည်လျားလှသဖြင့် အများစုက သူ့အား 'ပေါင်မုန့်' ဟု ခေါ်ကြသည်။ ငယ်ငယ်တုန်းက ပေါင်မုန့် သိပ်စားသည်ဟု ကြားသိထားရခြင်းကြောင့်။

ကိုယ်အမူအရာအားဖြင့် ချောသည်၊ ဖြောင့်သည်၊ အနေအထားထဲမပါ သာမန်မျှသာရှိသည်။ နှုတ်အမူအရာအားဖြင့် ဗလွတ်ရွတ်တ ဟာသများသာ ထွက်သည်။ စိတ်အမူအရာအားဖြင့် ပျော်ပျော်နေသေခဲ ခံယူထားသည်။

မျက်မှန်ထူထူနဲ့ကောင် နာမည်သည် 'တိုးမြင့်အောင်' ဟုခေါ်၏။ ဟိုယောင်ဒီယောင် တိုးမြင့်အောင် ဟုလည်း ထပ်မံခေါ်သေးသည်။ စာဖတ်ထူပြီး စကားပြော ဝွကျလက်ပေါက်ကပ်သူ။


www.burmeseclassic.com

www.burmeseclassic.com



မတွေ့မမြင်ရသော အရာများကို တွေးတော၍ ထိတ်လန့်စိုးရိမ်တတ်သည်။ ဇီဇာနည်းနည်း ကြောင်သည်။ အမြဲတမ်း တလွဲလွဲ တချော်ချော် ဖြတ်စဖျင်းတောင်း နိုင်၏။

နှုတ်ခမ်းမွေး ရေးရေးနှင့်ကောင် နာမည်သည် 'တင်အောင်လတ်'ဟုခေါ်၏။ အမြဲတမ်း ဆရာလိုလို လုပ်သည်။ နေရာတကာ ပါလေရာ ဟောင်ဖွာဟောင်ဖွာ။ နှုတ်ခမ်းမွေးဋ္ဌီကာကို သိပ်ချဲ့သူ။ အကြောင်းတိုက်ဆိုင်တိုင်း နှုတ်ခမ်းမွေးရဲ့ အရေးပါပုံ သိပ်ပြောသည်။ မိန်းမမြင်လျှင် ငမ်းငမ်းတက်။ လောဘကလည်း ကြီးသည်။

သူတို့ သုံးယောက်သည် တပူးပူးတတွဲတွဲ သွားလာနေကြသော သူငယ်ချင်း သုံးယောက်ဖြစ်သည်။ တစ်ယောက်မှ ရည်းစားမရှိသေးသော သူများလည်း ဖြစ်သည်။ တစ်ယောက်မှလည်း ထူးချွန်မည့်ပုံစံ မရှိသည့်များ ဖြစ်သည်။

ဘဝကို ပျော်ပျော်ရွှင်ရွှင် ဟီးလေးတိုက် ဖြတ်သန်းနေသူတွေလည်း ဖြစ်၏။

အခုလည်း အတန်းထဲမှာ ကြေငြာထားသည်။ ကြော်ငြာစာရွက်ကို ကျောင်းသား ကျောင်းသူတိုင်း စိတ်ဝင်စားမလား မသိပေ။ ဆေါင်မုန့်ရဲ့ ကြော်ငြာစာရွက်က လူစိတ်ဝင်စားစရာတော့ ကောင်းသည်။

လူပိန်တစ်ယောက်၏ နံရိုးကို ခွေးတစ်ကောင်က ဟပ်နေပုံ ဆွဲထားသည်။ အောက်တွင် ရေးထားသည် 'စားရက်ကြ နံရိုးခွေးဟပ်'။

ထပ်ရေးထားသည်မှာ…

**'ပေါ်တူဂီ နန်းတွင်းရိုးရာ ကမ္ဘာကျော် တုတ်ခြမ်းနှံဖွယ်ဘွက်ကိန်းများ' မည်သူမဆို အခမဲ့ တွက်ပေးနေပါပြီ။**

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(က) အချစ်ရေးသာ အဓိကထား ဟောပါသည်။

(ခ) မေးသောသူသည် ယုံကြည်စွာ မေးရပါမည်။ အပျော်အပျက်၊ ပေါက်ကရ ဟေးလားဝါးလား လုပ်ခြင်းကို လက်မခံပါ။

(ဂ) သင်လိုချင်သော အဖြေမှန်ကို မြေကြီးလက်ခတ်မလွဲ ကျိန်းသေ သိရှိနိုင်ပါမည်။

(ဃ) မေးသောသူသည် နှလုံးသားရေးရာ ကိစ္စနဲ့ပတ်သက်၍ ပွင့်ပွင့်လင်းလင်း အကူအညီတောင်းနိုင်ပါသည်။

ဆရာသန့်စင်ငြိမ်းချမ်း
(--------)

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

ကင်တင်းလိပ်စာအညွှန်းပါ ထည့်ပေးထားသည်။ ဤကဲ့သို့ ကြော်ငြာထားပြီးနောက် ကင်တင်းတွင် အဖော်သဟာ ရဲဖော်ရဲဖက် နှစ်ဦးကိုခေါ်၍ ဗေဒင်မေးသူများ ရှိလေမလား၊ အချိန်ကုန်ခံ ထိုင်စောင့်နေကြ၏။ အကျိုးထူးမလာ၊ အကြောင်းထူးမလာ။

'အစ်မကို ထိုင်ခွင့်ပြုပါနော်'

အသံသေးသေးလေးနှင့်အတူ ပုပုပျတ်ပျတ် ကောင်မလေး တစ်ယောက် ရောက်လာသည်။ ကောင်မလေးက သင်ဇာဝင့်ကျော် မှုရှတ်ဆိတ်စားမိသလို မျက်လုံးပြူးပြူးလေးနှင့်။ သမိန်ပေါသွပ်နှင့် အရပ်ချင်းတိုင်းကြည့်၍ ရသည်။

'ဘာအခက်အခဲများ ရှိပါသလဲ'

'ဟို ဗေဒင်မေးရင်း တိုင်ပင်စရာလည်း ရှိလို့ပါ'

'ပွင့်ပွင့်လင်းလင်းသာ မေးပါ'

ပေါင်မုန့်က စာရွက်နှင့်ဘောပင် ထုတ်လိုက်သည်။ မျက်နှာ သားက ပင့်ချီလျက်။ မှန်ကြောင်း တိုးမြင့်အောင်က မယုံကြည်သလို အကဲခတ်နေ၏။ နှုတ်ခမ်းမွေး တင်အောင်လတ်က ကောင်မလေးကို နှုတ်ခမ်းမွေးသ၍ ရှိုးနေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… အစ်မ ဘဝအတွက်'

'ဟော့ကောင်… အသက်အရင်မေးဦး အစ်မ စွတ်မခေါ်နဲ့'

မှန်ကြောင်က သတိပေးသည်။ ပေါင်မုန့်က ခေါင်းကုတ်၍…

'ဟီး… ဟုတ်သားပဲ၊ အသက်က တန်းတူပဲ ရှိမှာပါ'

'ကျွန်မ နာမည် ခိုင်ချိုဦးပါ၊ အသက်က (၂၀)နှစ်ပါ၊ First Year လောမေဂျာကပါ၊ နင်တို့ ကြော်ငြာစာရွက်လေးကို သူငယ်ချင်းတစ်ယောက်က တဆင့် ပြောပြလို့ သိရတာပါ'

ခိုင်ချိုဦးဆိုသည့် ပုတိုမလေးက မိတ်ဆက်သည်။ ပေါင်မုန့်က ချောင်းတစ်ချက်ဟန့်၍ အင်္ကျီကော်လံကို တစ်ချက်ပင့်တင်လိုက်၏။

'ကဲ… သမ္မာဒေဝ နတ်မြတ်နတ်ကောင်း အပေါင်းတို့နှင့်တကွ အချစ်ကို စောင့်ရှောက်သော သတ္တဘာဂ ဖူးစာရေးနတ်၊ ကျူးပစ်နတ်သား ပညာဉာဏ်ကြီးမားသော အက်သီနာနတ်သမီး၊ အလှနတ်သမီး အက်ဖရိုဒိုက်၊ ကြင်နာသနားသည့် တန်ခိုးကို ပြသသော ဥမ္မာနတ်သမီး။ အစစအရာရာ ကူညီညာပိုင်းလို့ မှိုင်းမကြကုန်'

ပေါင်မုန့်က ဟိတ်ဟန်ကောင်းကောင်းဖြင့် ရွတ်ဆိုသည်။ မှန်ကြောင်နှင့် နှုတ်ခမ်းမွှေးတို့က အမြင်ကတ်ကတ်နှင့် ပေစောင်းစောင်း ကြည့်နေသည်။

'ကဲ… စပြီ၊ ကောင်မလေး… ဟောဒီ စာရွက်လေးမှာ တုတ်ချောင်းလေးတွေကို ငါက တစ်ချောင်းချင်းစီ ခြစ်မယ်၊ နင်က ငါခြစ်နေချိန်မှာ တော်ပြီဆို တော်ပြီ ကိုးခါတိတိ ပြောရမယ်၊ ဘာမှ မခက်ပါဘူး၊ လွယ်လွယ်လေးပါ'

'သဘောပေါက်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ဒါဆို စခြစ်ပြီနော်'

ပေါင်မုန့်က မင်သေသေနှင့် ဘောပင်နှင့်စာရွက်ကို မြှောက်၍ ပါးစပ်မှ ပွစိပွစိ ထပ်ပြောနေပြန်သည်။ နိုင်ချိုဦးက ပေါင်မုန့် တုတ်ချောင်းလေးတွေ စခြစ်ရေးဆွဲချိန်တွင် ခပ်ရှည်ရှည်တော်လိုက် ခပ်တိုတိုတော်လိုက်နဲ့ ကိုးကြိမ်မြောက်သွားသည်။

ပထမ - ||| ||| ||| | = 1

ဒုတိယ - ||| ||| = 0

တတိယ - ||| ||| ||| ||| = 0

ပေါင်မုန့်က သူ အတည့်ခြစ်ထားသော တုတ်ချောင်းလေးတွေကို တစောင်းထပ်ခြစ်၍ ခုလို စာရွက်ပေါ်တွင် တွက်လိုက်သည်။

"'က' နိုင်ချိုဦး နင့်ကို လူတစ်ယောက်က ချစ်တယ်၊ နင့်စိတ်ထဲမှာလည်း သူ့ကို ချစ်နေတယ်၊ ဟုတ်သလား'

'ဟာ… ဟုတ်ပါတယ်'

တစ်ဖန် ဆက်လက်၍ ပေါင်မုန့်က…

စတုတ္ထ - ||| ||| || = 2

ပဥ္စမ - ||| ||| ||| | = 1

ဆဋ္ဌမ - ||| ||| ||| || = 2

'ဟော… မင်းချစ်နေတဲ့သူက မင်းအကြောင်း စဉ်းစားပါ့မလား ဆိုပြီး စိတ်ပူနေတယ်'

'ဟာ… မှန်လိုက်တာ နှစ်ခုစလုံး ကွက်တိပဲ'

ပေါင်မုန့်က တဟင်းဟင်းနဲ့ ခေါင်းညိတ်နေသည်။

'ကဲ… နောက်ဆုံး သုံးခါပဲ ကျန်တော့တယ်'

ပေါင်မုန့်က နောက်ဆုံး ကျန်နေသော 'တုတ်ချောင်းလေး သုံးတန်းကို တစောင်းခြစ်ချ၍ ဟောကိန်းထုတ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သတ္တမ - ||| ||| || = 2
အဋ္ဌမ - ||| ||| ||| ||| ||| = 0
နဝမ - ||| ||| | = 1

'ဟာ… မင်း ခုတလော သိပ်စိတ်ညစ်နေတယ်၊ ဒါပေမဲ့ မကြာခင် ပျော်ရမှာပါ၊ စိတ်မပူပါနဲ့'

'ဒါလည်း မှန်နေတယ်'

ခိုင်ချိုဦးက သူနှင့် သူ့ချစ်သူအကြောင်း ဇာတ်စုံခင်းပြ လေသည်။

'အဖြစ်က မနှစ်ကနဲ့ မတူပါဘူး၊ လွန်ခဲ့တဲ့ သုံးနှစ်လောက် ကလည်း တခြားစီပါပဲ၊ ဒီနှစ်မှ တော်တော် ပွေလီခဲ့ရပါတယ်'

'အင်း… အညှံ့ဘက်ကို ရောက်နေခဲ့တာကိုး'

မှန်ကြောင်က ဆရာကြီးလေသံဖြင့် ဝင်ဆရာလုပ်သည်။

'သမီး ကောင်လေးနာမည်က ဂျိုင်မင်းဇွဋ်ပါ၊ သမီးတို့ နှစ်ယောက်က ဆယ်တန်းပြီးကတည်းက ချစ်ခဲ့ကြတဲ့ ငယ်သူငယ်ချင်း တွေပါ'

'မိဘတွေကော သိကြသလား'

'ဟင့်… အဖေတို့ အမေတို့က…'

'သဘောမတူကြဘူးလား၊ ဒီလိုပါပဲ အစက…'

နှုတ်ခမ်းမွေး တင်အောင်လတ်က ဖြတ်မေးသည်။

'သဘောအတူလွန်နေလို့ ခက်နေတာ'

'ဟမ်'

တင်အောင်လတ် ဘာဆက်ရှည်ရမှန်း မသိ။

'ဒါဆိုရင် ဘေးပတ်ဝန်းကျင်က အနှောင့်အယှက်ကြောင့် ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'နှစ်ဖက်ခွေမျိုး အသိုင်းအဝိုင်းတွေကလည်း စိတ်တူကိုယ်တူ ကြည်ဖြူပါတယ်'

ဝင်ထောက်သော မှန်ကြောင်လည်း ငြိမ်သွားသည်။ မှန်းထားတာတွေ တလွဲတချော်။

'ဒါဆိုရင် ပြည်ပန်းညို ချိုပါလျက် ဆားကဖျက် သီအိုရီ အရ ထင်တယ်'

'အဲဒါလည်း မဟုတ်ပြန်ဘူး'

ပေါင်မုန့်လည်း နှာခေါင်းရှုံ့သွားသည်။

အစကတည်းက ဗေဒင်တွက်ပြီးပြန်လှတ်လိုက်လျှင် အကောင်းသား။

ကောင်မလေးကလည်း တစ်စုံတစ်ရာကို ခြေခြေမြစ်မြစ်ပြောဖို့ ထိုင်လေးနေသယောင်။

'ခိုင်ချိုဦး... ညည်းအတွက် ငါတို့ ထင်ထားတဲ့ သာမန် အခက်အခဲတွေ မဟုတ်ရင် ညည်းတို့ ချစ်သူနှစ်ဦးရဲ့ ဆူးငြောင့်ခလုတ်တွေက ထင်တာထက် ကြီးကျယ်နေပုံပဲ'

ပေါင်မုန့်က စိတ်ပျက်လက်ပျက်နဲ့ စကားလမ်းကြောင်း ခေါ်သည်။

'ညည်းတို့ ချစ်သူနှစ်ဦးကြားက ပြဿနာတွေက ဘာလဲ'

'ဒီလိုပါ'

ခိုင်ချိုဦးက ပြောမယ့်အရေး လက်ဖက်ရည်ခွက်ကို ဖွန်းနဲ့ အရင်မွှေပြီး တစ်ဖွန်းခပ်သောက်သည်။

'သမီးနဲ့ လှိုင်မင်းထွဋ်က ဘာပယောဂမှ မဝင်ဘဲ သိုးသိုး သန့်သန့် ချစ်သူတွေပါ၊ သူ့ဘဝနဲ့ သမီးဘဝကလည်း သာမန်ပါ။ အခု လှိုင်မင်းထွဋ် မိဘတွေက အဘိုးအမွေ အချို့ကိုရထားလို့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံး ပိုင်ခဲ့တယ်။ အရင်က အိမ်ငှားဘဝနဲ့ သူ့အဖေကလည်း ကုမ္ပဏီမှာ မန်နေဂျာရာထူးတိုးပြီး အရင်ကထက် ဝင်ငွေကောင်း လာတယ်။ လှိုင်မင်းထွဋ်ကိုလည်း သင့်တော်တဲ့ အလုပ်ပေးဖို့ သူ့အဖေ ရဲ့ ဘောစ့်ကလျှာထားတယ်။

အခု သူတို့ မိသားစုက အရင်ကနဲ့ မတူတော့ဘဲ တဖြည်း ဖြည်း အစစအရာရာ ပြည့်စုံနေပါပြီ'

'ဪ... သိပြီ၊ ညည်းဘဝက သူနဲ့ အတော်အတန်လေး ခြားနားသွားလို့ ထင်တယ်၊ ဒါက မဖြစ်စလောက် ပရော်ပလမ် လေးပါ'

ပေါင်မုန့်က သိသယောင်ယောင် ပြောသည်။

'လှိုင်မင်းထွဋ်က ညည်းကို ထားခဲ့မှာစိုးလို့လား၊ နောက်ထပ် အသစ်တစ်ဦးကို ရှာမှာကြိုမြင်နေလို့လား'

'လှိုင်မင်းထွဋ်က သမီးမှ သမီးပဲ၊ အခြားဘယ်ကောင်မ လေးမှ စိတ်မဝင်စားဘူး'

နိုင်ချိုဦးက မှန်ကြောင် တိုးမြင့်အောင် အမေးကို ဖုသွား လေဟန်တူသည်။

'ဒါဆိုရင်... ညည်းတို့ကြားက ပြဿနာက ဘာလဲ'

'လှိုင်မင်းထွဋ်ဘဝက ပြည့်စုံမှုရှိလာတော့ သမီးဘဝကလည်း သူလိုဖြစ်လာတယ်၊ အခု သမီးအဖေက အလုပ်မှာအရာရှိ၊ အမေက စတိုးဆိုင်ဖွင့်ထားတာ အဆင်ပြေ၊ သမီးအစ်ကိုကလည်း နိုင်ငံခြားသွား တာ ခုမှလစဥ်ကို ငွေမှန်မှန်ပို့နိုင်ပြီ၊ လိုင်းကားထောင်တဲ့ ဦးလေးက လည်း သူ့ကားကိုကြည့်ဖို့ အစ်ကိုတစ်ယောက်ကို အပ်ထားတယ်၊ ဒီကြားထဲအမေက ပြီးခဲ့တဲ့လက ထီပေါက်သေးတယ်၊ အခု သမီးတို့ မိသားစုဟာ တစ်နေ့တခြားဝင်ငွေတွေ စုဆောင်းလာပြီး ပြည့်ပြည့်စုံစုံ ဖြစ်လာပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ··· အဲဒါအကောင်းတွေပဲ၊ ညည်းမှာ ဘာပူပန်စရာရှိ လဲ'

'ရှိတာပေါ့၊ အခု သမီးနဲ့လှိုင်မင်းထွဋ်တို့ ဘဝနှစ်ခုပေါင်း ပါပြီတဲ့ ကျောင်းပြီးတာနဲ့ နှစ်ဖက်မိဘတွေက ပေးစားတော့မှာ သာယ တဲ့ အိမ်ထောင်စုဘဝကို သမီးတို့ ထူထောင်ရတော့မှာ'

ခိုင်ချိုဦး ပြဿနာက ခုချိန်ထိ လိုရင်းမရောက်သေး ပေါင်မုန့်တို့လည်း နားထောင်လက်စမို့ ကြိတ်မှိတ်သည်းခံ နားထော နေရ၏။

'အဲဒီလို သမီးတို့ ချစ်သူနှစ်ဦး လိုလေသေးမရှိအော အဘက်ဘက်က အဆင်ပြေပြည့်စုံလာလေလေ စိုးရိမ်ရတဲ့ အချ တစ်ချက် ဝင်လာတယ်၊ အဲဒါက သမီးတို့နှစ်ယောက်ရဲ့ မိဘအသိုင် အဝိုင်းတွေက ဂုဏ်တွေပြိုင်၊ မာနတွေပြိုင်ရင်း သမီးတို့ အိမ်ထော ရေးကို ထိခိုက်လာမှာစိုးလို့၊ သမီးတို့ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့် ချုပ်ခြယ်ဖိနှိပ် လာမှာစိုးလို့၊ အဲဒီကျရင် သမီးတို့ ချစ်သူနှစ်ဦး နှစ်ဖ အသိုင်းအဝိုင်းကြားမှာ စိတ်ညစ်စရာတွေ၊ ဝိဝါဒကွဲပြားစရာတွေ သံသယတွေ ဖြစ်လာနိုင်တယ်'

ပေါင်မုန့် စိတ်လေသွားသည်။ ကြိုတင်ပူပန်မှုသည် ဘယ အရာမှမကောင်း။

'အဲဒါ ညည်းလျှောက်ထင်နေတာပါ'

'ထင်တာမဟုတ်ဘူး၊ တကယ်ဖြစ်လာနိုင်ဖွယ် ရှိတယ်'

'ညည်းက အများကြီး လျှောက်စဉ်းစားနေတာကိုး၊ ငါပြော သလိုလုပ်၊ အဓိကအချက်က တစ်ချက်ပဲ ရှိတယ်၊ ညည်းချစ်သူ သစ္စာမဲ့သွားမယ့်သူ မဟုတ်ဘူး၊ မိသားစုအသိုင်းအဝိုင်းက ဘယ် လောက်ပင် ပြိုင်ဆိုင်လာပါစေ ကိုယ်တွေက အနေသာကြီးပါ၊ ညည်း ကို ငါ ပုံပြင်တစ်ပုဒ် ပြောပြမယ်'



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်က သိမ်သမျှ အကိုးအကားတစ်ခုကို ချပြသည်။ တိုးမြင့်အောင်နှင့်တင်အောင်လတ်က မကြည်လင်သော မျက်နှာလေးတွေနဲ့။ နိုင်ချိုဦးက ငြိမ်ကုတ်၍ နားထောင်နေသည်။

'တစ်ခါက ရွာတစ်ရွာမှာ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတဲ့ သူကြွယ်လင်မယား ရှိတယ်၊ သူတို့မှာ သမီးတစ်ယောက် ရှိတယ်၊ သူကြွယ်ကြီးက မယားနဲ့သမီးကို အလွန်အလိုလိုက်တဲ့အတွက် သူတို့ သဘောချည်းသာ နေကြတယ်။ တစ်နေ့ကျတော့ သူကြွယ်သားတစ် ယောက်က တက္ကသိုလ်ကအပြန် သူကြွယ်ကြီးအိမ်ကို ဝင်တည်းခိုရာ သူကြွယ်သမီးကို ချစ်ကျွမ်းဝင်ပြီး ၄င်းနဲ့ ထိမ်းမြားပေးဖို့ မေတ္တာရပ်ခံ တယ်။ သူကြွယ်ကြီးက မင်းနဲ့သဘောမတူစရာ မရှိပါဘူး၊ ဒါပေမဲ့ အဘသမီးက အလွန်အလိုလိုက်ထားတော့ ဆိုးလိုက်တာ၊ အဘတောင် မနိုင်ဘူးလို့ ပြောတယ်။ သူကြွယ်သားက ဘယ်လောက်ဆိုးဆိုး ကိစ္စ မရှိပါဘူး၊ ကျွန်တော် ပေါင်းသင်းဆက်ဆံမှု တတ်ပါတယ်၊ ကျွန်တော် ကို ကြက်ဖတစ်ကောင်၊ ဆိတ်ထီးတစ်ကောင်နဲ့ ဓားမထက်ထက် တစ်ချောင်းသာ ပေးပါလို့ပြောတယ်။ သူကြွယ်ကြီးလည်း သမီးနဲ့ လက်ထပ်ပေးလိုက်ပြီး သူကြွယ်သားတောင်းထားတဲ့ ပစ္စည်းတွေကို ပေးလိုက်တယ်'

'ဒီဘက်ခေတ်ဆိုရင် ကားတစ်စီး၊ တိုက်တစ်လုံး၊ ဖုန်းတစ်လုံး တောင်းမှာပဲ'

တင်အောင်လတ်က ရယ်ကျဲကျဲနှင့် ဝင်နှောက်သည်။

'ဒါနဲ့ သူကြွယ်သားလည်း ဇနီးသည်ကို မိမိရွာရှိအိမ်ကို ခေါ်သွားတာပေါ့၊ ရောက်တဲ့ညမှာပဲ ကြက်ဖကို ညကျမတွန်နဲ့လို့ မှာထားတယ်၊ ကြက်ဖက အချိန်ကျလို့ ထတွန်တဲ့အခါ သူကြွယ်သား က ဘာမှမပြောဘဲ ဓားနဲ့ခုတ်သတ်လိုက်တယ်၊ မနက်လင်းတော့



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ထီးကိုလည်း ဆိတ်မတွေ့ရင် မအော်နဲ့လို့မှာတယ်၊ ဆိတ်ထီး လည်း ဆိတ်မတစ်ကောင်တွေ့တဲ့အခါ ပဲပဲ… ပဲပဲ လို့အော်မိတယ် သူကြွယ်သားက ဆိတ်ထီးကိုလည်း ဓားနဲ့ခုတ်သတ်ပစ်တယ်။

သူကြွယ်သားက မိန်းမကို အပြင်ခဏသွားမယ်၊ ဘယ်သူ လာလာ တံခါးဖွင့်မပေးနဲ့လို့ မှာကြားပြီး ထွက်သွားတယ်။ သူကြွယ် ကြီးက သမီးတစ်ခုခုဖြစ်ပြီအထင်နဲ့ အမြန်လိုက်လာတယ်။ အိမ်ရှေ့ ရောက်တဲ့အခါ သူကြွယ်ကြီးက သမီးရေ… အဘပါ၊ တံခါး ဖွင့်ပေးပါဦးလို့ ဆိုလေတယ်၊ သူကြွယ်သားဇနီးက အဘရေ… သမီးယောကျ်ား ပြန်မလာသေးလို့ ခဏစောင့်ပါဦးနော် ဆိုပြီး တံခါး မဖွင့်ပေးဘဲ နေတယ်၊ သူကြွယ်ကြီးက သမီးတစ်ခုခုဖြစ်နေလို့ တံခါး မဖွင့်ပေးတာထင်ပြီး ဒေါသတွေ ထွက်တာပေါ့၊ အဲဒီမှာ သူကြွယ် သား ပြန်ရောက်လာတယ်'

ပေါင်မုန့်က ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်သည်။

'သူကြွယ်သားက အဘဘာဖြစ်လို့ အိမ်ထဲမဝင်တာလဲမေး တော့ သူကြွယ်ကြီးက မင်းမယားက မင်းပြန်လာမှ တံခါးဖွင့်ပေးမယ် ဆိုလို့ အပြင်မှာနေနေရတယ်၊ မင်းရိုက်ထားလို့ ငါ့သမီး ကျိုးပဲ့နေ သလားဆိုပြီး ဒေါသနဲ့ပြောတယ်၊ သူကြွယ်သားက ကြက်နဲ့ဆိတ်ကို ခုတ်သတ်ထား၍ မိမိကို ကြောက်ရွံ့နေကြောင်း ပြောသဖြင့် သူကြွယ် ကြီးလည်း သဘောကျသွားတော့တာပဲ၊ ဒီလိုပဲပေါ့ဟာ လက်ရှိဖြစ် ပေါ်နေတဲ့ အနေအထားပေါ်မူတည်ပြီး အသုံးချတတ်ရမယ်'

ခိုင်ချိုဦးလည်း ပုံပြင်အဆုံးတွင် ရုတ်တရက် နားမလည်ဘဲ နဝေတိမ်တောင် ဖြစ်နေသည်။

'ဟုတ်ပါတယ်၊ သမီး မဟုတ်တာတွေ ကြံတွေးမိနေတာပါ'

'အေး… အေး'



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်က ဒီသာပေါမေကွလေသံဖြင့် ဆိုသည်။

'ကဲ… ကဲ… သွားတော့၊ မင်္ဂလာဆောင်ရင်လည်း ဖိတ်လိုက်ဦးနော်'

နိုင်ချိုဦးမှာ အူလည်လည်နှင့် ထွက်သွားသည်။

'မင်းကွာ… ပေါက်ကရတွေ လျှောက်ပြောနေတယ်၊ သူ့ချစ်သူက ငါတို့ကို ရန်ရှာနေရင် ဘယ်လိုလုပ်မလဲ'

'မရှာပါဘူးကွာ၊ မင်းတို့ကလည်း အဖြစ်သည်းနေလိုက်တာ'

တင်အောင်လတ်တို့က ပေါင်မုန့်ကို အပြစ်တင်နေကြသည်။ ပေါင်မုန့်က ပြုံးစိစိလုပ်နေရဲ့။ မထီမဲ့မြင်ပုံစံလေးနှင့်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

'ဆရာ့ကို ထိုင်ခွင့်ပြုပါ'

တိုက်ပုံဝတ်ထားသူ လူတစ်ဦးက ထိုင်ခွင့်တောင်းသည်။ ပေါင်မုန့်တို့လည်း ဆရာတစ်ဦး ဖြစ်နေသဖြင့် ကပျာကယာ ခုံဆွဲပေးသည်။ ဆရာဆိုသော အရှိန်ကြောင့်လည်း ဖြုံသွားသည်ဟု ထင်ရဲ့။

'ဟာ··· ဆရာထိုင်ပါ၊ ဘာသောက်မလဲ'

သုံးယောက်စလုံး ပျာပျာသလဲ လောကွတ်ပြုရသည်။ ဈေးတောက် မပေးရသေးသော လမ်းဘေးဈေးသည်တွေ စည်ပင်ဝန်ထမ်းတို့ မျက်နှာချိုသွေးရသလိုမျိုး။

'ကော်ဖီခါးခါးတစ်ခွက်ပေးပါ'

ဆရာဖြစ်သူက မည့်သည့်သတင်းကြား၍ ရောက်ရှိလာခြင်းတို့ နားမလည်နိုင်။

'ဆရာက ဘယ်မေဂျာကလဲ'

'ဆရာက သမိုင်းမေဂျာကပါ၊ ဆရာ့နာမည် ဦးဇော်သန်းအောင်ပါ၊ အခု လာရင်းကိစ္စကို ပြောရမှာလည်း ရှက်လှပါတယ်'

ပေါင်မုန့်တို့သုံးယောက် ရင်ထဲထိတ်သွားသည်။

'ဒါပေမဲ့ မပြောမပြီး မတီးမမြည်ဆိုသလိုပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဆရာက ကော်ဖီခွက်ကို ငုံ့သောက်လိုက်သည်။ တင်အောင်လတ်နှင့်တိုးမြင့်အောင်တို့က ပခုံးတွေ တွန့်ပြကြ၏။

'အချစ်ကြောင့် ထီးလှိုင်ရှင် ကျန်စစ်သားဟာ တမ္ဗဒီပဘုရင်မင်းမြတ် အနော်ရထာထံ ဥဿပဲခူးတိုင်းက ဆက်သအပ်နှင်းလိုက်တဲ့ တပင်တိုင်ရွှေမင်းသမီးလေး မဏိစန္ဒာကို မြင်မြင်ချင်းချစ်စိတ်တွေဖြစ်ပေါ်ခဲ့ပြီး ဘုရင့်ဘဏ္ဍာတော်ကို ထိမိခဲ့တယ်'

'ထိမိရုံ မဟုတ်ပါဘူး ဆရာရယ်'

တိုးမြင့်အောင်က ဝင်အရစ်ရှည်သေး။ ဆရာဦးဇော်သန်းအောင်က…

'အချစ်ကြောင့် ထရှိုင်မြို့ကြီး ပျက်ခဲ့ရတယ်၊ အချစ်ကြောင့် သီဝိဘုရင်ဟာ ဥမ္မာဒန္တီအပေါ် ရူးသွပ်မှုတွေ ဖြစ်ခဲ့ရတယ်'

သမိုင်းသင်နေခြင်းလော။ ကဗျာရွတ်နေခြင်းသလော ခွဲခြားမရ။

'လိုရင်းပြောတော့မယ်၊ မင်းတို့တတွေလည်း ယောက်ျားလေးအချင်းချင်းတွေပဲ၊ ဆရာလည်း အသက်(၃၀)ကျော်မှ အချစ်ကို စတင်တွေ့ရှိခဲ့တယ်၊ ဆရာလေ… မင်းတို့မေဂျာက ဆရာမ ဒေါ်ခင်ဆွေကြည်ကို မေတ္တာသက်ဝင်နေမိတယ်'

'ဟာ… ကျွန်တော်တို့ ဆရာမကို'

ဒေါ်ခင်ဆွေကြည်ဆိုသော အမည်နာမကြောင့် ပေါင်မုန့်တို့ နည်းနည်းဖြုံသွားသည်။ သူတို့မေဂျာက ဆရာမတစ်ဦး။ အရွယ်ကျော် တစ်ဆိတ်ဟိုင်း၍ အပျိုကြီးပိုင်းဝင်နေသူ။ အသက်(၃၀)ကျော် ဒီ[illegible] ကြောင်သော ဆရာမတစ်ဦးဖြစ်သလို တစ်သက်လုံး အပျိုကြီး[illegible] အရိုးထုတ်သွားမည့်ကိန်း ရှိသည်။ နေပုံထိုင်ပုံက နှလုံးသား[illegible]မရှိသော စက်ရုပ်လို၊ ခံစားချက်မရှိသော ရုပ်ထုလို။ လောက[illegible] သူမသိသေး



www.burmeseclassic.com

www.burmeseclassic.com



သော အကြောင်းအရာမရှိ။ နေရာတကာ စပ်စုစူးစမ်း စွာကျယ်ကျယ် နိုင်သူ။ သူမသိသောအချက်က တစ်ခုတည်းသာ ရှိ၏။ ငါ ခုထိ ယောကျ်ား ဘာကြောင့်မရသေးတာလဲဆိုသောအချက်။

'ဆရာနဲ့ ဆရာမက ရင်းနှီးလို့လား'

'မေးထူးခေါ်ပြော အဆင့်တောင် မရှိပါဘူး'

'ကျွန်တော်တို့ ဆရာမက မလွယ်ဘူးနော်၊ လူတိုင်း သူ့ကို ချဉ်တယ်၊ လက်ဖက်စားရင်တောင် ချဉ်စပ်မှုစားတာ မာရေကျော နေကလည်း နိုင်သေး၊ ယောကျ်ားတွေကို ဘယ်တော့မှ မျက်နှာသာ ပေးဘူး'

ပေါင်မုန့်က စိတ်လျှော့သလို ပြောသည်။

'ဆရာက တကယ် သဘောကျလို့လား၊ ဘဝလက်တွဲဖော် အဖြစ် သေသေချာချာ စိတ်ကူးပြီးပလား'

တင်အောင်လတ်က ဝင်မေးသည်။ ဖြစ်နိုင်လျှင် ဆရာသမား ကို သူမနဲ့ဖူးစာမဆုံပေးချင်ပေ။ ဘယ်လိုမှ မလွယ်ကူသော အချစ်ပင်။

'ဆရာရဲ့ နှလုံးသားက သူနဲ့တွေ့မှပဲ ရှင်သန်နိုးကြားသက်ဝင် လာတယ်၊ အချစ်ရေးမှာ ဆရာက ဘယ်တော့မှ ဆရာ' မဖြစ်ခဲ့ပါဘူး'

ဦးဇော်သန်းအောင်က အလွမ်းမင်းသားလေးလို ဆွေးဆွေး ညိုညို ပြောသည်။

'ဆရာရယ် နိုးထလာတဲ့ တရုတ်နဂါးကြီးလို အဲလေ အချစ် ကြီးကို ဆရာ တစ်ကနေစရမှာနော်'

'ဓီးရိုးအကောင့်ကပဲ စစ'

'ဒါပေမဲ့ ဆရာ အချိန်တစ်ခုကိုတော့ စောင့်ရမယ်၊ ခု အတွင်းတူး ခုရေကြည်သောက် အခုမိတာဆင် အခုမီးအားကောင်း ဆိုတော့ မရဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဆရာ နားလည်ပါတယ်၊ ဒါကြောင့်လည်း ဆရာ မင်းတို့ လူငယ်တွေရဲ့ တွေးခေါ်ဉာဏ်နဲ့ တီထွင်ထားတဲ့ ဗေဒင်ကို လာမေး ရတာပါ'

'အချစ်မှာ ရှုံ့တိန်မဖြစ်ဖို့ပဲ လိုတယ်'

တိုးမြင့်အောင်က တခုတ်တရ ဝင်ပြောသည်။ ဆရာအား လက်ချာပြန်ပေးနေခြင်း မဟုတ်။

'ဆရာ··· ကြီးကျယ်တဲ့လုပ်ငန်းက အဝေးမှာရှိသော မှေးမှေး မှိန်မှိန်မြင်နေရတဲ့ အရာတွေကိုကြည့်ဖို့ မဟုတ်ဘူး၊ လက်ရှိထင်ရှား နေတဲ့ကိစ္စကို လုပ်ဆောင်ဖို့ပဲ၊ ဒါကို ဆရာ သဘောပေါက်ရမယ်'

ပေါင်မုန့်က စကားကြီး စကားကျယ်တွေ ထုတ်နေ၏။

'ကဲ··· ဆရာရေ လောလောဆယ် ကျွန်တော်ရဲ့ ပေါ်တူဂီ နန်းတွင်းရိုးရာ တုတ်ခြစ်ဗေဒင်လေး တွက်လိုက်ရအောင်'

ပေါင်မုန့်က စာရွက်နဲ့ဘောပင် ထုတ်လိုက်သည်။

'ဆရာ··· ကျွန်တော် ပြောတဲ့အတိုင်း တော်ရင်တော်ပြီ ကိုးခါတိတိ ပြောရမယ်'

ဦးဇော်သန်းအောင်လည်း ခုမှ ဆရာကနေ ဗေဒင်မေးသူ ဖြစ်သွားသည်။ သူ့ခမျာ တော်ပြီပြောဖို့ကို တော်တော်လေး စဉ်းစား နေရသည်။

ပထမ -||| ||| ||| = 0

ဒုတိယ -||| ||| ||| ||| || = 2

တတိယ -||| ||| ||| ||| ||| || = 2

' 022 ဆရာ အခု လူတစ်ယောက်အတွက် စိတ်ညစ်နေ တယ်၊ သေချာတာပေါ့၊ ဆရာမ ဒေါ်ခင်ဆွေကြည်အတွက် ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဟပ်မိ··· အဲလေ··· ဟတ်ထိနေတယ်၊ ဒါကြောင့် အာရုံတွေ မလန်း ဆန်းနေတာ'

'မှန်တာပေါ့ကွာ'

ဦးဇော်သန်းအောင်လည်း ကွက်တိကျသွားသဖြင့် ဝမ်းသာနေ၏။

စတုတ္ထ -||| ||| ||| ||| |||=0

ပဥ္စမ -||| ||| ||| | =1

ဆဋ္ဌမ -||| ||| ||| ||| || =2

'ဒီတစ်ခါ ကံကောင်းစေမယ့် ဂဏန်းက 012 ပါတဲ့၊ ဆရာ ဒီလအတွင်း သတင်းကောင်း ကြားရမယ်၊ ဆရာ ကံဇာတာက မှုးစာဘက် ယိမ်းယိုင်တိမ်းစောင်းသွားနိုင်တယ်'

ပေါင်မုန့်က အားရပါးရပြောသည်။ နောက်ဆုံးသုံးဆင့်သာ ကျန်တော့၏။

'ဆရာ··· နောက်ဆုံးအဆင့်မှာ ဆရာ ဘ ဖ တွဲဆက်ဖြစ် ခဲ့လဲ၊ အဖြေကိုသိရမယ်၊ ဆရာ့စိတ်ထဲမှာ ချစ်တဲ့သူကိုသာ တမ်းတ အာရုံပြုထားပေတော့'

သတ္တမ -||| ||| ||| ||| || =2

အဋ္ဌမ -||| ||| =0

နဝမ -||| ||| || =2

ပေါင်မုန့် မျက်နှာရေထိသလို ပျော့ဖတ်တွန့်လိမ်သွားသည်။ ဘိုးမြင့်အောင်နဲ့တင်အောင်လတ်တို့မှ ပြုံးပြဲစွာဖြင့် ဟောကိန်း အဖြေကို ငိုင်းကြည့်ကြသည်။

ဆရာဦးဇော်သန်းအောင်က သမိုင်းဝင် ကျောက်စာတစ်ချပ်ကို ခမိုတ်မသုန် ဖတ်ရှုနေသလို စောင့်စားနေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်က ညင်သာသော လေသံဖြင့်…

'ဆရာ… စိတ်တော့မကောင်းဘူး'

'ဘာဖြစ်လို့လဲ၊ နှလုံးသားရေးရာက မိုင်းနပ်စ်ပြနေလို့လား'

'ကျွန်တော်တို့ ဟောကိန်းအတိုင်း ပြောရမှာအားနာတယ်'

'ပြောပါကွာ'

ဦးဇော်သန်းအောင်က သိချင်ဇောဖြင့် မေးသည်။

'နပိုလီယံက ဝါတာလူးစစ်ပွဲမှာ ရှုံးနိမ့်ခဲ့ရတယ်၊ စစ်သူကြီး မဟာဗန္ဓုလက ပန်းဝါတိုက်ပွဲမှာ ကျဆုံးခဲ့ရတယ်'

'ဒီသမိုင်းတွေ ဆရာ သိပါတယ်'

ပေါင်မုန့်က အရေးထဲ ဥပမာတွေနဲ့ ဇာချဲ့နေသေး။

'ဆရာရဲ့ နောက်ဆုံး ဟောကိန်းကို ပြောရမှာ ပြောမထွက် ဖြစ်နေတယ်'

'မင်းတို့ပြောမှ ဆရာသိမှာပေါ့'

'ဆရာ စိတ်ခိုင်ခိုင်ထားနော်'

'ပေါင်မုန့်… မင်းကလည်း ဆရာက တစ်မျိုးထင်သွား ဦးမယ်၊ ပြောမှာသာပြောကွာ'

စိတ်မရှည်တော့သော တိုးမြင့်အောင်က အလောတကြီး ဝင်ပြောသည်။

'ဟောကိန်းကို ဆရာ အတည်မယူပါနဲ့နော်'

'ပြောပါကွာ၊ ငါ မင်းတို့ကို အပြစ်မတင်ပါဘူး'

' 202 မှာရေးထားတဲ့ ဟောကိန်းက 'ပါးချခံရမယ် သတိထား' တဲ့'

'ဟေ'

ဦးဇော်သန်းအောင် တွေတွေဝေဝေနှင့် ငိုင်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ငွေ့ရှုမိသော ဂျူးတစ်ဦးလို ပေါင်မုန့်က ဟိုလှည့်ဒီလှည့်ဖြင့် အားနာနေပုံ ပြသည်။

'ဆရာ··· စိတ်ခုတ်မကျပါနဲ့၊ အနှာခံမှ အသာစံဆိုတဲ့ စကားလည်းရှိတာပဲ၊ ဒီဗေဒင်ကလည်း အပျော်သက်သက်ပါ'

'ဆရာ တစ်ခုစဉ်းစားနေတာ'

'ပြောပါ ဆရာ'

'ဆရာမ ဒေါ်ခင်ချွေကြည် သူ့အသက် နှစ်(၃၀)ဆယ် အတွင်းမှာ ပါးချမယ့်သူက ဆရာဖြစ်နေရင် ဘယ်လိုလုပ်မလဲ'

အရေးထဲ ဆရာကလည်း သမိုင်းဝင် ဂရင်းနစ်စံချိန် တင်ချင်သေး။

'ဒါဆိုရင် ဆရာ့အတွက် ကောင်းတာပေါ့၊ ကြင်နာခြင်းရဲ့ အစက ဆရာ ခံစားရတဲ့ နာကျင်မှုကို သတိရမိချိန်ပဲ'

ပေါင်မုန့်က အကောင်းဘက်မှ လှည့်၍ ဖြေသိမ့်သည်။

'သူက ဘယ်သန်လား၊ ညာသန်လား ဆရာ သိချင်တယ်'

'ဆရာရယ် ဒီအသက်အရွယ်မှာ သူ ယောက်ျားတစ်ယောက်ကို ပါးရိုက်ဖို့ တော်တော်စဉ်းစားရမှာ မဖြစ်နိုင်ပါဘူး၊ ကျွန်တော့် ဗေဒင်က လူငယ်တွေအတွက် အထူးရည်ရွယ်တာမို့ ဒီတစ်ချက်ကို မေ့မေ့ပျောက်ပျောက်ပဲ ထားလိုက်ပါ'

ပေါင်မုန့်မှာ ဆရာဖြစ်သူ အထင်ကို အတင်းဖျက်ချသည်။

'အေး··· အေး မင်းတို့ထင်သလိုပဲ ဖြစ်ပါစေ၊ ကဲ··· ဆရာ သွားဦးမယ်'

ဦးဇော်သန်းအောင်လည်း မချိတင်ကဲ နှုတ်ဆက်၍ ထွက်သွား သည်။

'ပေါင်မုန့်··· မင်းကလည်း တစ်ခုခုကို လွဲပြောလိုက်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ရမလဲကွ၊ သူ တစ်မျိုးခံစားသွားရရင် ငါတို့က လိမ်သလို ဖြစ်သွားမှာပေါ့၊ မင်းတို့ကလည်း'

'မင်း တုတ်ခြစ်ဗေဒင်ကို သိမ်းထားလိုက်ရင် ကောင်းမယ်'

တင်အောင်လတ်က စိတ်ရှုပ်လေဟန်ပြော၍ သူ့ နှုတ်ခမ်းမွေးတွေကို သပ်နေရဲ့'

'သိမ်းတော့ မသိမ်းကြပါနဲ့ဗျာ'

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အသံပြဲကြီးနဲ့အတူ ဝှန်းဒိုင်းဆို ဝင်ထိုင်သူက သက်တူရွယ်တူ ကောင်လေးတစ်ဦး။

ပုံစံက ဖိုသီဖတ်သီနှင့်။

ဝတ်ထားပုံကလည်း ရက်ပ်ပါဒီနိုင်းနှင့်။

ဦးထုပ်တစ်လုံးကို ပြောင်းပြန်ဆောင်ထားသည်။

'ကျွန်တော် ဗေဒင်မေးချင်လို့ပါ'

'မင်းက ဘာမေးမှာလဲ'

တိုးမြင့်အောင်က မျက်စိနောက်သွား၍ သံပြတ်ပြတ်မေးသည်။

'ကျွန်တော် နာမည် ခမ်းလေးပါ'

'ကမ်းလေး ဟုတ်လား'

'ခမ်းလေး… ရက်ပ်ပါ အာစရိ စိုင်းစိုင်းခမ်းလှိုင်နဲ့ရဲလေးကို အားကျပြီး ကျွန်တော် နာမည်ကို ခမ်းလေးလို့ မှည့်ထားတာ၊ ကျွန်တော် အခု ကောင်မလေးတစ်ယောက်ကို ရေရေလည်လည် ကြွေနေတယ်'

'ဟုတ်ပါပြီ ဖြည်းဖြည်းပြောပါ'

ပေါင်မုန့်က မျက်စိနောက်စ ပြုနေ၍ မေတ္တာရပ်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုပါဗျာ… ကောင်မလေးက အရမ်းလန်းတယ်၊ ချစ်စရာလည်း ကောင်းတယ်၊ အိပ်မက်ထဲထည့် မက်မိရင်တောင် ဘဝတစ်လျှောက်လုံး စွဲလမ်းသွားရမယ့် အနေအထားရှိတယ်'

'အခု မင်း ဘယ်နှစ်ခါမက်ပြီးပလဲ'

'မရေမတွက်နိုင်လောက်ပဲ'

'ဟာ… ဒါဆို ဘဝဆက်တိုင်း ဆက်တိုင်း မင်းစွဲလန်းသွားပြီပေါ့'

တိုးမြင့်အောင်က ခမ်းလေး စကားကို ထောက်၍မေးသည်။

'သိပ်သေချာတာပေါ့ဗျာ'

'ကောင်မလေးက ဒီကျောင်းကပဲလား'

'တပ်သေပြန်ပြီ'

'ဘ. သိသူ သေတာလဲ၊ မင်း ဂျီးဒေါ်လား'

'အဲဗျာ… ခင်ဗျားတို့ကလည်း ပိန်းပါ့၊ ထပ်သေချာတာကို အတိုကောက်ပြောတာ ကောင်မလေးက ZOO မေဂျာက'

'နာမည်လေးက ဘယ်လိုခေါ်တုန်း'

ပေါင်မုန့်က တောသားကြီး လေသံမျိုးဖြင့် မေးသည်။

'ခက်ခက်သစ် တဲ့၊ သန့်ရှာပုစ္ဆာလို ကောင်မလေး'

'မင်းနဲ့ ဘယ်တုန်းက စတွေ့တာလဲ'

'ချစ်မိတာ လေးလ… လိုက်ခဲ့တာ၊ အေးက… ရင်ထဲမှာ ပိုးကျ'

'ပိုးသတ်ဆေးလေး ဘာလေး ဝယ်သုံးပါလား'

တင်အောင်လတ်က အရွဲ့တိုက်၍ မေးသည်။

'ခက်ခက်သစ်ကရော မင်းကို စိတ်ဝင်စားလား'

'ဟင့်အင်း… ကျွန်တော်ကသာ စိတ်ဝင်စားနေတာ၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝနဲ့ ကျွန်တော့်ဘဝက ကျောက်ခဲနဲ့ တိမ်တိုက်၊ အမှိုက်နဲ့ ပလက်တီနမ်၊ မန္တလေးရမ်နဲ့ ပြင်သစ်ဝိုင်၊ ဂနိုင်နဲ့ ဒူဘိုင်း၊ လူရိုင်းနဲ့ သမ္မတလို ကွာခြားလွန်းလှပါတယ်'

'မင်းက သူ့ကို ချစ်ကြောင်း ကြိုက်ကြောင်း တစ်ခါမှ မပြောခဲ့ဘူးလား'

'ပြောတာမှ ဟိုဘက်ကမ်းတောင် လွန်သေး'

'မင်းကွာ ဒလဘက်ထိ လိုက်ပြောရလား၊ ကောင်မလေးက ဒလမှာနေတာလား၊ ဝေးသားပဲ'

'ဟုတ်တယ် ညနေဆို ကြည့်မြင့်တိုင် ဆိပ်ကမ်းကနေ… အာ… ဟုတ်ပါဘူး၊ ခင်ဗျားတို့ နောက်တာနဲ့ ရောကုန်ပြီ၊ ကောင်မလေးက ဝင်ဒါမီယာ ကွန်ဒိုမှာ နေတာဗျ၊ သူ့အဖေက သူဌေးကြီး'

'ရက်ပါလေး… လိုရင်းပြောကွာ'

ချောတောင်ငေါ့နေသဖြင့် ပိုင်းဝန်းဖေးမ လမ်းကြောင်းပြန်ချပေးရသည်။

'ခက်ခက်သစ်က ကျားတိုင်းခရေဇီဖြစ်တဲ့ ခေတ်ပေါ်ကောင်မလေးပါ၊ သူ့ကြောင့် အသည်းဆန်ကာပေါက်ခဲ့တဲ့ ကောင်တွေလည်း ဒုနဲ့ဒေးပါပဲ'

'သူက အရက်ပုန်းတွေ ရောင်းတာပေါ့'

'အဖြူစစ်စစ်တွေ… အာ… ဟုတ်ပါဘူး၊ ခက်ခက်သစ်ကြောင့် အသည်းကွဲနေတဲ့ကောင်တွေ အများကြီးလို့ပြောတာ'

'အဲဒီလောက်တောင်လား'

ပေါင်မုန့်က အံ့အားသင့်စွာမေးသည်။

'ကဲ… ခမ်းလေး မင်းရဲ့ နှလုံးသားရေးရာ အခန်းကဏ္ဍကို စီမံကိန်းရေးဆွဲဖို့ ငါရဲ့ ရှီးရာဇဗဒင်လေးနဲ့ ကံစမ်းကြည့်ရအောင်'



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်က စာရွက်နဲ့ဘောပင်ကို လက်မရွံ့ဌသနတ်သမား သေနတ်ထုတ်သလို ထုတ်လိုက်သည်။

'ဟောဒီလို တုတ်ချောင်းလေးတွေကို ငါ ကိုးခါတိတိ တောက်လျှောက်ခြစ်မယ်၊ မင်းက တော်ရင်တော်ပြီ ကိုးခါတိတိ ပြောရမယ်၊ မှတ်မိသလား'

'သိပ်ရတာပေါ့၊ ဘာခက်တာ မှတ်လို့လဲ'

ခမ်းလေးက အသင့်အနေအထား ပြင်လိုက်သည်။

ပေါင်မုန့်က ဘောပင်ကို ခပ်တည်တည်နှင့် မှင်ခါထုတ်ရင်း...

'ကဲ... စပြီနော်'

ခမ်းလေးလည်း တော်သည်ပြောရာတွင် တိုလိုက်ရှည်လိုက်နဲ့ ကိုးခါမြောက် သွားသည်။

ပေါင်မုန့်က တရုတ်ဗေဒင်ဆရာလို မှိန်စင်းစင်းဖြင့် ပြောသည်။

ပထမ - III III III = 0

ဒုတိယ - III III III III IIIII III III III II = 2

တတိယ - III III III II = 2

'မင်း... အခု လူတစ်ယောက်အတွက် စိတ်ညစ်နေတယ်'

ခမ်းလေးက ဇွေဇွေငုငုတွေးနေသေး။ မှန်၏ မမှန်၏ မပြော။

'မင်း ဗေဒင်က ခုန သူ ခက်ခက်သစ်အကြောင်း ပြောတာနဲ့တင် မှန်နေပြီ'

တိုးမြင့်အောင်က ကပ်ပြောသည်။

'တကယ်ဆို ငါက အရင်မမေးသင့်ဘူးနော်'

'သိပ်သေချာတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ခမ်းလေးက မယုံတစ်ဝက် ယုံတစ်ပိုင်းဖြင့် ဆက်ဟောရန် အားဆက်ပြသည်။

စတုတ္ထ -||| ||| ||| =0

ပဥ္စမ -||| ||| ||| | =1

ဆဋ္ဌမ -||| ||| ||| =0

'ဟာ… မဆိုးဘူး၊ ကောင်းတယ် မင်းအကြောင်း လူတစ်ယောက် စဉ်းစားနေတယ်'

'ကြွေးရှင်ထင်တယ်'

ခမ်းလေးက ခေါင်းကုတ်၍ မှတ်ချက်ချသည်။

'ဒါ အချစ်ဗေဒင်ကွ၊ စီးပွားရေး လူမှုရေး ကျန်းမာရေးတွေ ခေါ်ဘူး'

တင်အောင်လတ်က စိတ်မရှည်စွာဖြင့် ဝင်ပြောသည်။

'ဆက်ဟောပါဗျာ၊ အာရုံတွေက ဝေ့နေတယ်'

သတ္တမ -||| ||| ||| ||| || =2

အဋ္ဌမ -||| ||| =0

နဝမ -||| ||| || =2

'ဟာ… ခမ်းလေး၊ မင်း နမိတ်မကောင်းဘူး၊ ငါတို့ စိတ်လည်းမကောင်းဘူး၊ မင်း ကံကောင်းဖို့ ကြိုးစားပါ၊ ငါတို့လည်း ဒီလောက်ပဲ ကောင်းနိုင်မယ်'

'ဟောကိန်းက ဘာကျ… ကျနေလို့လဲ'

ခမ်းလေးက အငမ်းမရ မေးသည်။

'မင်း တစ်လအတွင်း…'

'ဘာ… ဘာဖြစ်မလဲ၊ စိုးရိမ်လိုက်တာဗျာ'

'အသက်အန္တရာယ်ကို ထိခိုက်နိုင်သလား'



www.burmeseclassic.com

www.burmeseclassic.com



တိုးမြင့်အောင်က အချိန်နဲ့မသည်။

'ဇနက္ကသဘော်ပျက်ကိန်းလား၊ မေခလာ ကမ္ဘာဖလားဘောပွဲ သွားကြည့်နေတယ် မီမှာမဟုတ်ဘူး'

တင်အောင်လတ်က စိုးရိမ်သလိုလို မေးသည်။ ခမ်းလေး စိတ်ဓာတ်တွေ အထွေးလိုက်ပြုတ်ကျသွား၏။

'တစ်ခုမှ မဟုတ်ပါဘူးကွာ၊ မင်းတို့ကလည်း'

ပေါင်မုန့်က ဝင်ညှော်ဆင့်သော နှစ်ကောင်အား အပြစ်တင် သည်။

'ခမ်းလေး... မင်း စိတ်ကို လှုပ်လှုပ်ထား'

'နိုင်နိုင်ထား မဟုတ်ဘူးလား'

'နိုင်နိုင်ထား မရှိတော့ဘူး ရှာပြန်သွားပြီ'

'ကားဂိတ်မှာ မီသေး... အာ... ရောကုန်ပြီဗျာ၊ စိတ်ကို နိုင်နိုင်ထားရမှာလား'

'မင်းက လှုပ်နေတော့ လှုပ်လှုပ်ထားလို့ ပြောတာကွာ'

ပေါင်မုန့်က အရေးထဲ အတည်ပေါက်နဲ့ ပြောင်ချော်ချော် ပြောနေရဲ့။

'ပြောစမ်းပါဗျာ၊ အရေးကြီးတဲ့အချိန် ရောက်နေပြီ'

'အိမ်သာ တက်ချင်လို့လား'

'မနက်က မုန့်ဟင်းခါးတွေစား... အာ... ရှုပ်ကုန်ပါပြီ၊ မဟုတ်ပါဘူး၊ နောက်ဆုံး ဟောကိန်းကို ပြောပါ'

ခမ်းလေး စိတ်လှုပ်ရှားနေသလို ပေါင်မုန့်ကလည်း ပြောရမှာ အားနာနေသည်။

'မင်း... ဒီလအတွင်း ပက်ပက်စက်စက် အသည်းကွဲမယ်'

'ဗျာ... အာ'



www.burmeseclassic.com

www.burmeseclassic.com



ခမ်းလေး ခေါင်းတင်မက သူဆောင်းထားသော ဦးထုပ်ပါ ငိုက်စိုက်ကျသွားသည်။

'ရက်စက်လိုက်တာဗျာ၊ လောကကြီး ရက်စက်တယ်ဗျာ၊ ခက်ခက်သစ်ရယ်၊ ချမ်းလို့တုန် မိုးသည်းတဲ့ ညတွေမှာ သွားတုန်းမှာ ပျော်ခဲ့ ရုန်းထွက်ဖို့ တကယ်ခက်ခဲ လွဲမှားတဲ့ ဘဝကြီးလို သိခဲ့ရ နောက်မှာတော့ အမှားများပြန်ပြင်တုန်းမှာ အားလုံးနဲ့ ငါက ဝေးပြီ'

ခမ်းလေးက သီချင်းတစ်ပုဒ်ကို ကောက်ကာငင်ကာ ထဆို သည်။

ပေါင်မုန့်က သနားချင်ပေမဲ့ ကိုးရိုးကားယား အသွင်အပြင် ကြောင့် စိတ်ပိုရှုပ်သွားရဲ့။

နောက်ထပ် သီချင်းတွေ ထမဆိုဘူး မပြောနိုင်။ အချိန်မီ ရိုက်အုပ်ထားမှ တော်ကာကျမည်။

'အဲဒီလောက်လည်း စိတ်မကောင်း မဖြစ်ပါနဲ့ဗျာ၊ တစ်ပင် မှု တစ်ပင်ထူဆိုတဲ့ စကားလည်း ရှိပါတယ်'

'ဟော့ကောင်… စကားမှားနေပြီကွ၊ စကားပုံတွေလည်း လျော်အောင် မသုံးတတ်ဘဲနဲ့၊ ကြန်းသေတော့ ငစွေလာလိမ့် မယ်'

'မင်းပြောမှ ပိုဆိုးနေပြီ၊ ဒီလို ပြောရမှာကွ၊ ယောက်ျား ခွန်လူရည်ချွန် ကောင်းကင်တမွတ် ဒုံးပျံလွှတ်လည်း မချွတ်စတမ်း ကိုက်လို့ ဖမ်းနိုင်ရမယ်'

'ခင်ဗျားတို့ ဘာမှမပြောကြနဲ့တော့ဗျာ၊ ကျုပ် ဒီဗေဒင်ကို မယုံဘူး၊ ကျုပ် ခက်ခက်သစ်ကို ရအောင်လုပ်မယ်'

ခမ်းလေးက ဟစ်ကြွေးသည်။

ပေါင်မုန့်စိတ်ထဲတွင် ခက်ခက်သစ်ဆိုသော ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



သည် တော်တော်ဖမ်းစားတတ်သည့် နိယာမတရား ရှိလိမ့်မည်။

'ငါတို့ကလည်း ကိန်းထဲပေါ်တဲ့အတိုင်း မှသားမသုံးဘဲ ပြောရတာပါကွာ၊ မင်းမယုံရင်လည်း မတတ်နိုင်ဘူး'

'အလကား တုတ်ချောင်းဗေဒင်၊ စာကလေးဗေဒင် သွားမေးတာမှ ကောင်းဦးမယ်'

ခမ်းလေးက ပေါင်မုန့်ပညာကိုပါ မထိကပါးလုပ်လာပြီ။

'ခင်ဗျား… ခက်ခက်သစ်နဲ့ အဆင်ပြေပါစေ'

'တွေ့စေရမယ်၊ မြင်စေရမယ်၊ ခက်ခက်သစ်ကို ကျုပ်ရအောင်ယူနိုင်ခဲ့ရင် ခင်ဗျားတို့သုံးယောက်ကို ဖူးကက်ကမ်းခြေကို အလကားပို့ပေးမယ်'

'ဂျိုးဖြူရေလျှောင်တမံရောက်ခဲ့ရင် တော်ပါပြီ'

ခမ်းလေးက ရှုးရှုးရှဲရှဲနှင့် ထွက်သွားသည်။

အချစ်အတွက် လူတွေသည် မျက်မမြင်ပုဏ္ဏားခြောက်ယောက်ဆင်ကိုစမ်းသလိုပါပဲ။

'ဟော့ကောင်… ဒီရက်ပါလေးကတော့ ဒေါဖောင်းသွားပြီ'

'မတတ်နိုင်ဘူးကွာ၊ ငါလည်းတွက်ကိန်းအရ တလွဲတွက်မေးတာမှ မဟုတ်ဘဲ'

'သူ တော်တော်ကြွေနေပုံရတယ်'

'ဟုတ်တယ်၊ ကြာရင်ရက်ပ်ပါသစ်ကိုင်းခြောက် ဖြစ်တော့မယ်'

တိုးမြင့်အောင်က တွေးတွေးဆဆ ပြောသည်။

'အဲဒီ ခက်ခက်သစ်ဆိုတဲ့ ကောင်မလေးက အဲဒီလောက်ထူးခြားရသလား'



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်က စိတ်ဝင်စားမိသလို ပြောသည်။

'ထူးခြားမှုအပေါင်း သရဖူဆောင်းထားတဲ့ ကောင်မလေး တစ်ယောက်ပဲ'

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အသံလာရာဘက်သို့ သုံးယောက်သား မျက်မှောင်ကြုတ်ကြည့်ကြသည်။ အင်္ကျီအဖြူရောင်လည်ကတုံးနှင့် ရည်ရည်မွန်မွန်လူတစ်ယောက် (သို့) လူငယ်တစ်ဦး ပေါင်မုန့်တို့ကို ကိုးစားသောချက်လုံးများဖြင့် စိုက်ကြည့်နေသည်။

'ထိုင်လို့ရတယ် မဟုတ်လား'

'ဟုတ်ကဲ့… ထိုင်ပါခင်ဗျာ'

အသံက ပျော့တိပျော့နွဲ့။ လည်ကတုံးနှင့်လူက တင်ပါးလွှဲဝင်ထိုင်သည်။ တိုးမြင့်အောင်က တင်အောင်လတ်ကို လက်ကုတ်သည်။ အဲဒီကောင်လေးထံမှ ရေမွှေးနံ့ ထူးကဲစွာ သင်းပျံ့နေရဲ့။

'ခုန နောင်ကြီးပြောတာက ခက်ခက်သစ်ကိုလား'

တင်အောင်လတ်က နှုတ်ခမ်းမွေးကို မျှင်းဆွဲ၍ ညင်းသဲ့သဲ့ပြောသည်။

'ဟုတ်ပါတယ်၊ ခက်ခက်သစ်ကို စိတ်ဝင်စားတဲ့ သူတွေထဲမှာ ကျွန်တော်လည်း ပါပါတယ်၊ ဒါကြောင့် အဖြေတစ်ခုသိရအောင် ခင်ဗျားတို့ဆီ လာခဲ့တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဒီနေ့ လာတဲ့သူတွေက ခက်ခက်သစ်ဆိုတဲ့ ခေါင်းစဉ်အောက်ကပါလား'

တိုးမြင့်အောင်က မှတ်မှတ်ရရ ပြောသည်။ ပေါင်မုန့်လည်း တစ်ကြိမ်တစ်ခါမှ မတွေ့ဘူးသေးသော ခက်ခက်သစ်ကို ပင်လယ်ကြမ်းပြင်အောက်မြုပ်နေသော ရတနာသေတ္တာလို စိတ်ဝင်စားလာသည်။

'ခက်ခက်သစ်ကို ဘယ်အချိန်မှာ စတွေ့ပြီး ကြိုက်သွားတာလဲ'

'တိတ်တခိုး ချစ်မိနေတာတော့ ကြာပါပြီ၊ မချဉ်းကပ်ဝံ့တာလည်း ကြာပါပြီ'

'ခင်ဗျားက ဒီလောက်ကြာနေမှတော့ ခက်ခက်သစ် နားရောရောက်နိုင်ပါ့မလား'

'အဲဒီလိုဖြစ်တာကို ခံစားနေတာလည်း ကြာပြီ'

'ဒါကြောင့် မထင်မရှား တုတ်ခြစ်ဇေဒင်လေးကို တွက်ချင်နေတာပေါ့'

ပေါင်မုန့်က အရာရာကိုသိနေသော လေသံစွက်၍ ပြောသည်။

'ကျွန်တော် ခက်ခက်သစ်အပေါ် ချစ်တဲ့စိတ်တွေက သိသာထင်ရှားစွာ အရာထင်မလားသိချင်တဲ့ သဘောပါပဲ'

'တရားသေတော့ ယူဆလို့ မရဘူးနော်၊ ဒီဇေဒင်လေးက ပေါ်တူဂီကာလသားတွေ ပျော်စေပြက်စေ ကစားခဲ့တွက်ခဲ့ကြတာ'

'အဓိပ္ပာယ်တစ်ခုရဲ့ သက်ရောက်မှုတစ်ခုတော့ ရမှာပေါ့'

ကောင်လေးက ယောင်နနလေး ပြောသည်။ သူ့ဖို သတိထားကြည့်မိတာ ဂျိတ်စယ်ပေါက်နေသလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာလည်း မိတ်ကပ်တွေနှင့်။

'ခက်ခက်သစ် တော်တော်စိုးမိုးနေပါလား'

တင်အောင်လတ်က တွေတွေဝေဝေ မှတ်ချက်ချသည်။

'ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ'

'တင်လှကြည်မောင်ပါ၊ Third Year စိတ်ပညာကပါ'

'ရပါပြီ၊ တုတ်ခြစ်ဇေဒင်လေးမစခင် ကိုယ်ချစ်တဲ့သူကို အာရုံပြုထား၊ လိုချင်တဲ့ဆုတွေတောင်း၊ ခေတ္တခဏငြိမ် ဟုတ်ပလား'

'စိတ်ချပါဗျာ'

ပေါင်မုန့်က တုတ်ခြစ်ဇေဒင်ရဲ့ သဘောတရားတွေကို အရင် သူတွေအတိုင်း ရှင်းပြလေသည်။ လွယ်ကူသော ဇေဒင်လေးမို့ မေးသူ ဘနုတ်ဖြင့် ဖြေသည်သာ စိုက်ရမည်။ ဘာယတြာ၊ ဘာအစီအရင်မှ မလိုပေ။

'ကဲ··· ကျွန်တော် စခြစ်ပြီနော်'

တင်လှကြည်မောင်လည်း တော်သင့်မတော်သင့် အသင့်ပြင် ထားသည်။

ပထမ - ||| ||| ||| || = 2

ဒုတိယ - ||| ||| ||| ||| | = 1

တတိယ - ||| ||| || = 2

'မင်းချစ်နေတဲ့သူက မင်းအကြောင်း စဉ်းစားမလား ဆိုပြီး စိတ်ပူနေတယ်၊ ခင်ဗျား ခက်ခက်သစ်နဲ့ ဆုံဖူးသလား'

'မှတ်မှတ်ရရ တစ်ခါဆုံဖူးပါတယ်၊ သူ ရေခဲမုန့်စားနေရင်း သွမ်းအထွက် ကျွန်တော်နဲ့ တိုက်မိပြီး သူ့လက်ထဲက ရေခဲမုန့် ကျွန်တော်ရဲ့ ဟာဝေယံရှပ်အင်္ကျီအပေါ် ပေကျံဖူးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် သူ ကျိန်းသေပေါက် ခင်ဗျားအကြောင်း စဉ်းစားလိမ့်မယ်'

ပေါင်မုန့်က ဗေဒင်ဆရာ ဟောသကဲ့သို့ ကြုံတွက်၍ ဟောသည်။ တင်လှကြည်မောင်မှာ ပထမမေးခွန်း မှန်သွားသဖြင့် သဘောကျသွားပုံပဲ။

စတုတ္ထ -||| ||| ||| || =2

ပဥ္စမ -||| ||| ||| ||| ||| || =2

ဆဋ္ဌမ -||| ||| ||' =0

'220 ကွက်တိပဲ၊ ခင်ဗျားအကြောင်း လူတစ်ယောက် စဉ်းစားနေတယ်၊ ခက်ခက်သစ်က ခင်ဗျားကို ပြန်တွေ့ရင် အားနာပါးနာ ပုံစံနဲ့ အဆင်ပြေပြေ ဆက်ဆံလိမ့်မယ်၊ ခင်ဗျား ပြန်တွေ့အောင် ကြိုးစားပါ'

တင်လှကြည်မောင် တစ်ခုခုကို ကျေနပ်သွားသည်။ မျှော်လင့်ချက်လေး ရောင်နီသန်းစ ပြုလာပြီလေ။

သတ္တမ -||| ||| ||| =0

အဋ္ဌမ -||| ||| ||| | =1

နဝမ -||| ||| ||| || =2

'ဟာ… ခင်ဗျား ဓာတာတော်တော် ကောင်းတာပဲ၊ ခင်ဗျား ဒီလအတွင်း သတင်းကောင်းကြားရမယ်၊ သေချာပြီ ခင်ဗျား ခက်ခက်သစ်နဲ့ ပြန်တွေ့ရင် အချိန်ဆွဲမနေနဲ့တော့ ပွဲသိမ်းလှုပ်ရှားတော့'

'ဖြစ်ပါ့မလား'

'မဖြစ်နိုင်ဘူးဆိုတဲ့ ဆင်ခြေစကားကို မှတ်စွဲမထားပါနဲ့ဗျာ၊ ငှတ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုတဲ့ စကားလည်း ရှိတာပဲ၊ ခင်ဗျား ခက်ခက်သစ်ဆီက သတင်းကောင်း တစ်ခုတော့ရမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်ကို ကျေနပ်သွားပြီဗျာ၊ ခက်ခက်သစ်ကို ကျွန်တော် ရအောင်ကြိုးစားမယ်၊ ပြိုင်ဘက်တွေ ရှိနေလည်း ယှဉ်ပြိုင်ရင်ဆိုင် သစ်မယ်'

တင်လှကြည်မောင်က ဝံ့ဝံ့စားစား ကြွေးကြော်သည်။

'ခင်ဗျားတို့ ကျေးဇူးကို လုံးဝမမေ့ပါဘူးဗျာ'

'အေးဗျာ… ဝမ်းသာပါတယ်၊ ဒီဗေဒင်လေး မှန်တယ်ဆိုတာ အခြားသူတွေကို လက်တို့ပေးပါဦး'

ပေါင်မှန့်က ကြော်ငြာဝင်ထိုးသည်။ တင်လှကြည်မောင်က သူတို့ဝိုင်းအတွက် ကျသင့်ငွေရှင်းသွားပြီး ပျော်ရွှင်မြူးထူးစွာ ထွက် သွားသည်။

'ဟူး… ဒီတစ်ခါမှ တုတ်ခြစ်တာ မမှန်ရင်တော့ ငါတော့ အရှက်ကွဲပြီ'

'မင်း တုတ်ခြစ်ဗေဒင်ကလည်း မျက်နှာလိုက်တယ်နော်'

တိုးမြင့်အောင်က အမြင်ကတ်ကတ်နှင့် ဝေဖန်သည်။

'ဟော့ကောင်… ငါတို့လည်း ဒီဆိုင်မှာ တော်တော်ကြာနေပြီ၊ နေရာရွှေ့ရအောင်'

'ခက်ခက်သစ်နဲ့ ပတ်သက်ပြီး လာမေးမယ့် တစ်ယောက် ယောက်တော့ စောင့်ကြည့်ချင်သေးတယ်'

'မရှိလောက်တော့ပါဘူးကွာ၊ ခက်ခက်သစ် တစ်ယောက် တည်း ကျောင်းထဲမှာ ချောတာမဟုတ်ပါဘူး၊ အခြားသူတွေလည်း ရှိသေးတာပဲ'

'ဒီစကားကို လက်မခံဘူး'

ကောင်လေးတစ်ယောက် ဝင်လာ၍ ဖြတ်ပြောသည်။

'ခင်ဗျားကလည်း ခက်ခက်သစ်ကို ကြိုက်နေတဲ့သူပဲလား'



www.burmeseclassic.com

www.burmeseclassic.com



တင်အောင်လတ်က အံ့သြစွာမေးလိုက်၏။

'ဟား… ဟား… ဟား'

ကောင်လေးက အသားလွတ် ထရယ်သည်။

'ကျွန်တော့်ကို အခြားကောင်တွေလိုများ ထင်နေသလား၊ ဒီကောင်တွေက ခုမှ ခက်ခက်သစ် ဘောကပ်ရှုဖို့ အနံ့သင်တန်း တက်နေတုန်း'

'ဒါဆို ခင်ဗျားက ရှုပြီးသွားပြီပေါ့'

'နှစ်ခါတောင်… အာ… မဟုတ်ပါဘူး၊ ကျွန်တော်က ခက်ခက်သစ်ဆီက အဖြေကို တောင်းခံထားတဲ့ အဆင့်ဖြစ်နေပြီ'

'ခက်ခက်သစ်က ဘာပြောလဲ'

ပေါင်မုန့်တို့ သုံးယောက်စလုံး ငြိုင်တူထွက်သွားသည်။ မနာလိုမှုလေး တစ်စွန်းတစ်စလည်း ကပ်ငြိပါရင်းနဲ့ပေါ့။

'ခက်ခက်သစ်နဲ့ ကျွန်တော်နဲ့က တစ်ရပ်ကွက်ချင်း၊ တစ်လမ်းတည်းချင်း၊ တစ်ကျောင်းတည်း တစ်နှစ်တည်း မေဂျာအတူတူ အတန်းအတူတူ အမြဲရှိနေတာ အိမ်အဝင်အထွက်လည်း ရှိတယ်'

'သြော်… သိပြီ၊ မင်းက နေ့စားအလုပ်သမားလည်း လုပ်တာပေါ့'

'ကျောင်းအားတဲ့အခါ… အာ… မဟုတ်ဘူး၊ ခက်ခက်သစ် အဖေနဲ့ ကျွန်တော့် မိဘတွေက စီးပွားရေး လုပ်ဖော်ကိုင်ဖက်တွေဗျ'

'ဟာ… မင်းက သူများတွေထက် တစ်ပန်းသာတာပေါ့'

ပေါင်မုန့်က ဝမ်းသာအားရ ပြောပေမယ့် စိတ်ထဲမှာ ကောင်လေးကို ကြည့်မရပေ။

'အခြားကောင်တွေများ ခုမှ စိတ်ကူးယဉ်ကောင်းတုန်း'

တိုးမြင့်အောင်က ရှုံ့ရှုံ့မဲ့မဲ့ ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းနာမည် ဘယ်လိုခေါ်သလဲ'

'ဝေဖြိုးဇော်ပါ'

'ခက်ခက်သစ်က မင်းကို ဘယ်တော့ အဖြေပေးမလဲ'

'ခုဖြစ်ရင်လည်း ဖြစ်သွားနိုင်တယ်၊ အချိန်အတိအကျကို သေသေချာချာ မပြောသေးဘူး၊ ဒါပေမယ့် လိုလိုလားလား လက်ခံမယ့် သဘောရှိတယ်'

ဝေဖြိုးဇော်က သူ့ဘက်က တိတိကျကျကို အာမခံနေသည်။

'ဘာပဲပြောပြော မင်းဖေဒင်တွက်ဖို့ လာတာပေါ့'

'ဟုတ်တယ်... ခင်ဗျားတို့ ဖေဒင်က စွမ်းတယ်ကြားလို့'

ဘယ်သူ ပင့်ပေးလိုက်သလဲ မသိ။ ပေါင်မုန့်က ရင်ကော့ ၍...

'တွက်ပေးရတာပေါ့ကွာ၊ တစ်ခုတော့ မှာထားရမယ်၊ ဖေဒင်က မင်းအတွက် မှန်နေရင် မချီးကျူးနဲ့၊ မှားသွားလို့ လွဲသွားရင်လည်း အပြစ်မတင်နဲ့၊ ကံကြမ္မာအတိုင်း ဖြစ်သွားတာကို လက်ခံရမယ်'

ပေါင်မုန့်က ကြိုကာထားသည်။ သူ၏ အပျော်သက်သက် ဘုတ်ခြစ်ဖေဒင်လေးသည် တမဟုတ်ချင်း လေးနက်လာသည်ကို အကဲခတ်မိသည်။ အဓိကတရားခံက ခက်ခက်သစ်ဆိုသော ကောင်မလေးကြောင့်။

ဝေဖြိုးဇော်က ခက်ခက်သစ်ဆီမှ အဖြေကို သေချာပေါက် ရလိမ့်မည်ဟု တွက်ထားသူပင်။ ကိုယ့်ကိုယ်ကို မိမိရရ အထင်ကြီးစိတ်တွေကြောင့် ဘဝင်လည်း လေဟပ်နေသည်။ ဝေဖြိုးဇော် အပျော်သွန်စိတ်တွေလည်း ဖိစီးနေသည်။

'ကဲ... စခြစ်ပြီနော်'



www.burmeseclassic.com

www.burmeseclassic.com



ပထမ -IIII IIII IIII IIII II =0

ဒုတိယ -IIII IIII IIII II =2

ပေါင်မုန့်လည်း တတိယတစ်ခါ တုတ်ချောင်းလေးတွေ တန်းစီရေးဖို့ပြင်စဉ်…

'ဝေဖြိုးဇော်'

စည်တီးသံကဲ့သို့ ခပ်ပြင်းပြင်း အော်သံတစ်ခုကို ကြားလိုက်ရသည်။ လက်ဖက်ရည်ဆိုင် အပြင်ဘက်တွင် လက်ပိုက်၍ ရပ်နေသော ကောင်မလေးတစ်ယောက်က လှမ်းခေါ်ခြင်း ဖြစ်သည်။ ကောင်မလေးသည် ဆံပင်တိုတိုနှင့်။ မျက်မှန်နက်တစ်ခု တပ်ထားသည်။ သူမတစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ တင်အောင်လတ်က သူမကို ကြောက်ရွံ့စွာ လှမ်းကြည့်ရင်း…

'အဲ… ဒါ… ခက်ခက်သစ်လား'

'မဟုတ်ဘူး… သူ့ညီမ၊ ကျွန်တော် သွားဦးမယ်'

ဝေဖြိုးဇော် အလောတကြီး ပြေးထွက်သွားသည်။ ခလုတ်တိုက်လဲမလို ဖြစ်သွားသည်။ ပေါင်မုန့်တို့ သေသေချာချာ နားမလည်သေး။

ဝေဖြိုးဇော်က အနက်ရောင်ကောင်မလေးကို ခေါင်းတညိတ်ညိတ်နဲ့ ကြောက်နေသည့် သဘောရှိသည်။

အဲဒီ ကောင်မလေး ခေါ်ဆောင်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေ၏။

'ဘာလဲကွာ… မေးရင်းတန်းလန်းကြီး'

'မင်း… တတိယအဆင့် တုတ်ချောင်းလေးတွေကို ခြစ်ကြည့်ပါလား'

'အေး… ဟုတ်သားပဲ'



www.burmeseclassic.com

www.burmeseclassic.com



တတိယ - ||| ||| ||| ||| ||| ||| ||| ||| ||| ||| =0

'တော်တော်တောင် ရှည်သွားတယ်၊ ဟာ… 020… အဖြေ ဘ အခြေအနေ မကောင်းဘူး ဟော့ကောင်တွေရေ'

'ဘာလဲ… ဘာလဲ'

တိုးမြင့်အောင်နှင့်တင်အောင်လတ်က အသည်းအသန် မေး သည်။

'အဖြေက အိမ်ရောက်ရင် အရိုက်ခံရမယ်တဲ့'

'ဟေ'

ခက်ခက်သစ်ဆိုသည့် ကောင်မလေးကို ပေါင်မုန့် အလွန် အကျွံ စိတ်ဝင်စားသွားသည်။ သရဲခြောက်သည့် အိမ်ကို သိပ်သွားချင် သော ကလေးတစ်ယောက်လို ဖြစ်သွားခဲ့ပြီ။

အချစ်ဟာ ဆိုက်ကလုံး
အချစ်ဟာ တော်ဝင်ပန်း
အချစ်ဟာ ပါကစ္စတန်ရေဘေး
အချစ်ဟာ အောက်ဆီဂျင်
အချစ်ကို အဆုတ်ထဲရောက်အောင် ရှူသွင်းဖို့
မထင်မှတ်ဘဲ လူဟာ အရွယ်ရောက်လာရတယ်။
အရင်က အချစ်ဟာ စူးထောက်ပြီး လှည့်ရတဲ့ဓာတ်ပြား
အခု အချစ်က ပလပ်ထိုး လက်နဲ့နှိပ်ချရမဲ့ တိတ်သား
အချစ်က မြင်မြင်ကရာ ယောက္ခမထန်းတောမှတ်
အချစ်က တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း
အချစ်က အိုဘယ်မမုန်းပါတော့နိုင်၊ ကပ်ဆုံးဆုံးတိုင်တိုင်
အချစ်က မဖြတ်သန်းရဖူး

·ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အချစ်က စေတန်ရဲ့ နက်ဝေါ့ဂိမ်း
အချစ်က စနေဂြိုဟ်ရဲ့ ဗဟိုချက်မ
အချစ်က ကမ္ဘာမြေကို ခြုံပြီး လျှောင်လို ကြက်သီးထ
အချစ်က သမုဒ္ဒရာမှာ ခြေဆေးပြီး
ဥယျာဉ်တော်မှာ တစ်ကျီဆောက်မယ်။
( သူငယ်ချင်းတို့ )
ပွဲတော်တစ်ခုမှာ အချစ်တွေ့ရှိရင်
မီးတစ်တို့လောက် တောင်းပေးစမ်းပါ။

( ဗီလျံပေါင်မှန့် )

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

ပေါင်မုန့် တစ်ယောက်တည်း ပျင်းပျင်းရိရိရှိတာနဲ့ ကျောင်းဝင်းအတွင်း စူးစမ်းရှာဖွေလေ့လာရေး လုပ်နေသည်။ ဒီရက်ပိုင်းအတွင်း ပေါင်မုန့်အတွေ့ချင်ဆုံးသူမှာ အိုစမာဘင်လာဒင်မဟုတ်။ ပဲရစ်ဟီလ်တန် မဟုတ်။ ရှာရာဖိုဗာ မဟုတ်။ မိုးယုစံ မဟုတ်။ လတ်တလော နာမည်ကြီးနေသော ZOO မေဂျာက ဝံပုလွေမလေး ခက်ခက်သစ်တည်း။ လူချင်းလည်း မတွေ့ဘူး၊ အသံလည်း နားမဆင်ဘူး၊ ဓာတ်ပုံလည်း မမြင်ဘူး၊ သတင်းတောင်မှ ခမ်းလေး၊ တင်လှကြည်မောင်၊ ဝေဖြိုးဇော် တို့၏ ပြောပြချက်အရ သိရခြင်းဖြစ်သည်။ ခက်ခက်သစ်သည် သူတို့ ထင်မြင်ယူဆ သုံးသပ်ပြသလို ဖြစ်နေမည်လော။ ခက်ခက်သစ်ကို ကျောင်းထဲတွင် ရှာရခြင်းသည် ကောက်ရိုးပုံထဲ အပ်ပျောက် ရှာရသလို၊ သဲပုံကြားထဲ ဘီလပ်မြေ ရှာရသလို၊ ပေါင်မုန့် ကိုယ့်အတွေးနှင့် ကိုယ် လမ်းလျှောက်လာစဉ်···

'ဘုန်း'

လူတစ်ယောက်နဲ့ ပခုံးချင်းဝင်တိုက်မိသည်။ ပေါင်မုန့်က ဟန်ချက်ပျက်သွားပေမယ့် တစ်ဖက်လူက ပက်လက်လန်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့လက်မှပန်းသီးတွေ လွတ်ကျကုန်သည်။ ပေါင်မုန့်လည်း လဲကျသွားသောသူကို ကြည့်ရာ…

'ဟာ… တင်လှကြည်မောင်'

'ဟာ… တုတ်ခြစ်ကိုယ်တော်လေး၊ အဲ… ဟုတ်ပေါင်'

ပေါင်မုန့်က တင်လှကြည်မောင်ကို တွဲထူလိုက်သည်။

'ဟာ… ဟာ… ခင်ဗျား မျက်နှာမှာ ဘာတွေလဲ'

တင်လှကြည်မောင် မျက်နှာတွင် ဖူးယောင်၍ မို့ဖောင်းနေသည်။

'ခင်ဗျား… တွေ့မရှောင်နဲ့ ထိုးလာတာလား'

'ငင်းထွန်းနဲ့ ထိုးလာတာ၊ အာ…ဟုတ်ပါဘူး၊ မပြောချင်ဘူးကွာ၊ ငါ ငိုင်းရိုက်ခံရတာကွ'

'ဘာလဲ… ဘူကြီးလား၊ ကိုးမီးလား'

'ပိုကာ… အာ… ဟုတ်ပါဘူး၊ ငါပြောတာကို သေချာနားထောင်ပါဦး၊ ဒီလိုပါကွာ ငါ… ငါ ဟောဒီ ပန်းသီးတွေကြောင့် ခုလိုဖြစ်လာရတာ'

'ဟာ… ခင်ဗျား ပန်းသီးတွေ ခိုးလာတာလား'

'မိုလ်ချုပ်ဈေးထဲက… မဟုတ်ပါဘူး၊ ခိုးလာတာ မဟုတ်ဘူး၊ အခုလိုဖြစ်ရတဲ့ အဓိကတရားခံက ခက်ခက်သစ်'

'ဩော်… သိပြီ၊ ခက်ခက်သစ်တို့ ပန်းသီးဆိုင်က ယူလာတာ'

'ဟာ… ရှုပ်နေတာပဲ၊ ကျုပ်ပြောတာကို သေချာနားထောင်ပါဦး'

တင်လှကြည်မောင်က ဒဏ်ရာတွေကို ပုဝါထုတ်၍ သုတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာတွေက ဂျပန်ကင်ပေတိုင်တွေ နှိပ်စက်ထားသလို။

'ဖြစ်ပုံလေး ပြောစမ်းပါဦးဗျာ'

ပေါင်မုန့်က စပ်စပ်စုစုမေးသည်။ နှစ်ယောက်စလုံး ကျောင်းထဲရှိ အဓိပတိလမ်းဘေးတွင် ထိုင်နေကြသည်။

'ဒီလိုပါ… ကျွန်တော်နဲ့ခက်ခက်သစ် ဒုတိယအကြိမ်ထပ်တွေ့ကြတယ်'

'မကျေပွဲလား'

'ကျွန်တော်က စစ်နိုင်ခေါ်တာ၊ အာ… မဟုတ်ပါဘူး၊ ကျောင်းထဲမှာ နှစ်ခါထပ်ဆုံကြတာဗျာ၊ အဲဒီမှာ ခက်ခက်သစ်နဲ့ကျွန်တော်နဲ့ မိတ်ဆွေရင်းတွေလို ဖြစ်သွားကြတယ်၊ ခက်ခက်သစ်က သိပ်သဘောထားပြည့်ဝတာ၊ ကျွန်တော်လည်း အချိန်သိပ်မဆွဲတော့ဘဲ ရင်ဖွင့်လိုက်တယ်'

'ကြယ်သီးတွေ ဘာတွေ ပြုတ်ထွက်ကုန်သေးလား'

ပေါင်မုန့်က ရွဲ့၍မေးသည်။

'ခက်ခက်သစ်က သူစဉ်းစားပေးမယ်တဲ့ ခဏလေးပဲစောင့်၊ နောက်ပြီးပြောသေးတယ်၊ ခက်ခက်က အနွံတာခံတဲ့ ယောကျ်ားလေးတွေကို သိပ်သဘောကျတာပဲ'

'ခင်ဗျားတော့ စိုင်ကော်လို့ ခြုံပေါ်ရောက်တာပဲ၊ စားရက်ကြံတော့ခွေးပိန်မ လုလာတဲ့ အမဲရိုးက ခင်ဗျားရှေ့တန်းကျတာပေါ့'

'ဘာပဲပြောပြောဗျာ… ခက်ခက်သစ်က အဖြေပေးတော့မှာပဲလို့ ကျွန်တော် တစ်ထစ်ချ ယုံကြည်မိလိုက်တယ်'

'ဝမ်းသာလိုက်တာဗျာ၊ အခု အဖြေရပြီလား'

'အဖြေမရဘဲ ဒါတွေရလာတယ် ဟီးဟီး'

တင်လှကြည်မောင်က ဝမ်းနည်းသံကြီး စွက်လာသည်။ မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာက ဒဏ်ရာတွေကလည်း ပလာစတာကပ်ထားသော်လည်း ကြည့်မကောင်း။

'ခက်ခက်သစ်က ဆော်ပလော်တီးလိုက်တာလား'

'သူတီးရင် ခံသာပါသေးတယ်၊ အခု ဈေးသည်တွေ တီးလွှတ်လိုက်တာ'

'ဘယ်လိုတွေ ဖြစ်ကြတာလဲဗျာ'

ပေါင်မုန့်လည်း လိုက်ရင်းမမှီ နားမလည်နိုင်တော့။

'ဒီလိုပါဗျာ... ဘယ်ကနေစပြောရမှန်းတောင် မသိတော့ဘူး'

'နံပါတ်တစ်ရှေ့က စပြောဗျာ'

' '၁'ကနေပဲ စပြောရမှာပေါ့၊ ပြီးခဲ့တဲ့ မနေ့က'

'မနေ့ကဆိုရင် ရပါပြီဗျာ'

'ပြီးခဲ့တာလေးကို လွမ်းလွန်လွန်းလို့ ထည့်ပြောမိတာပါ'

အရေးထဲ ဗိုလ်အောင်ဒင်အတုနဲ့ လာတွေ့နေသေး။

'မနေ့က မွန်းလွဲချိန် တစ်နာရီတိတိမှာ ခက်ခက်သစ်နဲ့ တွေ့တယ်'

'မိတ်ဆက်လိုက်သေးလား'

'ရင်းနှီးမှုတော့အရယူ၊ အာ... ရင်းနှီးပြီးသားလေ၊ မနှောက်ပါနဲ့ဗျာ၊ ခက်ခက်သစ်က ကျွန်တော့်ကို အကူအညီတစ်ခုတောင်းတယ်၊ သူ့အဖေကြီး နေမကောင်းဖြစ်နေလို့တဲ့'

'အမွေလွဲဖို့ စာချုပ်ချုပ်ဖို့ ရှေ့နေခေါ်ခိုင်းတာလား'

'ဆရာဝန်က နောက်ဆုံးပဲပြော၊ အာ... ကိုယ့်ဆရာ ဖီးငုတ်တယ်ဗျာ၊ ကျွန်တော်ပြောတာကို တဆိတ်နားထောင်ပေးပါ'

'ခက်ခက်သစ် အဖေကြီးက နေမကောင်းဖြစ်နေပြီ ဟုတ်ပြီပြော'



www.burmeseclassic.com

www.burmeseclassic.com



'အဖေလုပ်တဲ့သူက နိုင်ငံခြားကလာတဲ့ ပန်းသီးစားချင်လို့တဲ့ အဲ့ဒါဝယ်ပေးပါလို့ ပြောတယ်၊ ဘယ်နေမလဲ ကျွန်တော့်မှာ ရှိတဲ့ခွန်အားတွေ ဝီရိယတွေနဲ့ ပန်းသီးတွေ ဝယ်ပေးမယ်လို့ ကတိပေးလိုက်တယ်၊ အဲဒီမှာစတာပဲ'

'ဒီရာသီမှာ ပန်းသီးတွေ ဖောချင်းသောချင်းပါ'

'ပန်းသီးက ရိုးရိုးပန်းသီး မဟုတ်ဘူး၊ ခက်ခက်သစ်က ပြောတယ်၊ ဒီပန်းသီးမျိုးက ရှားပါးစာရင်းဝင်တယ်တဲ့'

'ဟိမဝန္တာတောထဲက ထင်တယ်'

ပေါင်မုန့် အုံ့ညြစွာမေးသည်။ ရန်ထောင်ခြင်းလည်း ဖြစ်သည်။

'အဲဒီပန်းသီးက တရုတ်ပြည်မှာလည်း ရှားတယ်'

'ဒီလောက်ပေါတဲ့ နေရာမှာတောင် ရှားတယ်ဆိုတော့'

'ပန်းသီးနာမည်လေးက အဆန်းလေး၊ ကျွန်တော် သေချာမှတ်ထားပါတယ်'

'ဘာတဲ့… 'ဟိုချင်းပိ'ပန်းသီးတဲ့'

'တရုတ်နာမည်ပဲ၊ ထိုင်ဝမ်တို့ ဟောင်ကောင်တို့လို နေမှာပေါ့'

ပန်းသီးနာမည်လေးက ဆန်းဆန်းပြားပြားလေး ဖြစ်နေသည်။

'ဒါနဲ့ ကျွန်တော်လည်း ရန်ကုန်မြို့လယ်ခေါင် တရုတ်တန်းကို ရောက်သွားတယ်၊ အဲဒီပန်းသီးကို မေးတယ်၊ အံ့ရောဗျာ၊ အဲဒီပန်းသီးမျိုး မကြားဘူးဖူးတဲ့၊ ကျွန်တော်လည်း ခွန်အား၊ ဝီရိယ၊ ဇွဲလုံ့လ၊ မာန်မာနနဲ့ ပန်းသီးရှာပုံတော် ဖွင့်ပြန်ရော၊ ဒါနဲ့ ငမိုးရိပ်စံပြဈေးဘက်ကို ရောက်သွားတယ်'

'ပြောစမ်းပါဦးဗျာ၊ အဲဒီမှာရော တွေ့သလား'

'ကျွန်တော် မေးတာပေါ့၊ ပန်းသီးသည်တွေကို အန်တီ…



www.burmeseclassic.com

www.burmeseclassic.com



ဟိုချင်းပိပန်းသီး ရှိသလားပေါ့၊ အဲဒီ ဘွားတော်ကြီးက 'ဘာပြော တယ်'လို့ ကျွန်တော်ကို တုန်းန်မြင့်မြင့်နဲ့ အော်တယ်၊ တစ်ဘက်ဆိုင် သွားမေးတော့လည်း ကျွန်တော့်ကို ရန်ရှာတယ်၊ ကျွန်တော်လည်း စိတ်မထိန်းနိုင်ဘဲ ခင်ဖျားတို့ ပန်းသီးတွေက ဟိုချင်းပိပန်းသီးဆိုရင် အကုန်ဝယ်ပလိုက်မယ်ဆိုပြီး ပြောထည့်လိုက်တယ်၊ အဲဒီမှာ ပန်းသီး သည်တွေရဲ့ ယောကျ်ားတွေက ကျွန်တော်ကို ပြဿနာရှာရပ့်မလားဆို ပြီး ခုလိုထိုးလွှတ်လိုက်တာပဲ၊ တော်တော်ခံစားလိုက်ရတယ်၊ ခက်ခက် သစ်မှာတဲ့ ဟိုချင်းပိပန်းသီးလည်း မရခဲ့ဘူး၊ ကျွန်တော်မှာ ဖွတ်မရ မားမဆုံး ဖြစ်ရော'

ပေါင်မုန့် စဉ်းစားသည်။ ပန်းသီးတစ်လုံးကို ဆကြည့်သည်။

'ဟိုချင်းပိပန်းသီး… ဟိုချင်းပိပန်းသီး'

'ခင်ဖျား… သိလို့လား၊ ဘယ်မှာဝယ်ရမလဲ ပြောစမ်းပါ'

တင်လှကြည်မောင်က မသက်သာသော ဒဏ်ရာတွေနဲ့ရှုံ့တွဲ အတင်းမေးသည်။

'ခင်ဖျား… အသတ်မခံရတာတောင် ကံကောင်းသေးတယ်'

'ဟမ်… ဘာဖြစ်လို့'

'ခင်ဖျားကို ခက်ခက်သစ်က ပညာပေးလိုက်တာပဲ၊ ခင်ဖျား မလိုအပ်ဘဲသုံးတဲ့ ခွန်အားတွေ လုံ့လတွေဝီရိယတွေ ဖွဲတွေ အလကား ပဲ၊ ခင်ဖျားသုံးရမှာက ဉာဏ်ကိုလွှာပြီး သုံးရမှာ၊ ခင်ဖျား သေချာစဉ်း စားကြည့်လေ၊ စံပြဈေးလို ပန်းသီးတွေပုံအောရောင်းတဲ့ ဆိုင်တွေထဲမှာ ခင်ဖျား ခုလိုသွားမေးတာ ကိုယ့်သေတွင်း ကိုယ်တူးတာပဲ၊ ခင်ဖျားကို ခက်ခက်သစ်ပြောတဲ့ ပန်းသီးလည်း မရှိဘူး၊ ဘယ်နှယ့် တစ်ဘက်နဲ့ တစ်ကိုယ် ဟိုချင်းပိပန်းသီးတဲ့၊ ဟေ့လူ… ခင်ဖျားမှတ်ထား ခင်ဖျားက လက်ညှိုးကြီး ငေါက်ငေါက်ထိုးပြီး ဟိုချင်းပိပန်းသီး



www.burmeseclassic.com

www.burmeseclassic.com



ရှိသလားမေးတော့ ပန်းသီးသည်တွေက သူတို့ကိုရွဲ့တယ်၊ စောင်းတယ် ဆင်ပြီး ပြသနာရှာခဲ့တာပဲ ရှင်းပလား'

'အမ်'

တင်လှကြည်မောင် ခုမှ စေ့စေ့စပ်စပ် တွေးမိသွားသည်။ ဟိုချင်းဝိပန်းသီး။ ခြင်းထဲတွင် စုပြုံသွပ်သိပ်ထည့်ထားသော ပန်းသီးများကို မြင်ယောင်နေမိသည်။

'ဒါဆိုရင် ကျွန်တော် မိအေးနှစ်ခါနာ ဖြစ်ပြီပေါ့'

'အေးပေါ့ဗျာ၊ ခင်ဗျားအဖြစ်က နားလည်းနာ၊ နံလည်းနံ ဖြစ်နေပြီဗျ'

ပေါင်မုန့်က စိတ်မကောင်းဖြစ်စွာ ပြောသည်။

'ခင်ဗျား… ခက်ခက်သစ်ဆီ သွားဦးမှာလား'

'မသွားဘူး… ရှက်တယ်၊ သူ့မျက်နှာကို ငါမကြည့်ဝံ့တော့ ဘူး'

'ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ဆိုသလိုပေါ့ဗျာ၊ အခုမှ ခင်ဗျားအချစ်က ခြေရာလည်းပျောက်၊ ရေလည်းနောက်၊ မြွေပါလ[illegible] ဆုံး၊ သားလည်းဆုံး၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဖြစ်နေပြီ'

'ခင်ဗျားပြောမှပဲ ပိုရင်ထဲမချိ ဖြစ်လာပြီ၊ ခက်ခက်သစ် ခင်းဟာ ရုပ်ကလေးလှပသလောက် မာယာများတဲ့ မိန်းမပဲ၊ ငါဟောဒီ ဘ ဒဏ်ရာတွေကိုမြင်တိုင်း မပော်ကို သတိရနေတယ်၊ စိတ်နာ တယ်'

'စိတ်လျှော့ပါဗျာ၊ ခင်ဗျား နောက်ဆုံးအနေနဲ့ ကျွန်တော်ကို ခက်ခက်သစ်နဲ့ မိတ်ဆက်ပေးပါလား'

'အရေးထဲ… ကြားကားဆွဲမယ့်ကောင်က ပေါ်လာသေး'

တင်လှကြည်မောင်က နှုတ်ခမ်းစူရုန်တွေ့ပြီး ဆက်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ဘောက်ဆတ်နှင့် ထွက်သွားသည်။ ပေါင်မုန့်လည်း ကြိုတ်မနိုင်ခဲမ ဖြင့်...

'ဒီ ဟိုချင်းပိကတော့'

ခက်ခက်သစ်သည် ဝက်ပါထဲဝင်မည့်လမ်းကို ညွှန်ပြထား သည့် ဆိုင်းဘုတ်တစ်ခုလို။ သိသိသာသာတော့ ခက်ခဲပေလိမ့်မည်။

❒ ❒ ❒

လှူးဝစ်သည် ဂေါ့ဖ်ရိုက်ကစားပြီး၍ အိမ်ပြန်ရန် မော်တော်ကား ရပ်ထားသည့် နေရာသို့ လျှောက်လာခဲ့သည်။ ထိုအခါ ချောမောလှပ သော မိန်းမပျိုလေးတစ်ယောက်က လမ်းတွင်သူ့အားတားပြီး အကူ အညီတစ်ခု တောင်းသည်။

သူ့ကားထဲတွင် ပိုးကောင်တစ်ကောင် ရှိနေကြောင်း၊ ပိုးကောင် များကို သူအလွန်ကြောက်ကြောင်းတို့ကြောင့် ကားထဲမှပိုးကောင်ကို ထုတ်ပေးပါရန် အကူအညီတောင်းခြင်း ဖြစ်သည်။

လှူးဝစ်က သူ့ကားရှိရာသို့ လိုက်သွားပြီးကြည့်လိုက်ရာ ပိုးဟပ်သေတစ်ကောင်ကို တွေ့ရသဖြင့် သူ့ကားထဲမှ ထုတ်ပေးလိုက် သည်။

မိန်းမပျိုလေးမှာ အလွန်တရာမှ ရင်းနှီးဖော်ရွေပြီး သူနှင့်စကား လက်ဆုံကျသွားတော့သည်။ ဤတွင် လှူးဝစ်သည် ဇနီးသည်ကို သွားကြိုရန် အချိန်နီးနေပြီကို သတိရသဖြင့် စကားဖြတ်လိုက်ပြီး နှုတ်ဆက်စကားဆို၍ ထွက်လာခဲ့ရသည်။

ကားပေါ်ရောက်ပြီး ပြန်လှည့်ကြည့်လိုက်သောအခါ မိန်းမပျို ကလေးသည် စိတ်ပျက်လက်ပျက် အမူအရာနှင့် စောစောက ပိုးဟပ်



www.burmeseclassic.com

www.burmeseclassic.com



သကလေးအား သူ့ကားထဲသို့ ပြန်ထည့်လိုက်သည်ကို တွေ့လိုက်ရသည်။

ခက်ခက်သစ်ဆိုသော ကောင်မလေး...

မင်းလည်း အသည်းတစ်ခါခွဲပြီးတိုင်း ပိုးဟပ်သေလေးကို ကားထဲပြန်ထည့်ဖို့ မမေ့နဲ့ဦး...

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

'အဲဒါ ခက်ခက်သစ်ပဲ… ကိုယ့်လူ'

တိုးမြင့်အောင်က သစ်ပင်အကွယ်မှကပ်၍ ချောင်းကြည့်နေကြသော ပေါင်မုန့်နှင့် တင်အောင်လတ်ကို ပြသည်။ ပေါင်မုန့်လည်း သဲသဲကွဲကွဲမြင်အောင် ရှေ့သို့ခေါင်းပြူ၍ တိုးကြည့်၏။

'နာမည်နဲ့လူနဲ့လိုက်အောင် ချစ်စရာကောင်းလိုက်တာ'

တင်အောင်လတ်က အကြောင်းမရှိ အကြောင်းရှာ နှုတ်ခမ်းမွေး သပ်ကာပြော၏။ ပေါင်မုန့်က သူ့အားတစ်ချက် မကြည်ကြည့်ဖြင့်…

'ခြသေ့ဆီဟာ သိင်္ဂီရွှေခွက်နဲ့ပဲ တန်တယ်ကွ'

'အံမာ… မင်းကပဲ ပြောရချည်သေး၊ သူက ကျားသစ္စဝါဒကို အရေခွံဆုတ်လာတာ နှစ်ပေါက်နေပြီနော်'

'ငါကလည်း အဲဒါမျိုးမှတွေ့ချင်တာ'

'တွေ့တာနဲ့ ထွက်ပြေးမယ့်ကောင်ကများ'

တိုးမြင့်အောင်က မှတ်ချက်ချသည်။ ပေါင်မုန့်က…

'ငါတို့သွားမိတ်ဆက်ရအောင်'

'ပလိန်းကြီးသွားဝင်လို့ ရမလားကွ၊ အလျှုအိမ် မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ငါသိပါတယ်ကွ၊ ခက်ခက်သစ် အလှဗေဒကို အနုစိတ် ကြည့်ရအောင်၊ သူထိုင်နေတဲ့ မလှမ်းမကမ်းဝိုင်းမှာ သွားထိုင်ပြီး ကြည့်ရအောင်'

'စက်ကွင်းလွတ်အောင်လည်း ထိုင်ဦးနော်'

တိုးမြင့်အောင်က ရန်သူစခန်းကို ချဉ်းကပ်နေသော ကွန်မန်း လိုနေရန် သတိပေးသည်။ ခက်ခက်သစ်က သားစားဘီလူးမ မဟုတ် ပေမယ့် အဆိပ်ရှိသော ညှို့မျက်ဝန်းပိုင်ရှင်မလေး။

'လာပါကွာ... လန့်မနေပါနဲ့၊ ကိုယ်တွေနဲ့ အနေသာကြီး'

ပေါင်မုန့်က ဦးဆောင်၍ ကင်တင်းရှိ ခက်ခက်သစ်နှင့် မလှမ်းမကမ်း မျက်စောင်းထိုးဝိုင်းတွင် ဝင်ထိုင်လိုက်ကြသည်။

'ကော်ဖီပလိန်း တစ်ခက်ပေး'

ပေါင်မုန့်က ဗတင်အရွှန်းဖောက်သည်။

ခက်ခက်သစ်က 'ခက်'ဆိုသောအသံကြောင့် တစ်ချက်လှည့် ကြည့်၏။

'ဟော့ကောင်... ရှူးနေပြီ... ရှူးနေပြီ'

'ဒါဆိုရင် စီနီယာဝင်နိုင်မလား အရင်စဉ်းစား'

'အရေးထဲ... ဖဲသမားကလည်း'

'မင်းတို့ကလည်း ဣန္ဒြေရရနေကြစမ်းပါ၊ မျက်ကလူးဆံ ပြာနဲ့၊ ဆပ်ပြာသည်လင်ပျောက်နေတဲ့ အတိုင်းပဲ'

ပေါင်မုန့်က ခက်ခက်သစ်ကို မသိမသာကြည့်ရင်း သတိပေး သည်။

ခက်ခက်သစ်သည် ဘာမှပြောစရာမရှိအောင် လှပ သည်။

အပြစ်ကင်းစင်သော မျက်ဝန်းတွင် ပတ်ဝန်းကျင်ကို အပြ



www.burmeseclassic.com

www.burmeseclassic.com



ဘင်ချင်သော အရိပ်အယောင်များ တွေ့ရသည်။ ဖူးမြနေသော နှုတ်ခမ်းစုစုလေးတွင် ချိုသာသောစကားတွေ ငုံဖူးနေသော်လည်း မာယာသုံးရန် တစ်ချက်အပြုံးတွင် ချိုသာစကားတို့ ဝတ်မှုန်မအောင်ခဲ့ချေ။ သူတကာအကြည့်တွင် ထိန်ချန်သိုဝှက်ထားစရာ မလိုအောင် ပကတိသူပသူလည်း ဖြစ်သည်။

သူမ၏မျက်တောင် ကော့စင်းစင်းများသည် ယောကျ်ားတကာအသည်းကို ထုတ်ချင်းခတ်ထိုးပေါက်အောင် စိုက်ထားသော မှိန်းများသဖွယ်။

ခက်ခက်သစ်ရဲ့ အချစ်ကိုရရှိသောသူသည် ဇမ္ဗူဒီပါလက်ယာဆောင်ကျွန်းမှ ကာရေဘီယံပင်လယ်အထိ ပက်ပက်စက်စက်ကြွေးကြော်သအံ့။

သူမ၏ အသည်းကွဲတောင် ကြားလျှိုမြောင်တွင်လည်း ပုရိသယောကျ်ားတို့၏ သက်မဲ့ရုပ်ကြွင်းများ ငုတ်တုတ်ရှိနေဆဲ။

'ဟာ··· ဟော့ကောင်··· ပေါင်မုန့်··· ဟိုမှာ··· ခမ်းလေး၊ ကော်ပါကောင်'

ဟုတ်ပါသည်။

ခမ်းလေး နွေခေါင်ခေါင်တွင် ဆောင်းတွင်းဝတ် အဝတ်အစားကြီးဖြင့် အိပ့်အိပ့် ရောက်လာသည်။

သူတို့ထံလာခြင်း မဟုတ်ပေ။ ခက်ခက်သစ်ဆီ အခစားဝင်ဖို့သွားခြင်းသာ။

'ဒီကောင်တော့ ကြိုးပြတ်သွားလေတဲ့ ပုလဲလုံးလေးတွေလိုဖြစ်ဦးမယ်'

'ဟုတ်ပ··· လေနှင်တဲ့ဆီပြေး ကွဲပြိုတို့အသည်းတွေ ဖြစ်ကုန်ဘာ'



www.burmeseclassic.com

www.burmeseclassic.com



တိုးမြင့်အောင်တို့က တီးတိုးဝေဖန်နေကြသော်လည်း ပေါင်မုန့်က ခက်ခက်သစ်၏ လှုပ်ရှားမှုကို အလှဗေဒနှင့်ယှဉ်တွဲ၍ သက်ဝင်ခံစားနေသည်။

ခမ်းလေးလက်ထဲတွင် ရက်ပ်ပါနှင့် မသက်ဆိုင်သော ပစ္စည်းတစ်ခုပါလာသည်။

ငါးရှဉ့်ထောင်သော မြုံးတစ်ခုပင်။ ပေါင်မုန့် နားမလည်တော့။

ခက်ခက်သစ် ဖွေဖွေရှာရှာ ဘာတွေကြံစည်နေသလဲ မသိ။ တစ်ဖက်မှစကားသံများကို ကြားရသည်။

'ကဲ… ကိုရင်ရက်ပ်ပါ… ရှင် ယူလာတဲ့ မြုံးထဲက ငါးရှဉ့်ကို ဟောဒီပုလင်းထဲ ရအောင်ထည့်ပါ၊ ရှင် ဆယ်စက္ကန့်အတွင်း ထည့်နိုင်ရင် ခက်ခက် ရှင်လိုချင်တဲ့အဖြေကို ပေးမယ်'

ပေါက်ပေါက်ရှာရှာ ကြံဆောင်ခိုင်းပြီ။ ဆယ်စက္ကန့်အတွင်း မြုံးထဲက ငါးရှဉ့်ကို ပုလင်းလွတ်ထဲ ဘယ်လိုထည့်မလဲ။ ခမ်းလေး ချွေးတွေပြန်နေပြီ။

'ခက်ခက်… အချိန်နည်းနည်းလောက် ထပ်တိုးပေးလိုက်လို့ မရဘူးလား'

'မရဘူး၊ ရှင် လုပ်နိုင်ရင်လုပ်'

ခက်ခက်သစ် အသံက မာန်ပါသဖြင့် ခမ်းလေး တုန်သွားသည်။

'မြုံးထဲက ငါးရှဉ့်ကို ကိုင်ရမှာလည်း ပျစ်ချွဲချွဲချောကျိကျိနဲ့ ပြဿနာပဲ'

ခမ်းလေး မြုံးထဲသို့ လက်မနှိုက်ရဲပေ။ ချီတုံချတုံ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ... စပြီနော်... တစ်စက္ကန့်'

ခက်ခက်သစ်ဘေးမှ ဆံပင်တိုတိုကောင်မလေးက ရေတွက်သည်။

ငါးရှဉ့်၏ လွတ်မြောက်လမ်းသည် ခမ်းလေး လက်ထဲတွင်ရှိသလို ခမ်းလေး၏ အချစ်ရေးသည် ငါးရှဉ့်၏ ကံကြမ္မာနှင့် သက်ဆိုင်နေသည်။

ခမ်းလေး သတ္တိရှိစွာဖြင့် မြုံးထဲသို့ လက်မနှိုက်ဘဲ မြုံးကို သွန်ချလိုက်သည်။ ခပ်လတ်လတ် ငါးရှဉ့်လေးတစ်ကောင် လူးလွန့်နေသည်။

ခမ်းလေးလည်း ဆောင့်ကြောင့်ထိုင်ချကာ ငါးရှဉ့်ကို ဘယ်နေရာက စဖမ်းရမလဲမသိ ချိန်ဆနေသည်။ ငါးရှဉ့်က လူးနေသဖြင့် ခမ်းရခက်နေ၏။ ဖြစ်ချင်ရာဖြစ် ငါးရှဉ့်အလယ်ပိုင်းကို လက်နှစ်ဖက်ဖြင့် ဖွခံနဲ့ ဖမ်းလိုက်သည်။ အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ် အဖမ်းမတော် တစ်ပြွတ်ဆိုသလို ငါးရှဉ့်မှာ နဂိုချောဖြစ်သောကြောင့် ပလွတ်ဆိုပြီး ခုန်ထွက်သွားသည်။

တစ်ဖက်ပိုင်းတွင် ချစ်သူနှစ်ဦး ကြည်နူးနေကြသည်။ ကျောင်းပိတ်ရက်တစ်နေ့တာ လျှောက်လည်မည့် နေရာတွေကို ဇယားချနေကြ၏။

ပူပူနွေးနွေးသမီးရည်းစား အသစ်စက်စက်လေးတွေဆိုတော့ ချစ်စကြင်နာစလေးတွေ။ အကဲလည်းပို အသည်းလည်းပိုပေါ့။

ကောင်လေးက ဘယ်ကနေရလာမှန်း မသိသောငွေများဖြင့် ကောင်မလေးစားချင်ရှာသော ကြေးအိုးဆီချက် တစ်ပွဲဝယ်တိုက်သည်။ အဲဒီပွဲထိုးက အငွေ့တထောင်းထောင်း ကြေးအိုးပွဲကို လာချပြီးသောအခါ၊ ကောင်မလေးက တူနှစ်ချောင်းဖြင့် ကြေးအိုးကိုမွှေရန် ချိန်ဆနေ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ မထင်မှတ်ဘဲ တွန်းကန်အားကြောင့် မြှောက်တက်လာသော ငါးရှဉ့်လတ်မှာ အဝကျယ်၍ အငွေ့တထောင်းထောင်းထနေသော ကြေးအိုးပွဲထဲသို့ ရှေ့ကျွမ်းနောက်ကျွမ်း လွန့်လူးကာဖြင့် ဒိုင်ဗင်ပစ်၍ သေပွဲဝင်သွားရရှာသည်။

ဂျက်ကီချန်းရှိလျှင်တော့ တူနှစ်ချောင်းနှင့် ဆတ်ခနဲဖမ်းလိုက်မှာပင်။

'ပလွတ်… ပလုံ'

ငါးရှဉ့်လေးမှာ ထပ်မံခုန်မထွက်နိုင်ဘဲ အငွေ့တဆူဆူ ကြေးအိုးထဲတွင် တစ်ချက်မျှလွန့်၍ အနိစ္စသဘောဖြင့် ကိစ္စချောက်ကုန်ရှာသည်။

'အမလေး… ငါး… ငါးရှဉ့်ကြီး'

ဓားစာခံငါးရှဉ့်မှာ ငုံးဥလေးပေါ်မေးတင်၍ သေရှာမြန်းသွားရှာပြီ။

'ဒီငါးရှဉ့်ကို ဘယ်သူပစ်တာလဲ'

ကောင်လေးက ဒေါသထွက်၍ ထအော်သည်။ ချစ်သူလည်း မစားရ၊ ငွေလည်းကုန်ဆိုတော့ မိအေးနှစ်ခါနာချည်းပဲ။

တရားခံ ခမ်းလေးကတော့ သက်သေခံပစ္စည်း ငါးရှဉ့်မြုံးနှင့် တကွ မိလေပြီ။

ကောင်လေးက ဝေ့ခနဲအန်နေသော ကောင်မလေးကို သံပရာသီးရှူခိုင်းပြီး ခမ်းလေးကို ရန်ရှာလေသည်။

'မင်း… ဘယ်လိုလုပ်လိုက်တာလဲ၊ တောက်ကွာ… ငါ့ကောင်မလေး အန်ကုန်ပြီ'

'ဒီကိစ္စ ကျွန်တော်နဲ့ဘာမှ မဆိုင်ပါဘူး'

'ဟေ့ကောင်… မင်းဘာတွေ လျှောက်ပြောနေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကောင်မလေး အန်တာ ကျွန်တော်နဲ့ မပတ်သက်ဘူး'

သန်ရာတူရာတွေရွေးပြီး ရှပ်ကုန်ကြသည်။

'ဟော့ကောင်… မင်း ပေါက်ကရတွေ လျှောက်မပြောနဲ့၊ မင်း ပစ်လိုက်တဲ့ ငါးရှဉ့်က ငါတို့စားမယ့် ကြေးအိုးထဲ ရောက်သွားပြီကွ'

'ကောင်းတာပဲ၊ အသစ်အဆန်း ငါးရှဉ့်ကြေးအိုးပေါ့၊ YKKO မှာတောင် မရဘူး'

ခမ်းလေးက သိသိလျက်နှင့် မျက်နှာပြောင်တိုက်နေသည်။

'မင်း ဒီကြေးအိုးပွဲကို လျော်'

'လျော်ပေးပါ့မယ်ဗျာ'

'တောက်ကွာ… ဘာကောင်မှန်း မသိဘူး၊ ကျောင်းထဲလာပြီး ငါးရှဉ့်ဖမ်းနေတယ်၊ ပုံစံကိုက ရက်ပ်ပါလိုလိုနဲ့ ရက်ပ်ပါတွေက မြွေဖမ်းရုံတင်မကဘူး၊ ငါးရှဉ့်ပါ ဖမ်းနေတယ်'

ကောင်လေးက ခမ်းလေးထုတ်ပေးသော တစ်ထောင်တန်နှစ်ရွက်ကို ဆောင့်ခနဲယူ၍ ထွက်သွားသည်။ ခမ်းလေးက…

'ပြန်လည်းမအမ်းသွားဘူး၊ ကွဲပါစေဗျာ၊ ဒီသမီးရည်းစား'

ဗျစ်တောက်ဗျစ်တောက် ညည်းသည်။ ရက်စက်သော ခက်ခက်သစ်တို့ကား အရိပ်အယောင်ပင် မတွေ့တော့။ ပျောက်ခြင်းမလှ ပျောက်သွားပြီ။ ခမ်းလေး ဝါးခနဲငိုချင်စိတ်ပေါက်သွားပြီ။

'အထီးကျန်သိမ်ငယ်မှုများစွာနဲ့…. မင်းမရှိတဲ့နေ့တွေထဲ…. ကိုယ်တစ်ယောက်တည်းအားငယ်'

ပေါင်မုန့်မှာ ခမ်းလေးကို သနားရုံမှတပါး ဘာမှမတတ်နိုင်။ တိုးမြင့်အောင်နှင့်တင်အောင်လတ် ထိတ်လန့်တုန်လှုပ်သွားသည်။

'ဟာ… ခက်ခက်သစ်က ရှုးကလီးယားဒုံးကျည်ထက်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းတဲ့ မိန်းမပါလား၊ ထိမိတာနဲ့ ပြန်တုံ့ပြန်တဲ့ မြွေ ပွေးလို အစားမျိုးပဲ'

'ဒါကြောင့် ရှေ့လူကြီးတွေပြောတာ၊ မိန်းမနဲ့မြစ်ဟာ ကွေ့ ကောက်တယ်တဲ့ သိပ်မှန်တဲ့စကား'

'မင်းတို့ကလည်း စွတ်ဝေဖန်မနေနဲ့၊ ခက်ခက်သစ် ဘေး ချဉ်းကပ်နေတဲ့ ကောင်တွေက အခွင့်အရေးသမားတွေချည်းပဲ၊ ဒါကို ခက်ခက်သစ်က ကြိုတင်ကာကွယ်နေတာ၊ သူ့ဘက်ကကြည့်တော့ လည်း မှန်တာပဲ'

ပေါင်မုန့်က ခက်ခက်သစ်ဘက်မှ ရှေ့နေလိုက်ပြောနေသဖြင့် ဘိုးမြင့်အောင်တို့က အသီးသီး နှာခေါင်းရှုံ့ကြသည်။

'ဟေ့ကောင်··· ခက်ခက်သစ်နဲ့ပတ်သက်ပြီး မင်းသမိုင်း မင်းရေးနော်၊ ငါတို့နဲ့ စပ်စပ်ယှက်ယှက် မလုပ်နဲ့၊ ဒီပြဇာတ်ထဲ ငါတို့ ဝင်မကနိုင်ဘူး'

'မင်းတို့ကလည်း၊ မင်းတို့သူငယ်ချင်းလေး ကောင်းစားမယ့် အရေးကို မျှော်တွေးကြစမ်းပါ၊ မင်းတို့ရဲ့ အကူအညီတွေနဲ့ ငါရှေ့သို့ ချီတက်ရမှာ'

'ဟေ့ကောင်··· အကျိုးအမြတ်မရဘဲ ဘာမှမလုပ်ဘူး'

ဘိုးမြင့်အောင်က ခပ်ပြတ်ပြတ် ပြောသည်။

'ခုချိန်မှာ ငါခက်ခက်သစ်နဲ့ သူငယ်ချင်းဖြစ်ချင်တယ်'

'မင်း လွယ်မှာမဟုတ်ဘူးနော် ပေါင်မုန့်'

'ငါကလည်း အဲဒီလို ခဲယဉ်းတာကြီးကို စိတ်ဝင်စားတာ အရာရာကို လွယ်နိုင်သမျှ လွယ်အောင် လုပ်သင့်ပါတယ်၊ ဒါပေမဲ့ လွယ်တာထက်တော့ မပိုသင့်ဘူးလို့ သိပ္ပံပညာရှင်ကြီး အဲလ်ဘတ် အိုင်းစတိုင်းက ပြောဖူးတယ်'



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်က အကိုးအကားနှင့် ပြောသည်။

'မင်း… ခက်ခက်သစ်ကို ပညာသားပါပါနဲ့ ချဉ်းကပ်ဖို့က အဓိကအကျဆုံး ဟိုကောင်တွေလိုတော့ ကန်လန့်ကားစုတ်ပြတ်သတ် မသွားဖို့ မင်းအထူးသတိထားရမယ်၊ ခက်ခက်သစ်က သွေးအေးအေးနဲ့ ရက်စက်တတ်တဲ့ မိန်းမပဲ'

'ငါ သဘောပေါက်ပါတယ်၊ ခက်ခက်သစ်နဲ့ မိတ်ဆွေအရင် ဖြစ်ဖို့က မဟာရံတံတိုင်းကို ဖြတ်သန်းရသလိုပဲနေမှာ'

'ငါတော့ မြင်ယောင်သေးတယ်၊ မင်း ငါးရှဥ့်ကိုပဲ ပုလင်းထဲ ထည့်ရမလား၊ ချင်းပိပန်းသီးပဲ ရှာနိုင်းမလား'

တင်အောင်လတ်က စိတ်ပျက်လက်ပျက် လေသံနှင့်ပြော သည်။

'မင်းတို့နှစ်ယောက် ငါ့ကို တစ်ခုလုပ်ပေးကွာ'

'ဘာလုပ်ပေးရမလဲ'

'ခက်ခက်သစ်ကြောင့် အသည်းကွဲသွားတဲ့ ကောင်လေးတစ် ယောက်လောက် ရှာပေးစမ်းပါ၊ သူ့ကို တဆိတ်မေးကြည့်ချင်လို့'

'ဟိုကောင်တွေရှိတာပဲ'

'ဒီကောင်တွေက ငါ့ဇာဒင်မေးပြီးသွားတဲ့ သူတွေကွ၊ သိပ် အဆင်ပြေမှာ မဟုတ်ဘူး'

'အေး… ငါတို့မေဂျာမှာ တစ်ယောက်ရှိတယ်၊ ဒီကောင်နာ မည်က ကျော်ဇော်ဦးတဲ့၊ ဒီကောင်က ခက်ခက်သစ်ကို အသေရရ အရှင်ရရ လိုချင်နေတာ၊ ဒီကောင့်ကို မင်းစုံစမ်းကြည့်ရင်ရမှာပဲ'

'ခက်ခက်သစ်ရဲ့ အားနည်းချက်ကို သိချင်တယ်'

ပေါင်မုန့်က တွေးတွေးဆဆ ပြောသည်။

'မင်းတော့ကွာ၊ ခက်ခက်သစ်လို မိန်းကလေးမျိုးကို အရှာ



www.burmeseclassic.com

www.burmeseclassic.com



ရှသ(၁၈)ရပ် စုံလင်တာတောင် ကပ်လို့ရပါ့မလား မသိဘူး'

'ဒါတော့ ငါမသိဘူး၊ ခက်ခက်သစ်ကို ငါ့စိတ်ထဲမှာ ချစ်မိနေသလိုပဲ၊ သူ့အချစ်က ဘယ်လိုကြီးလဲဆိုတာ ငါအရမ်းသိချင်တယ်'

'မင်းတော့ လက်သင်အောက်လမ်း ဆရာအဖြစ်နဲ့ ဘီလူးတစ်ထောင်စောင့်တဲ့ သိုက်ကိုဖော်သလိုဖြစ်နေပြီ'

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကျောင်းထဲရှိ ကင်တင်းအချို့တွင် စူပါကော်ဖီမစ် ကြော်ငြာကဒ်တွေနှင့်အတူ ကပ်ထားသော စာတစ်စောင်ကို တွေ့ရသည်။

**ခက်ခက်သစ် မိုးလေဝသသတင်း**

၁။ အက်ဆစ်အပြုံးများ၏ အခိုးအငွေ့ကြောင့် တစ်ခါတစ်ရံ မိုးခေါင်ခြင်း တစ်ခါတစ်ရံနေသာခြင်း

၂။ ရင်ခုန်သံပတ်လမ်းတွင် အကြိမ်ကြိမ် မြေပြိုကျခြင်း

၃။ ခြေလှမ်းတိုင်း လှမ်းတရိပ်ရိပ်နှင့် လေပြင်းတိုက်ခတ်ခြင်း

၄။ သံယောဇဉ်မဲ့ရင်ခွင်တွင် မြေငလျင်လှုပ်ခြင်း

၅။ မထင်မှတ်သော တိုက်ဆိုင်မှုများ ပျက်ပြုန်း၍ မုန်တိုင်းကျခြင်း

၆။ စကားလုံးမဖွံ့ဖြိုးသော ကောင်းကင်တွင် လမင်းပုန်းလျှိုးခြင်း

၇။ နားလည်မှုများ သောင်တွန်းခြင်း

၈။ အခြားသူ့အိပ်မက်တွင် ရေကြီးခြင်း

၉။ အပေးအယူမညီမျှသောအကြည့်များ ဆီးနှင်းဖုံးခြင်း

၁၀။ နှလုံးသားထောင့် တစ်နေရာတွင် တောမီးလောင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ ခက်ခက်သစ်၏ မိုးလေဝသသတင်းအရ ဖြစ်ပေါ်လာရသော ရာသီဥတုအပြောင်းအလဲတို့၏ အဓိကအချက်များမှာ...

(က) ချူကာလီးယားမာယာများ စမ်းသပ်တီထွင်ခြင်း
(ခ) မာနခရမ်းလွန်ရောင်ခြည် ဓာတ်သင့်ခြင်း
(ဂ) Love မော်လီကျူးများ လောင်ကျွမ်းခြင်း
(ဃ) သံသယမီးခိုးများ ဖုံးလွှမ်းခြင်း
(င) ယုံကြည်မှုအိုဇုန်းလွှာ ပါးလာခြင်း

အဆိုပါ မိုးလေဝသသတင်းကို ကျောင်းသားကျောင်းသူများ ဖတ်ရှု၍ သဘောကျနေကြသည်။ အဲဒီ ကျောင်းသားများထဲ၌ တဟားဟားရယ်မောသူနှင့် ပြုံးစိစိဖြစ်နေသော သူများထဲတွင် တောက်တစ်ချက်ပြင်းပြင်းခေါက်လိုက်သော ဆံပင်တိုတိုကောင်မလေး တစ်ယောက်ရှိသည်။

ထို 'ခက်ခက်သစ် မိုးလေဝသသတင်း' ကို ထုတ်ပြန်လိုက်သောသူသည် မည်သူနည်း။

အခြားသူမဟုတ်ပါ။

ထိထိမိမိ ဦးနှောက်ပြေးသူတစ်ဦးဖြစ်သော ပေါင်မုန့်ပင်ဖြစ်၏။

ပေါင်မုန့်တစ်ယောက်တည်း ကင်တင်းတွင် ထိုင်နေသည်။ အခြေအနေအရပ်ရပ်ကို စုံစမ်းဖို့ တိုးမြင့်အောင်နှင့်တင်အောင်လတ်ကို စပိုင်အဖြစ် စေလွှတ်ထားသည်။ သူတို့ဝန်ဆောင်မှု စရိတ်အဖြစ် ဝီစကီတစ်တောင့်၊ ငှက်ပျောသီးတစ် ဖီး၊ ကြက်ဥသုံးလုံး ပေးထားရ၏။

ပေါင်မုန့် ဒီကောင်တွေကို အချိန်အတော်ကြာသည်အထိ စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေရသည်။ တော်တော်နဲ့ ပေါ်မလာ။ ပြဿနာတစ်စုံတစ်ရာများ ဘက်နေသလော။

ဒီကောင်တွေက အလုပ်လုပ်ရင် ပြီးစလွယ်ပေါ့ပျက်ပျက် ဖြစ်ကတတ်ဆန်း လုပ်တတ်သည့်ကောင်တွေ။

ခက်ခက်သစ် ရိပ်မိသွားပြီလော။ ပေါင်မုန့် စောင့်ရတာ စိတ်မရှည် ဖြစ်နေပြီ။

'ကိုပေါင်မုန့်ဆိုတာလား မသိဘူး'

ဆံပင်ရှည်ရှည်နှင့် ကောင်မလေးတစ်ယောက် ပေါင်မုန့်နား ရောက်လာသည်။ ပေါင်မုန့် ဖြုန်းခနဲဆိုတော့ ကြောင်သွား၏။ ကောင်မလေးသည် ခပ်ရှိရှိလေး ဝင်ထိုင်သည်။ ပေါင်မုန့် ကောင်မလေးကို သချာအကဲခတ်လိုက်တာ စိတ်နည်းနည်း ကုန်သွားရဲ့။ ကောင်မလေးသည် ဆံပင်ရှည်သော်လည်း ဆံပင်မှာ နီရဲရဲပွယောင်းယောင်း ရှုပ်ပွနေ၏။

မျက်မှန်ကလည်း ပါဝါထူထူကြီးနှင့်။ သွားလေးနည်းနည်း ခေါနေရဲ့။ မျက်နှာကလည်း ညိုနေသလို ကျောက်ပေါက်မာ အနည်းငယ်ရှိသည်။ သေသေချာချာကြည့်လျှင် မလှသလို အမှတ်တမဲ့ကြည့် ရင်လည်း ရုပ်ဆိုးနေသလိုပဲ။

'ဩော်... ဘာကိစ္စရှိလို့လဲ မသိဘူး'

'ဟိုလေ... ဗေဒင်မေးချင်လို့'

ကောင်မလေးက ဘယ်ကနေ သတင်းကြားလာသလဲ မသိ။ ဗေဒင်မေးချင်လို့ဆိုတော့ ဟောပေးရမှာပဲ။ အယုတ်အလတ် အမြတ် ရွေး လူတန်းစားမရွေး ဟောပေးရမှာက ပေါင်မုန့် ခံယူချက်ပဲ။

'ချစ်ရသူအတွက်လား၊ လက်ရှိချစ်သူအတွက်လား'

'နှစ်ခုစလုံးအတွက်ပါ'

ဝိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျာ… ဘယ်လိုကြီးလဲ၊ တစ်ခုခုလွဲနေသလား'

ပေါင်မုန့် အူကြောင်ကြောင် ဖြစ်သွားသည်။

'ဟုတ်တယ်လေ၊ ကျွန်မချစ်ရသူက အခုလက်ရှိချစ်သူပဲလေ၊ ဒါပေမဲ့ ရှင်ပြောတာ တစ်ခုကျန်ခဲ့သေးတယ်၊ စိတ်ကုန်နေတဲ့ ချစ်သူဆိုတာလေ'

'ဘယ်လိုဖြစ်လို့ စိတ်ကုန်နေတာလဲ'

'သူက စိတ်ကုန်နေတာပါ၊ ကျွန်မက သူ့ကို ဘာမှမလုပ်ဘူး'

'ဒါဆို ကျွန်တော်ရဲ့ ပေါ်တူဂီရိုးရာဗေဒင်လေး တွက်ကြည့်ပေါ့၊ မင်းအတွက် အဖြေတစ်ခုတော့ ကျိန်းသေရမှာပဲ'

ပေါင်မုန့်က သူ့အိတ်ထဲမှ စာရွက်နှင့်ဘောပင်ကို ထုတ်လိုက်သည်။

'ကျွန်မက ခြစ်ရမှာလား'

'မဟုတ်ဘူး၊ မင်းက ကျွန်တော်ခြစ်တာကို တော်ရင် တော်ပြီပြော၊ ကိုးခါတိတိ ပြောရမယ်နော်'

'ရပါတယ်၊ ဒါဆို ရှင်ခြစ်မှာ မှန်ပါ့မလား'

'ဒါကတော့ မကြာခင် သိရမှာပေါ့'

ပေါင်မုန့်က သူ့ပညာကို သူယုံကြည်စွာ အာမခံလိုက်သည်။

'ကဲ… စခြစ်ပြီဗျာ၊ တစ်ခုခုတော့ တွေ့ရမှာပဲ'

| | | | | |
|---|---|---|---|---|
| ပထမ | - | III III III III III II | = | 2 |
| ဒုတိယ | - | III III III II | = | 2 |
| တတိယ | - | III III III III | = | 0 |
| စတုတ္ထ | - | III III III III I | = | 1 |
| ပဉ္စမ | - | III III III II | = | 2 |
| ဆဋ္ဌမ | - | III III III III I | = | 1 |



www.burmeseclassic.com

www.burmeseclassic.com



သတ္တမ - ||| ||| ||| ||| |= 1

အဋ္ဌမ - ||| ||| ||| || = 2

နဝမ - ||| ||| ||| ||| = 0

'ကဲ… မအေဝ့ါ'

'ကျွန်မနာမည် ဝါဝါဝင့်အောင်ပါ'

'မဝါဝါ… ခင်ဗျားအတွက် ဟောကိန်းအဖြေတွေရပြီ၊ ကဲ… ပထမအနေနဲ့ 220 ရတယ်၊ မင်း လူတစ်ယောက်အကြောင်း ဒေါ်းစားနေတယ်၊ သူလည်း မင်းအကြောင်း စဉ်းစားနေတယ်'

'ဟုတ်သလိုလိုပဲ'

ဝါဝါဝင့်အောင်က သွားကလေးခေါပြူလာအောင် ရယ်သည်။

'ဒုတိယအဖြေက မင်းလူတစ်ယောက်ကြောင့် အသည်းကွဲနေတယ်၊ အဲဒီလူကို မင်းသိပ်ချစ်တယ်'

'ဒါကတော့ ကွက်တိမှန်ပဲ၊ သူ့ကိုသိပ်ချစ်တယ်'

'တတိယအဖြေက 120၊ မင်း ဒီလအတွင်းအချစ်ကြောင့် အသည်းကွဲမယ်'

'အသည်းကွဲမယ် ဟုတ်သလား၊ ခံစားရပြီပေါ့'

ဝါဝါဝင့်အောင်က စိတ်ညစ်သွားပုံရသည်။

'စိတ်ညစ်စရာပဲ၊ နောက်တစ်ယောက် ရှာရမယ့်ကိန်းပဲ'

ပေါင်မုန့် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ရည်းစားတွေ မိုလိုပေါက်ထားတဲ့ ကောင်မလေးထင်သည်။

'နောက်ထပ်တစ်ယောက်အတွက် မေးလို့ရမလား'

'နောက်တစ်ခေါက်မှ မေးပါလား'

'ရှင့်ဗေဒင်က တော်တော်စွမ်းတာပဲ၊ ကျွန်မအရင်က မသိခဲ့ဘူး၊ အခု ရည်းစား(၁၇)ယောက်မြောက်ရောက်မှ သိတော့'



www.burmeseclassic.com

www.burmeseclassic.com



ဤရုပ်ရှင်သွင်ပြင်နှင့် ရည်းစားက(၁၇)ယောက် ရှိပါ့မလား။

ပေါင်မုန့် စိတ်လေသွားသည်။ ဟိုကောင်တွေကလည်း ပေါ် မလာသေး။

'ရှင့်မှာ ရည်းစားရှိသလား'

'ဟီး… ရှိမလိုလိုနဲ့ မရှိဘူး'

'ရှင့်ကိုကျွန်မ ဟာသတစ်ပုဒ် ပြောပြချင်တယ်၊ နားထောင်ဖို့ အချိန်ရှိပါ့မလား'

'ပြောပါ… ကျွန်တော် သူငယ်ချင်းတွေကို စောင့်နေတာပါ၊ သူတို့ မကြာခင်လာတော့မှာပါ'

'တစ်ခါက ပြဇာတ်ကြည့်ပြီးပြန်လာတဲ့ သူဌေးလင်မယားဟာ အထက်တန်းစားများသာ တည်းခိုတဲ့ ရှိုင်ရယ်လန်ကက်စတာဟိုတယ် မှာရှိတဲ့ မိမိတို့ရဲ့အခန်းထဲကို ရောက်တဲ့အခါမှာ အဖိုးတန်လက်ဝတ် ရတနာပစ္စည်း အားလုံးပျောက်ဆုံးနေတာကို တွေ့ရတယ်၊ သူတို့ဟာ စကော့တလန်ယဒ်ဌာနကို ဖုန်းဆက်အကြောင်းကြားတယ်၊ ချက်ချင်း ဆိုသလို စုံထောက်တစ်ယောက် မိုးကာအင်္ကျီဝတ်ပြီး ပါးစပ်မှာ ဆေးတံကိုက်လျက်၊ ထီးတစ်လက်ကို လက်မှာ စတိုင်ကျကျကိုင်ပြီး ရောက်လာတယ်၊ လူတိုင်းကို စနစ်တကျနဲ့ အသေးစိတ် မေးမြန်း တယ်၊ ၎င်းစစ်ဆေးမေးမြန်းပုံက ကျွမ်းကျင်မှုအပြည့်နဲ့၊ တိကျသေချာမှု ရှိလွန်းလို့ လက်သည်တရားခံကို မကြာမီဖော်ထုတ်နိုင်မယ်၊ ပျောက်ဆုံး ပစ္စည်းများကို ပြန်တွေ့လိမ့်မယ်လို့ အားလုံးက ယုံကြည်ထားတယ်၊ နောက်တစ်နေ့မှာ ဇနီးမောင်နှံ တည်းခိုရာအခန်းကို ဖုန်းလာတယ်၊ စကော့တလန်ယဒ်က ဖုန်းဆက်တာ ဖြစ်နေတယ်၊ လင်မယားနှစ် ယောက်က ပျောက်ဆုံးပစ္စည်း ပြန်တွေ့ပြီလား၊ လင်မယားနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အလုံးက ဝမ်းသာအားရမေးတာပေါ့၊ တစ်ဖက်ကစုံထောက်က ပြန်ပြောဘယ်၊ ဟင့်အင်း မတွေ့သေးဘူးခင်ဗျ၊ ဒါနဲ့ လူကြီးမင်းတို့ရဲ့ အခန်းထဲမှာ ကျွန်တော့်ထီးတစ်လက် မကျန်ခဲ့ဘူးလားခင်ဗျာတဲ့'

'ဟဲဟဲ… ရယ်ရတယ်နော်'

ပေါင်မုန့်က ဝတ်ကျေတန်းကျေ ရယ်သည်။

'စုံထောက်လုပ်မယ့်သူက သူ့ပစ္စည်းသူ မေ့ကျန်ခဲ့မှတော့ဘာအလုပ်ဖြစ်ဦးမှာလဲ'

ဝါဝါဝင့်အောင်က စကော့တလန်ယက်ဒ် စုံထောက်ကို အပြစ်တင်သည်။

ဝါဝါဝင့်အောင်သည် မဆီမဆိုင်တစ်ခုခုကို ပြောနေသလားဟုသံသယဝင်လာ၏။

'ရှင့်ပညာတွေက ဒါအကုန်ပဲလား'

'ကျွန်တော် ဒီဇေဒင်တစ်ခုပဲ တတ်တာပါ'

'ရှင် ခုတလောကျောင်းထဲမှာ နာမည်ကြီးနေတဲ့'ခက်ခက်သစ် မိုးလေဝသသတင်း'ကို ကြေငြာခဲ့တာ မဟုတ်လား'

'ဟာ… အလကား… ပေါက်ပေါက်ရှာရှာ၊ ကျွန်တော်မှာအဲဒီလိုလုပ်ဖို့ အရည်အချင်း မရှိပါဘူး'

ပေါင်မုန့်စိတ်ထဲ မတင်မကျ ဖြစ်သွားသည်။ သူ့ရဲ့လုပ်ကွက်တွေအား ဒီဘာမှမဆိုင်သောသူက တပ်အပ်သိနေခြင်းသည် မသင်္ကာဖွယ်ရာ အချက်တစ်ချက်ပင် ဖြစ်သည်။ ဟိုကောင်တွေနှစ်ကောင်ဘာတွေသဲလွန်စတွေ ရှိနေသလဲ။

'ခင်ဗျားက ကျုပ်ဆိုဘာကို ဘာလို့ ရမ်းသမ်းပြောရတာလဲ'

'ရှင် ထပ်လိမ်ဖို့ မကြိုးစားပါနဲ့တော့'

ဝါဝါဝင့်အောင်က တိုက်ရိုက်စွပ်စွဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှင့် ဦးနှောက်က ပါးပါးလေးပါ၊ ကျွန်မက အစကတည်းက ရှင်ဆိုတာ တွက်ထားပြီးပြီ၊ ရှင် တော်ပါပေတယ်'

'မင်း… ဘာတွေ လာပြောနေတာလဲ'

'အမှန်တွေ ပြောနေတာလေ၊ ဟိုမှာ ရှင့် သူငယ်ချင်းနှစ်ယောက်ရဲ့ အဖြစ်ကိုလည်း ကြည့်လိုက်ပါဦး'

ပေါင်မုန့် လှမ်းကြည့်ရာ မျက်လုံးပြူးသွားသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

တိုးမြင့်အောင်နှင့်တင်အောင်လတ်သည် အဝတ်အစားမပါ ...င်းဘီတိုလေးများဖြင့် ကားတစ်စီး၏ နောက်ခန်းတွင် ငုတ်တုတ် ...တွေ ထိုင်နေကြသည်။

'ဒီကောင်တွေ ဘာဖြစ်တာလဲ'

'မိုးလေဝသ သတင်းတွေ လိုက်ပြောရင်း မုန်တိုင်းမိသွားတာ'

ဝါဝါဝင့်အောင်က မခိုးမခန့် ရယ်လိုက်သည်။ ပေါင်မုန့် ...န့်သွား၍...

'မင်း... မင်း ဘယ်သူလဲ'

ဝါဝါဝင့်အောင်က သူဆောင်းထားသော ဆံပင်အတုကို ...်လိုက်သည်။ မျက်မှန်ပါဝါထူထူကို ဖြုတ်လိုက်ပြီး သွားအတုကို ...တ်လိုက်၏။

'မင်း... မင်း... ခက်ခက်သစ်'

'သေချာတာပေါ့ ကျွန်မ ခက်ခက်သစ်ပဲ'

ပေါင်မုန့်မှာ နဖူးတွေ ဒူးတွေ ကြုံတွေ့ရသော ခက်ခက်သစ် ... ဘာတုံ့ပြန်စကား ပြောရမှန်းမသိပေ။ နတ်သမီးရှေ့ ရောက်နေ ... ကြွက်စုတ်တစ်ကောင်လို ဖြစ်နေရဲ့။ ခက်ခက်သစ်က ပေါင်မုန့်



www.burmeseclassic.com

www.burmeseclassic.com



ကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။ ပေါင်မုန့် ရင်မဆိုင်ရဲဘဲ ထွက်ပြေးရင် ကောင်းမလား၊ သူရဲဘောကြောင်စွာ တွေးမိသည်။

'ဟိုလေ ကျွန်တော် အတန်းထဲမှာ ထီးမေ့ကျန်ခဲ့လို့ သွားလိုက်ဦးမယ်'

'ရှင် ဒီလို ထွက်ပြေးသွားလို့ ရမလား၊ ကိုယ်လုပ်ထားတဲ့ အပြစ်ကို ကိုယ်ဝန်ခံရမှာပေါ့၊ ရှင် ဘာလို့ ကျွန်မကို ခုလိုလုပ်တာလဲ'

'အပျော်သက်သက်ပါ… ဟီး'

'မဖြစ်နိုင်ဘူး ရှင်နဲ့ကျွန်မ ဘာရန်ငြိုးမှ မရှိဘဲ ရန်စတာလား ဒါကို ကျွန်မ လက်မခံနိုင်ဘူး'

ခက်ခက်သစ်က ခြသေ့်မလေး ဟိန်းသလိုပြောသည်။

'မဟုတ်ပါဘူး၊ ပွင့်ပွင့်လင်းလင်း ပြောရရင် မင်းနဲ့ငါ ခင်မင်ချင်လို့ ခုလို လုပ်လိုက်ရတာပဲ'

'ရှင် ကျွန်မကို သက်သက်မဲ့ အရှက်ခွဲတာရော မဖြစ်နိုင်ဘူးလား'

'ဟာ… မဟုတ်ပါဘူး၊ ဒီလို မရည်ရွယ်ပါဘူး၊ ကျွန်တော်က ခင်မင်ရုံ သက်သက်ပါ၊ မင်းကို အရှက်ခွဲစေတဲ့ သဘောလည်း မပါပါဘူး'

'ကျွန်မ မယုံဘူး'

'ဒါတော့ မတတ်နိုင်ဘူးဗျာ'

ကားနောက်ခန်းထဲမှ ကုပ်ချောင်းချောင်းနှင့် ဝင်အောင်လည်း တို့ ထွက်လာကြသည်။ ကျောင်းသူအချို့က ဒီကောင်တွေကို ဝိုင်းကြည့်နေ၏။ သူတို့နောက်တွင် ခက်ခက်သစ်၏ ကိုယ်ရံတော် အပေါင်းအသင်း ကောင်မလေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… ပေါင်မုန့်၊ ငါတို့ကို ကယ်ပါဦးကွာ'

'မင်းတို့က ဘာဖြစ်နေလို့လဲ'

'ငါတို့မှာ အဝတ်အစားတွေ မရှိတော့ဘူး၊ ဒီကောင်မလေး ချွတ်ထားတာ'

'မင်းတို့က သူ့ကို ဘာသွားလုပ်လို့လဲ'

'အဲဒါ မင်းကြောင့်… မင်းကြောင့်… မင်းထုတ်ထားတဲ့ နီလေဝသ သတင်းကို ငါတို့ လိုက်အကဲခတ်ရင်း ခုလိုမိသွားတာပဲ'

'မင်းတို့ကလည်း ပိပိရိရိမှ မစုံစမ်းတာကွ'

ပေါင်မုန့်က မချိတင်ကဲ အပြစ်တင်သည်။

'ကောင်မလေး… မင်း ငါ့သူငယ်ချင်းတွေရဲ့ အဝတ်… ား တွေကို ဘယ်မှာဝှက်ထားသလဲ'

ပေါင်မုန့်က ဒေါသံမောသံဖြင့် ပြောသည်။ တိုးမြင့်အောင်က

'ဒီကောင်မလေး စကားမပြောကတ်ဘူး၊ မရယ်တတ်ဘူး၊ ထက်ပြီး ပြုံးခြင်းမဲ့ခြင်း မရှိဘူး'

'စက်ရုပ်လား မသိဘူး၊ ကိုင်ကြည့်ရင်ကောင်းမယ်၊ တောင့်တောင့်ဆိုရင် စက်ရုပ်ပဲ၊ ပျော့စိစိဆိုရင် လူသားပဲ'

တင်အောင်လတ်က စမ်းသပ်မည့် သဘောမျိုးပြောသည်။

'ရှင်တို့ တိတ်ကြစမ်း၊ တစ်ယောက်တစ်ပေါက် ပြောမနေနဲ့'

ခက်ခက်သစ်က ဝင်ပြောသည်။ စကားမပြောသော ကောင်မလေးက ခက်ခက်သစ် ဟန်ဆောင်ထားသော အတုတွေကို သိမ်းသည်သွားသည်။ တကယ့်ကို သွေးအေးရက်စက်မည့် ကောင်မလေး ပင်ဦးပင်။

'ခက်ခက်သစ်… သူက ဘာလို့ စကားမပြောတာလဲ'

'အဲဒါ သွားမေးပါလား'



www.burmeseclassic.com

www.burmeseclassic.com



ခက်ခက်သစ်က ကောင်မလေးကို လက်ညှိုးထိုးပြသည်။ ကောင်မလေးက ကားထဲမှာ ဝင်ထိုင်နေသည်။

'ဟော့ကောင်… ပေါင်မုန့်၊ ငါတို့ကို အဝတ်အစားတွေ တောင်းပေးဦးလေ'

'အေး… ခက်ခက်သစ်… မင်း ငါ့သူငယ်ချင်းတွေကို မရ စက်နဲ့ဟာ၊ ဒီမိုးလေဝသ သတင်းကို ငါရေးတာ အပြစ်ပေးချင်ရင် ငါ့ကိုပဲပေး သူတို့နဲ့ ဘာမှမဆိုင်ဘူး'

'ဟင်း… ဟင်း… ခုမှ ဝန်ခံတာပေါ့၊ ဒါမျိုးကို ခက်ခ က ကြိုက်တာ'

'မိဘတွေကိုပါ ကြိုပြောထားလိုက်မယ်နော်'

ပေါင်မုန့်က သူလိုရာ ဆွဲတွေး၍ နောက်သည်။

'နင်နော်… ပေါင်မုန့်ကို ယိုသုတ်ပြီး တက်နင်းပေးလိုက် မယ်'

ခက်ခက်သစ်က စိတ်တိုသွားပြီး ပေါင်မုန့်ကို အော်သည်။

'နင်… ငါနဲ့ တကယ့် မိတ်ဆွေဖြစ်ချင်တာလား'

'ရှိသမျှနတ်တွေ တိုင်တည်ရပါစေဟာ၊ ငါလေ နင့် အ အချင်းတွေကို ကြည့်ပြီး သူငယ်ချင်း ဖြစ်နေတာ ကြာပါပြီ'

'နင်မိတ်ဆွေ တကယ်ဖြစ်ချင်ရင် ငါခိုင်းတာတွေ လိုက် ပေးနိုင်မလား'

'ဟိုချင်းပိယန်းသီး ရှာပေးရမှာလား၊ ဒါမှမဟုတ် ငါးရှဥ် ပုလင်းလွတ်ထဲ ထည့်ပေးရမှာလား'

'ငါ့ ဇာတ်ကားဟောင်းတွေ ပြန်မရိုက်တတ်ဘူး'

ခက်ခက်သစ်က မကျေမနပ် ပြောသည်။

'နင် အင်္ဂလိမာလကို သိသလား'



www.burmeseclassic.com

www.burmeseclassic.com



'သိတာပေါ့၊ ဟိုနေ့ကတောင် လက်ညှိုးတစ်ချောင်း ချေး ...သွားသေး'

'နောက်မနေနဲ့ အကောင်းပြောတာ၊ အေး… ငါ အင်္ဂလိမာလ ...ည် နင့်ကို ခိုင်းချင်တယ်'

'ဗုဒ္ဓေါ… လက်ညှိုးတွေ ဖြတ်ခိုင်းမလို့လား'

'အဲဒီလောက်ထိ မရက်စက်ပါဘူးဟာ၊ ယောက်ျားပေါင်း ...စ်ထောင်ရဲ့ ငါ့ကို ကဲ့ရဲ့ရှုတ်ချ ပြစ်တင်ကြောင်း လက်မှတ်ထိုး ...တဲ့ စာရွက်တစ်ထောင် လိုချင်တယ်၊ ဘယ်လိုလဲ'

'တစ်ထောင်တောင် နည်းနည်းလျှော့ပါဦး'

ပေါင်မုန့်က မလုပ်နိုင်ဘူး မပြော။

အရေအတွက် လျှော့ခိုင်းသည်။

'လောလောဆယ် ဒီမှာ နှစ်ယောက်ရှိတယ်'

တိုးမြင့်အောင်က ဝင်ပြောသည်။

'ထားတော့… ထားတော့… ကမ္ဘာပေါ်မှာ ယောက်ျားလေး ...ွေ ရှားနေတယ်၊ နင် တစ်ထောင်ဆိုရင် ရှာလည်သွားမယ်၊ ဒီလို ...ယ်ဟာ မိန်းကလေး (၂၅)ယောက်ရဲ့ ဖိနပ်တစ်ဘက်စီ လိုချင် ...ည်'

'တစ်ရံ မဟုတ်ဘူးလား'

'မဟုတ်ဘူး… တစ်ဘက်စီ'

'တော်တော်ခက်မယ့် အလုပ်ပါလား'

'ဖိနပ်က အမျိုးအစား မတူရဘူး၊ ပုံသဏ္ဍာန် မတူရဘူး၊ ...ဲ နင်နဲ့ငါ မိတ်ဆွေဖြစ်ပြီ'

'အချိန်ဘယ်လောက် ပေးမှာလဲ၊ ငါးဆယ်သားလား'

'အချိန်က တစ်ပတ်နဲ့ ၁၀နာရီ'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်… မင်းအပေါ် ငါ အပြစ်ကျူးလွန်ထားတော့ ဒီလောက်တော့ လုပ်ပေးရမှာပေါ့၊ မခဲယဉ်းပါဘူး'

'ဖိနပ်အသစ်တွေ မရဘူးနော်'

'စိတ်ချပါ ဖုန်မှုန့်ကပ်နေတာတို့ ချေးချေးနင်းတာတို့ရော ပါစေရမယ်'

ပေါင်မုန့်က ရဲရဲဝံ့ဝံ့ အာမခံနေသည်။ တိုးမြင့်အောင်တို့ နှစ်ယောက်လည်း ပေါင်မုန့် ခက်ခဲတဲ့ အလုပ်ကြီးကို လက်ခံခဲ့တာကို နားမလည်ဖြစ်နေရဲ့။

'ရှင်… မလုပ်နိုင်ရင်လည်း စောစောစီးစီးပြောနော်၊ နောက် တစ်ခုခုဖြစ်မှ လိုက်ဖြေရှင်းနေရင် ကျွန်မနဲ့ မပတ်သက်ဘူးနော်'

'အေးအေးဆေးဆေးသာနေပါ၊ မင်းလိုချင်တဲ့ ဖိနပ်(၂၅)ဘက် ကို ရစေရမယ်၊ ဘာမှတွေးမနေနဲ့'

'ရှင့်ကို ကျွန်မ ယုံကြည်ပါတယ်'

ခက်ခက်သစ်က ကားပေါ်တက်သွားသည်။ ကားက ဝူးခနဲ မောင်းသွားသည်။

'ဟေ့ကောင်… မင်းရူးနေလား'

'ရူးတာမဟုတ်ဘူး၊ စွန့်စားမှာ'

'သေလိုက်ကွာ… ပေါင်မုန့်ရာ'

တင်အောင်လတ်က အသံကျယ်ကြီးနှင့်အော်သည်။

'မင်းတို့ မသိဘူး၊ ငါ… ငါ ခက်ခက်သစ်ကို ချစ်မိသွားပြီ'

'ထပ်သေလိုက်ကွာ'

တိုးမြင့်အောင်က ထပ်ပြောသည်။ မရည်ရွယ်ဘဲ အမြင်ကပ်သွားသော ဝမ်းခေါင်းသံနှင့်။

ခက်ခက်သစ်သည် စင်ဒရဲလား မင်းသမီးလေးလို လှပနေပြီး ပေါင်မုန့်မှာ ဖိနပ်(၂၅)ဘက်ကို မင်းသားလေးလို ရှာဖွေပြီးပြေး

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မနက် ဖြနာရီခွဲ။

ကင်တင်းရှေ့ ကားတစ်စီး ဝူးခနဲ ဆိုက်လာတော့ စားပွဲထိုး
...ယောက်က ဘယ်တောင်ပံ ညာတောင်ပံဖြန့်၍ အပြေးသွားသည်။
...ကောင်တာတွင်ရှိသော ဆိုင်ရှင်က ကားကိုသာ လှမ်းကြည့်နေ၏။

ကားပေါ်မှ အရင်ဆုံးဆင်းလာသောသူက ပန်းနု ရောင်ဂါဝန်
...လေးနှင့် ခက်ခက်သစ်။

နောက်မှ ထပ်ဆင်းလာသူက ဂျင်းစတားဝတ်စုံဖြင့် ခပ်တည်
...ည် ရှသိုးသိုးနှင့် ကောင်မလေး။

စားပွဲထိုးတွေရဲ့ အမေးကို နှစ်ယောက်စလုံး လျစ်လျူရှု၍
...တစ်ဝိုင်းတွင် ဝင်ထိုင်သည်။

ဆိုင်တစ်ဆိုင်လုံးတွင် စုံတွဲတစ်တွဲသာ ရှိ၏။ ခက်ခက်သစ်
...ချိန် အဲဒီစုံတွဲမှ ကောင်လေးက လည်ပင်းကြောပြတ်သွားမတတ်
...ကြည့်နေ၍ ကောင်မလေးက သမုဒ္ဒရာဝမ်း တစ်ထွာရဲ့ ဘယ်ဘက်
...ငှ(ခါး)ကို ဆွဲလိမ်နေသည်။

ချိန်းထားသော အချိန်အတိုင်း ပေါင်မုန့်ကို မျှော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်မလာခင် အားလူးကက်တလိတ်နှစ်ယောက် ဒရောသောပါး ရောက်လာသည်။

'ပေါင်မုန့် လာပြီလား'

တိုးမြင့်အောင်က အမောတကော မေးသည်။

'အစ်ကို… ပေါင်မုန့် ကုန်သွားပြီ၊ မနက်ကကျန်တဲ့ အီကြာကွေးတစ်ချောင်းတော့ ရှိသေးတယ်'

စားပွဲထိုးလေးက နားစွန်နားဖျားကြား၍ ရှိရှိလေးလာနေသည်။

'ဟော့… ငါတို့က စားစရာပေါင်မုန့်ကို မေးတာမဟုတ်ဘူး'

တင်အောင်လတ်က ပြောပြောဆိုဆိုနှင့် ဝင်ထိုင်သည်။ မျက်လုံးတွေက ခက်ခက်သစ်ကို တရစပ်ကြည့်ရင်းနဲ့ပေါ့။

'ပေါင်မုန့် ပျောက်နေတာကြာပြီ၊ ဒီကောင် ဘုရားပေါ်မှာ ဖိနပ်တွေ လိုက်ခိုးနေလား မသိဘူး'

'အလှူအိမ်တွေမှာ ချောင်းနေတာ တွေ့တယ်'

ခက်ခက်သစ်က ယဉ်ယဉ်ကျေးကျေး လှလှပပ ပြုံးရင်း…

'ရှင်တို့ ထင်သလို ပေါင်မုန့်က လုပ်ရဲပါ့မလား'

'မထင်နဲ့နော် ဒီကောင် ဇ ရှိတယ်'

'စလုံး ဆလိမ်ကျော်ပြီး ဇ ရှိနိုင်ပါ့မလား'

ခက်ခက်သစ်က ပြန်မေးသည်။

'ဟေး… ခက်ခက်သစ်'

လက်တွန်းလှည်းတစ်စီးနှင့် ဆိုင်ရှေ့ထိုးရပ်လာသော ပေါင်မုန့်ကို အကုန်လုံး လှမ်းကြည့်မိသည်။

လှည်းထဲတွင် မြွေရေခွံအိတ်ကို ပလတ်စတစ်ကြိုးဖြင့် ချည်ထားသော အထုပ်တစ်ထုပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… ဖိနပ်တွေ ဘယ်ကခိုးလာတာလဲ'

တိုးမြင့်အောင်က ထိုင်နေရာမှထ၍ ခါးထောက်ကာ လှမ်းပြောသည်။ ပေါင်မုန့်က အိတ်ထုပ်ကို လှည်းပေါ်မှချ၍ သွန်လိုက်သည်။

အိတ်ထဲမှ ဖိနပ်တွေ အများကြီးထွက်လာသည်။

ဖိနပ်တွေက လည်း အမျိုးအစားစုံလင်စွာ ရှိပေမဲ့ အကုန်လုံး တစ်ဖက်ချည်းသာ။

'ရှင့် နှုတ်ခမ်းမွေးက ညီနေတာပဲနော်'

ခက်ခက်သစ်က တင်အောင်လတ်ကို ရုတ်တရက် မေးသည်။

'ဒါ သေချာပြုပြင်ယူထားရတာ'

'ချီကျူးပါတယ် ကျွန်မကို အဲဒီ ဖိနပ်လေးတွေကို ရွေးပြီးစီဆီးပါလား'

တင်အောင်လတ်မှာ အောင့်သီးအောင့်သက်နှင့် ပေါင်မုန့်သွန်ချလိုက်သော ဖိနပ်တွေကို သူ့ခြေထောက်ဖြင့် ဆိုင်ရဲ့ရှေ့တွင် စီပေးနေရသည်။ ခက်ခက်သစ်ကလည်း ဖိနပ်တွေကို ရေတွက်နေသည်။

'တစ်ဖက်လိုသေးပါလား'

ဖိနပ်မှာ (၂၄)ဘက်သာ ရှိသည်။ ညှပ်ဖိနပ်၊ ကတ္တီပါဖိနပ်၊ ကြိုးသိုင်းဖိနပ်၊ ဒေါက်ဖိနပ် စသဖြင့် အစုံအလင်နှင့် တစ်ဘက်စီ ရှိသည်။

'တစ်ဖက်က ဒီမှာလေ'

ပေါင်မုန့်က သူ့ခါးကြားထိုးလာသော ဖိနပ်တစ်ဖက်ကို ဆွဲထုတ်ပြသည်။

ဖိနပ်က စီးမရသော ဖိနပ်။



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖွာစာရှိသော ဖိနပ်လေး။

'ဒါက ဘယ်သူ့ ဖိနပ်လဲ'

'မမနဲ့ ဆက်တဲ့ ဖိနပ်လေ၊ ဒါကို မနည်းရအောင် ယူလာရတယ်၊ ဘဲဥနှစ်လုံးစာ ကုန်သွားတယ်'

ခက်ခက်သစ်က ခိုးခိုးခစ်ခစ် ရယ်သည်။ ဆံပင်လေးတွေ ဖြာထွက်သွားအောင် ရယ်သည်။

အရယ်ရပ်၍ လှပစွာပြုံးကာ…

'မထင်ရအောင် ရယ်ရတယ်'

ခက်ခက်သစ်က ဖိနပ်အမျိုးအစားတွေကို လိုက်ရေတွက်နေသည်။

ပေါင်မုန့်က ဒီဖိနပ်တွေကို ဘယ်နေရာက ရှာလာသလဲဆိုတာကို တင်အောင်လတ်တို့ မတွေးတတ်။

ဒီရက်ပိုင်းအတွင်း ပျောက်နေသည်မှာ ဖိနပ်ကို ရှာနေခြင်းလော။

ဘာပဲဖြစ်ဖြစ် ခက်ခက်သစ်ကတော့ ပေါင်မုန့်ကို သိသိသာသာ အမှတ်ပေးခဲ့ပြီ။

'ကဲ… ခင်ဗျားနဲ့ ကျွန်တော် မိတ်ဆွေဖြစ်ခွင့် အစစ်အမှန် ရပြီလား'

ပေါင်မုန့်က အောင်နိုင်သူလေသံဖြင့် အထက်စီးဆန်ဆန် ပြောသည်။

'ရှင်ဟာ… ခက်ခက်ရဲ့ ပထမဆုံးသော မိတ်ဆွေဖြစ်ခွင့် ရတဲ့ ယောက်ျားလေး သူငယ်ချင်းပဲ'

'ဟာ… ဟား… နယ်မြေသစ်ကို ရှာတွေ့တဲ့ ကိုလံဘတ်တောင် ကျွန်တော့်လောက်ပျော်မှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်က လက်သီးဆုပ်၍ ဟစ်ကြွေးသည်။ ခက်ခက်သစ်က ခပ်တည်တည်ပြုံး၍…

'ပျော်မနေနဲ့ဦး ဒါအစပဲရှိသေးတယ်၊ ခက်ခက်က ပေါက်ပေါက်ရှာရှာတွေ ရှင့်ကို လုပ်ခိုင်းဦးမှာနော်၊ တစ်ဝက်လောက်ရောက်မှ ဝရုန်းသုန်းကားနဲ့ ထွက်ပြေးသွားဦးမယ်'

'နတ်ယိမ်းထွက်ပြီးမှတော့ နှစ်ပါးသွားပါ ကရမှာပေါ့၊ ခွန်းထောက်လေးနဲ့တင် ပွဲသိမ်းလို့ရတာမှ မဟုတ်တာဘဲ'

ပေါင်မုန့်က လက်ပိုက်၍ ပြဇာတ်မင်းသားစတိုင် ထုတ်နေသည်။

'ရှင်က ခက်ခက် ထင်တာထက်တောင် တော်နေပါလား'

'မပြောက်ပါနဲ့ဗျာ၊ ခင်ဗျားလေးနဲ့ မိတ်ဆွေဖြစ်ဖို့အရေး ကျုပ်ရင်းနှီးခဲ့ရတာတွေက ဟောဒီ ရင်ဘတ်ကြီးတစ်ခုလုံး ပွင့်ထွက်မတတ်ဘဲ'

'အပြောကောင်းမနေနဲ့ ခက်ခက် ပြန်တော့မယ်'

'တစ်ခုမေးရဦးမယ်၊ နောက်ထပ် ဘာတွေ ဖွေဖွေရှာရှာနဲ့ ပညာစမ်းဖို့ ရှိသေးသလဲ၊ ဦးနှောက်ကို ဖွင့်ထားမလို့'

'လောလောဆယ် မရှိသေးဘူး၊ လောကမှာ ရှင် မလုပ်နိုင်တဲ့ ကိစ္စတွေ ရှိပါသေးတယ်၊ ခက်ခက် ဟမ်းဖုန်းနံပါတ် ပေးခဲ့မယ်၊ ရှင့်မှာ ဖုန်းဖိုးရှိရင် လှမ်းဆက်ပေါ့'

'နေပါဦးဗျာ… ကျုပ်စိတ်ထဲ မတင်မကျ ဖြစ်နေတာလေး ရှိသေးတယ်'

ပေါင်မုန့်က မျက်မှောင်ကြုတ်၍ မေးသည်။

'ဘာလဲ… ပြောပါ'

'ခင်ဗျားလေးဘေးမှာ အမြဲပါနေတဲ့ ကောင်လေးက ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့ စကားမပြောတာလဲ၊ မွေးရာပါ ဆွံ့အနေတာလား၊ ရုပ်ကလေး သနားကမားနဲ့'

ပေါင်မုန့်က မျက်မှန်နက်နှင့် ဖိုက်တာအသွင် ယောကျ်ား လျာမလေးလို ကောင်မလေးကို သိချင်၍ လက်ညှိုးထိုး မေးသည်။ ခက်ခက်သစ်က ခြောက်ကပ်ကပ်ရယ်ရင်း…

'သူလား… သူက ခက်ခက် ညီမလေးလေ'

'ဟာ… ဟုတ်လား၊ သနားစရာလေးနော်'

ပေါင်မုန့်က သနားလေဟန် ကြည့်သော်လည်း ကောင်မ လေးက ရှုံ့သိုးနှင့် တစ်ဖက်လှည့်သွားသည်။

'သူက မွေးရာပါဆွံ့အ မဟုတ်ဘူး၊ လောလောလတ်လတ် ကျိန်စာမိထားတာ၊ ဒါကြောင့် စကားမပြောနိုင် ဖြစ်နေတာ'

'ဗျာ… ဘယ်လိုကြီးလဲ'

'တော်ပြီ ဆက်မမေးနဲ့တော့ သွားမယ်'

ခက်ခက်သစ်က ဟောဟောဒိုင်းဒိုင်း ကားပေါ်တက်သွား သည်။

စကားမပြောတတ်ဘဲ ကျိန်စာမိနေသော ကောင်မလေးက မကြည်မလင် ကြည့်သွား၏။

'ဟေ့ကောင်… ပေါင်မုန့်၊ မင်း ဘာတွေ လျှောက်မေး နေတာလဲ'

တင်အောင်လတ်က ခါးထောက်၍ ပြောသည်။

'သိချင်လို့ မေးတာပေါ့ကွာ၊ ခက်ခက် ညာနေတာကွ၊ ဒီ ကောင်မလေး ကျိန်စာမိတာ မဟုတ်ဘူး၊ စကားမပြောတတ်ချင်ယောင် ဆောင်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတွေ ငါ မတွေးတတ်ဘူး၊ မင်း ဒီဖိနပ်တွေကို ဘယ်က ရလာသလဲ၊ လင်းစမ်းပါဦး'

တိုးမြင့်အောင်က ဖိနပ်ပုံကို လက်ညှိုးနဲ့ ထိုးပြ၍ မေးသည်။

'ပထမတော့ ငါ ဒီလောက်များတဲ့ ဖိနပ်တွေကို ဘယ်နား သွားရှာရမှန်း မသိဘူး၊ နောက်တော့ ငါ စဉ်းစားရင်း အဖြေပေါ်သွား တယ်၊

ငါတို့ လမ်းထိပ်မှာ ယိုစုံလုပ်ငန်းရှိတယ်၊ အဲဒီမှာ ကောင်မ လေး ဝန်ထမ်းတွေ အယောက်(၅၀)လောက်ရှိတယ်၊ အဲဒီ ပိုင်ရှင်နဲ့ ငါနဲ့ ရင်းနှီးတယ်'

'ဟုတ်လားချေလား'

'ပိုင်ရှင်က ကောင်မလေးတွေကို ဘောနပ်ပေးရင်း လက် ဆောင်တွေ ဘာတွေပေးဖို့ စဉ်းစားတယ်၊ ငါလည်း ဘယ်ရမလဲ၊ ကောင်မလေးတွေက လာရတာဝေးလို့ သူတို့ကို ဖိနပ်တစ်ရံစီ လက် ဆောင်ပေးသင့်တယ်၊ ငါ အကြံပေးတာပေါ့၊ ပိုင်ရှင်လက်ခံသွားတော့ ငါ သူ့ကို ဖိနပ်ဆိုင်တစ်ဆိုင်နဲ့ ချိတ်ပေးလိုက်တယ်။ ငါလည်း ကော် ရှင်ရ၊

ကောင်မလေးတွေရဲ့ ဖိနပ်အဟောင်းတွေက တစ်ဖက်စီကို ပေးသယ်လာ ဘာမှလည်း မပင်ပန်းဘူး၊ ဘာမှလည်း မကုန်ဘူး၊ ဒီ ဖိနပ်တစ်ဖက်တွေ ဘက်ပဲ့တွေကို ခဏနေရင် ကုလားက၊ လာသိမ်း သွားမှာ တစ်ရံကို တစ်ရာရတယ်'

'ကောင်မလေးတွေက သူတို့ ဖိနပ်အဟောင်းတွေ မင်းယူ သွားလို့ ပေးသလား'

'ပေးတာပေါ့ကွ၊ ငါကလည်း ခက်ခက်သစ် ကိစ္စကို ပြောပြ ပြီး အကူအညီတောင်းရတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'မင်းကလည်း မရှက်ဘူးလား'

တင်အောင်လတ်က ရှုံ့မဲ့မဲ့ ပြောသည်။

'ဘာလို့ ရှက်ရမှာလဲကွ၊ သူများပစ္စည်း ခိုးတာမှ မဟုတ်ဘဲ'

'မင်းလည်း ကြောင်နေပြီ'

'ကိုယ့်အစွမ်းအစနဲ့ ကိုယ်ကြောင်တာ ဘာဖြစ်လဲ'

ပေါင်မုန့်က တစ်ခွန်းမခံ ပြန်ပြောသည်။

'ခက်ခက်သစ်က မင်းကို လှည့်စားသွားမှာ မကြောက်ဘူးလား'

'လှည့်ပဲစားစား ဒွဲပဲစားစား ခက်ခက်သစ်က နိတုံရွှေရွှေနဲ့ မွမ်းမံထားတဲ့သူ မို့လို့လား၊ သူလည်း လူထဲကလူပဲ၊ လူတွေ သူ့ကို မဟုတ်မမှန်တဲ့ အကြံအစည်တွေနဲ့ ချဉ်းကပ်နေတာ အပြစ်လုပ်ထားတဲ့ သူကတော့ ရှိနိမှာပဲ၊ ငါက ခက်ခက်သစ် ရိုးရိုးသားသား ခင်ခင်မင်မင် သဘောမျိုးပဲထားတာ'

'အစမို့လို့ပါကွာ… မင်းလား…'

'ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွေက ပြောချင်တာတွေ ပြောကြပါစေရယ်၊ မင်းတို့ ဘာပဲပြောပြော ခက်ခက်သစ်ဟာ နှလုံးသားရဲ့ ဘယ်ဘက်ရင်အုံထောင့်မှာ နှစ်(၆၀)ဂရမ်နဲ့ အပိုင် ထားလိုက်ပြီ'

ပေါင်မုန့်က ရင်ဘတ်ကို ဖွဖွလေးဖိရင်း ပြောသည်။

□ □ □

တစ်ခါက အင်္ဂလိပ်လူငယ်လေး တစ်ယောက်သည် တစ်ခုနှင့် ဝါရှင်တန်သို့ ရောက်ရှိနေသည်။ တစ်နေ့တွင် ဟိုတယ်



www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်ရန် ဓာတ်လှေကား စောင့်နေစဉ် ချောမောလှပသော မိန်းမပျိုလေးတစ်ယောက် ရောက်လာပြီး သူ့ကို မေးသည်။

'ရှင် အိမ်ထောင်နဲ့လားဟင်'

လူငယ်သည် တစ်ခဏမျှ စဉ်းစားနေသေးသည်။ ထိုနောက် မလိမ်ညာဘဲ အမှန်အတိုင်းပြောလိုက်ခြင်းက ပို၍ကောင်းမည်ဟု တွေးမိကာ…

'အိမ်ထောင်နဲ့ပါ'

'ကလေးတွေ ဘာတွေရော ရှိသလား'

'တစ်ယောက်ရှိပါတယ်'

'သားလေးလား… သမီးလေးလား'

လူငယ်က သိပ်စိတ်မရှည် ဖြစ်လာသည်။

'သားလေးပါ'

'ရှင့် မိန်းမမှာ ခယ်မတွေ ဘာတွေရှိသလား'

'မရှိပါဘူး ခင်ဗျား ဘာကို သိချင်လို့လဲ'

ထိုအခါ မိန်းမပျိုကလေးက နောက်ကျောလှည့်ပေးပြီး ပြောလိုက်သည်။

'ဒါဆိုရင် ကျွန်မ အင်္ကျီနောက်ကျောက ကြယ်သီးတပ်ပေးပါရှင်'

ထိုမိန်းမပျိုသည် လိုရင်းတစ်ခုရောက်ဖို့ သဘာဝကျကျ မေးတတ်သော အမျိုးအစားထဲတွင် ပါဝင်သည်။

ထို့အတူ ပေါင်မုန့်သည် လည်းကောင်း…

ခက်ခက်သစ်သည် လည်းကောင်း…။

အချစ်အကြောင်း စကားစပ်မိတာနဲ့

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အံစာတုံးကို ရင်ဘတ်ပေါ်လိုမ့်လို့
ဂူထဲ(သို့) ဒဏ္ဍာရီထဲက ထွက်လာကြတဲ့
ဇဝပေါက်စနလေးနဲ့ အာဒမ်ပေါက်စနလေး အကြောင်းက
စပြောရတော့မယ်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ပေါင်မုန့်တစ်ယောက် မနေနိုင်မထိုင်နိုင် ဆတ်ဆော့စွာဖြင့် ခက်ခက်သစ်ဆီသို့ ဖုန်းခေါ်လေသည်။ ရင်တထိတ်ထိတ်နှင့် တောနက်ထဲ ဝင်ရသလို ခံစားနေရသည်။ ဖုန်းက ချက်ချင်းတန်းဝင်သွား၏။

'နာမည် ပြောပါ၊ အသက်၊ မွေးဇာတိ၊ ပညာအရည်အချင်း အပြည့်အစုံ ပြောပါ'

ပေါင်မုန့် ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'ဗျာ… ကျွန်တော် အလုပ်မလျှောက်ထားပါဘူး'

'ဟင်း… ခစ်… ခစ်'

တစ်ဘက်မှ ခက်ခက်သစ် ရယ်သံကို ကြားရသည်။

'ပြော… ဘာကိစ္စလဲ'

'နေကောင်းလားလို့ လှမ်းမေးတာ'

ပေါင်မုန့်က ပါးစပ်ထဲရှိရာ ပြောချလိုက်သည်။

'ခုတစ်လော ကျန်းမာရေး ချူချာနေတယ်'

'ဘာဖြစ်လို့လဲ'

'နှာခေါင်းထဲက နှာရည်မထွက်ဘဲ အစာအိမ်က စားသမျှ ဘက်ခံနေတယ်'

'အဲဒါ နင် ဆေးခန်းလေး ဘာလေး မပြဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဆရာဝန်က ချောင်းဆိုးနေလို့'

'တော်သေးတာပေါ့၊ သူနာပြုတွေက ထွေးခံနဲ့ ခေါင်းဆောင်းကို မှားမဆောင်းလို့'

ပေါင်မုန့်ကလည်း အရှိန်းပြန်ဖောက်သည်။

'ခက်ခက်… နက်ဖြန် အားသလား'

'ဟင့်အင်း… မအားဘူး၊ ဦးလေး အင်ဂျင်နီယာတစ်ယောက်သတင်းသွားမေးစရာရှိလို့'

'သူက ဘာဖြစ်လို့လဲ'

'အလုပ်ခွင်မှာ ပေါင်မုန့်ကြမ်းတွေကို အုတ်ခဲနဲ့မှားပြီး အိမ်ဆောက်လိုက်မိလို့'

'တော်သေးတာပေါ့၊ ပလာတာတွေကို ပါကေးမခင်းမိတာ'

'အခေါ်ဒီဖိုင်နာ တစ်ယောက်လည်း အမှုရင်ဆိုင်နေရတယ်'

'ဘာဖြစ်လို့'

'ဖယောင်းပုဆိုးကို ဘော်လီချုပ်ပေးလိုက်လို့'

'အမလေး… တော်တော်လေးနေမှာပဲ'

'သွား… ပေါက်ကရတွေ'

ခက်ခက်သစ်က ရယ်၍ပြန်ပြောသည်။ ခက်ခက်သစ် ရယ်သံလေးသည် ချိုမြိန်၍ အရည်ရွှမ်းသော သစ်သီးကို ဖွဖွလေးကိုက်သံမျိုးပင်။

'ဟဲ့… နင် နက်ဖြန် ကျောင်းတက်မှာလား'

'တက်မှာပေါ့ ဒါပေမဲ့ဟာ ငါ့ကို ကြောင်နေတဲ့ အကောင်သုံးကောင်က ငါ့ဆီက အဖြေကိုစောင့်နေတာ တစ်ပတ်ပြည့်သွားနေ့ပဲ၊ အဲဒါ ဘယ်လိုရှောင်ရမှန်း မသိဘူး၊ ရုပ်ရှင်ထဲကလို နင်နဲ့ဟန်ဆောင်ပန်ဆောင် တွဲပြမယ်ဆိုလည်း ရိုးနေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'မလုပ်ပါနဲ့ဟာ… ငါ ချောင်းပြီး အရိုက်ခံနေရဦးမယ်'

'ငါ ဒင်းတို့ကို ဘယ်လိုပထုတ်ရင် ကောင်းမလဲ'

ခက်ခက်သစ်က တိုင်ပင်သည်။ တကယ်တော့ တမင်သက်သက် တိုင်ပင်ခြင်းပင်။ သူ့မှာတွင် ဉာဏ်နီဉာဏ်နက်တွေ တစ်လှေကြီးရှိသည်။

'နင့်ကို ငါ ဘယ်လို ကူညီရမလဲ ခက်ခက်သစ်'

'အံမာ… နင့်ကိုပဲ အကူအညီတောင်းတယ် ထင်လို့လား၊ ငါ့ဘာသာ သပ်သပ်ရပ်ရပ် ဖြေရှင်းတတ်တယ်'

'အေးပေါ့ဟာ… နင်က ဆရာကြီးပဲဟာကို'

'အပိုတွေ ပြောမနေနဲ့၊ နင် မနက်ဖြန် ကျောင်းထဲမှာ ငါ့ကို စောင့်နေ မလွဲစေနဲ့ ဟိုတစ်ခါတွေ့တဲ့ ကင်တင်းမှာပဲ'

'ဟို စကားမပြောတတ်တဲ့ ကောင်မလေးကို ခေါ်လာမှာလား'

'ခေါ်ရမှာပဲ သူက ငါ့ ကိုယ်ရံတော် နံပါတ်(၁)၊ နံပါတ်(၂) အတော့ဟာ ခုမှ ရွေးတုန်းပဲ'

'မထူးပါဘူးဟာ… ငါ့ပဲ ရွေးလိုက်တော့ လစာမဲ့ကိုယ်ရံတော်၊ ဘောနပ်နတ္ထိ ဘော်ဒီဂတ်၊ အချိန်ပိုကြေးပျောက် သက်တော်စောင့်အဖြစ် သစ္စာရှိရှိ ထမ်းဆောင်ပါ့မယ်'

'လက်ဖက်ရည်ဖိုးလေးတော့ ပေးမှာပေါ့… ခစ်… ခစ်'

ခက်ခက်သစ်က သဘောကျ၍ ရယ်မောသည်။ ပေါင်မုန့်အတော့ အပျော်လှိုင်းတွေ ရင်ထဲရိုက်ခတ်နေသည်။

'ဟဲ့… ဟဲ့… ဒါပဲနော်၊ ဟိုမှာ ဒယ်ဒီလာနေပြီ၊ တာ့တာ'

ခက်ခက်သစ်က ဗွပ်ခနဲ ဖုန်းချသွားသည်။ စကားပြောလိုတာ အလင်လင် စိုစိုပြေပြေမရှိလေခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ခက်ခက်သစ်သည် ပေါင်မုန့်အား မီးကင်၍ ထောပတ်သုတ်မည်လော။ အသားညှပ်၍ ကိုက်ဝါးမည်လော။ ဒါမှမဟုတ် ရေထဲစိမ်၍ ပျော့ဖတ်ကြေမွသွားအောင် လုပ်မည်လော။

ခက်ခက်သစ် အရှုးလုပ်ခြင်းမှ ကင်းဝေးအောင် သမ္မာဒေဝ နတ်မြတ်နတ်ကောင်း အပေါင်းတို့ စောင့်ရှောက်ကြပါလေကုန်။

□ □ □

ပေါင်မုန့် အိပ်မက်တစ်ခု မက်သည်။ အိပ်မက်ထဲတွင် သူသည် ကြည့်ရှုသူတွေ ပတ်ပတ်လည် ဝိုင်းရံထားသော ကွင်းကြီးထဲ ရောက်နေသည်။ အပြင်အဆင်များက ရောမခေတ်။ မြင်းစီးစစ်သည်များက ကွင်းပတ်ပတ်လည် လှံတွေကိုင်လျက် ပြေးလွှားနေကြသည်။ ပေါင်မုန့်သည် ဖျင်ကြမ်းဝတ်စုံလေး ဝတ်ဆင်ထားပြီး လက်ထဲတွင် လှံတစ်ချောင်း ကိုင်ထားသည်။ ပေါင်မုန့်ဘေးတွင်လည်း ဝတ်စုံအမျိုးမျိုးဖြင့် လက်နက်မျိုးစုံ စွဲကိုင်ထားသော သူတွေရှိသည်။ သူရဲကောင်း ရွေးချယ်ပြိုင်ပွဲပင်လော။ ပေါင်မုန့်သည် သူရဲကောင်းတစ်ယောက်အဖြစ် ပြိုင်ပွဲဝင်ရန် အသင့်အနေအထား ရှိနေသလို။

ထိုစဉ် ခရာမှုတ်သံများကို ကြားလိုက်ရသည်။ ဝေါယာဉ်ဖြင့် အုပ်ချုပ်သူ လူကြီးတွေ အသီးသီး ရောက်လာသည်။ အဲဒီ အထဲတွင် လှပခမ်းနားသော ဝေါယာဉ်တစ်ခုလည်း ပါသည်။

'ဒါ... ဘာပြိုင်ပွဲလဲ'

ပေါင်မုန့်က ရဲမက်တစ်ဦးကို မသိ၍မေးသည်။

'မင်းသမီးလေးရဲ့ ကြင်ယာတော်ရွေးပွဲ တစ်တိုင်းပြည်လုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ သူရဲကောင်းတွေ ဝင်ပြိုင်ကြမယ့် စီးချင်းထိုးပွဲလေ၊ မင်းရော ပါတယ် မဟုတ်လား’

‘အင်း’

ပေါင်မုန့်လည်း လွယ်လွယ်ပင် ခေါင်းညိတ်လိုက်သည်။ ထိုအချိန်တွင် ကွင်းထဲမှ မင်းသမီးလေး ရောက်လာ၍ ဝမ်းမြောက်ဝမ်းသာ အော်ဟစ်သံတွေကို ကြားရ၏။ ပေါင်မုန့်လည်း မင်းသမီးလေးကို လူအုပ်တွေထဲမှ အတင်းတိုးဝှေ့၍ ကြည့်ရာ မင်းသမီးလေးမှာ ခက်ခက်သစ် ဖြစ်နေသည်။ ပေါင်မုန့် ဝမ်းသာသွား၏။

‘သူရဲကောင်းတွေ နေရာယူပါ’

အကဲဖြတ်လူကြီး တစ်ယောက်၏ အော်သံကြားရသည်။ ပေါင်မုန့်လည်း ယောင်တောင်တောင်ဖြင့် အခြားသူရဲကောင်းတွေ ရှိနေသည့်နေရာတွင် ဝင်ရပ်သည်။ ဗလတောင့်တောင့် သူရဲကောင်းတွေကြားတွင် ပိန်ညှက်ညှက် သူရဲကောင်းလေးက ဝင်ရပ်နေသည့်အတွက် ကြည့်မကောင်း။ ကျန်သူရဲကောင်းတွေက ,ပေါင်မုန့်ကို အထူးအဆန်းသလိုလို အထင်သေးသလိုလို ဝိုင်းကြည့်ကြသည်။ လှံတစ်ချက်ထိုးစာကြောင့် တစ်ကိုယ်လုံး တစ်စစီ ပဲ့ထွက်သွားမယ့် ပေါင်မုန့်ကို သနားသည့်အကြည့်နှင့် ကြည့်တဲ့သူများလည်း ရှိသည်။

ပြိုင်ပွဲက စလေပြီ။ မင်းသမီးလေး ခက်ခက်သစ်က စင်မြင့်ပေါ်မှ ကြည့်နေသည်။ နတ်သမီးလေး တစ်ပါးကဲ့သို့ တင့်တယ်လှပလေ၏။

ပြိုင်ပွဲဝင် သူရဲကောင်းများက အုပ်စုခွဲ၍ နေရာယူထားကြသည်။ ဟိုဘက်ဒီဘက် အုပ်စုချင်းအရင် ပြိုင်ရမည်။ ဒဏ်ရာရရုံ မတော်။ ပွဲသိမ်းအပြတ်ပင်။ သေသွားသော သူရဲကောင်းများကို ခြင်္သေ့တွေ မွေးထားသည့် သားရဲတွင်းထဲပစ်ချမည်။ အသေအကြေ



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ပြိုင်ရမည့် တိုက်ပွဲကိုတွေးရင်း ပေါင်မုန့် ထွက်ပြေးချင်စိတ် ပေါက်သွားသည်။ သို့သော် ခက်ခက်သစ်ကို ရမည့်အရေးမို့ လှံတံကို ရဲရဲတင်းတင်း ဆုပ်ကိုင်၍ ရဲစွမ်းသတ္တိအပြည့် ထည့်ထား၏။ သူ့ရှေ့တွင် သူ့ရဲကောင်းတွေ ခုတ်ဖြတ်ထိုးသတ်နေသည်ကို မျက်ဝါးထင်ထင် တွေ့ရသည်။ သားရဲတွင်းထဲမှ ခြင်္သေ့များ၏ ဟိန်းဟောက်သံကိုလည်း ကြားရ၏။ အသည်းတယားယား ရင်တဖိုဖိုနှင့်။

ပေါင်မုန့် ယှဉ်ပြိုင်ရမည့်အလှည့် ရောက်လာပြီ။ သူနှင့်ပြိုင်ရမည့် သူ့ရဲကောင်းသည် သူ့ထက်ထွားကျိုင်းသည်။ သေချာကြည့်ရာ ပေါင်မုန့် မြင်ဖူးသလိုလို ရှိသည်။ ရက်ပ်ပါခမ်းလေးပင် ဖြစ်၏။ ကျွန်းနဲ့သင် လယ်ပြင်မှာ တွေ့ကြပြီပေါ့။ ခမ်းလေးလက်ထဲတွင် အရှည်အသွားထက်သော လှံကြီးကို ကိုင်ဆောင်ထားသည်။ ပေါင်မုန့်လည်း အသင့်နေရာယူ၍ သူ့လက်ထဲမှ လှံတံကို ဝှေ့ယမ်းလိုက်၏။ အဝှေ့လွန်၍ လှံတံနှင့်မေးရိုး မိတ်ဆက်သွားသေး။ ပေါင်မုန့် နည်းနည်း ယိုင်သွားသည်။ တိုက်ခိုက်မှုစတင်ရန် ခရာမှုတ်လေ၏။ ခမ်းလေး၏ အသံနက်ကြီးဖြင့်အော်၍ ပေါင်မုန့်ထံ လှံရေးပြကာ ခုန်ဝင်လာသည်။ ပေါင်မုန့်ကလည်း သူ့လှံတံကိုကိုင်၍ အသင့်ပြင်ထားသည်။

'ယား'

'ချွင်'

လှံချင်းထိခိုက်မှုကြောင့် မီးပွင့်ထွက်သွားသည်။ ခမ်းလေး၏ ပေါင်မုန့် ချက်ကောင်းကို ထိထိမိမိ ထိုးသွင်းပြီး ပွဲသိမ်းရန် ကျား ချောင်းချောင်းနေသည်။ ပေါင်မုန့်ကလည်း အလစ်ကို ဝင်တိုက်ရန် ချိန်နေသည်။ ပေါင်မုန့်က အဝေးကနေ အားယူ၍ လှံဖြင့်ပစ်လွှ ခမ်းလေး ရင်ဘတ်ကို ထုတ်ချင်းဖောက်ဝင်သွားနိုင်သည်ဟု တွက် ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား တဖြည်းဖြည်း နောက်ဆုတ်သွားကြသည်။

'ယား'

ခမ်းလေးက ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်၍ လှံကိုမြှောက်လိုက်သည်။ အကြံ့တူရန်သူပင်။ ပေါင်မုန့်ကလည်း သူ့အတိုင်း ခမ်းလေးလှံနဲ့ ပစ်မည်ထင်၍ လက်ဦးမှုကိုရယူကာ လှံတံကိုမြှောက်ကာ အရင်ပစ်လွှတ်လိုက်သည်။ လှံနှစ်စင်းသည် ပြိုင်တူထွက်လာသည်။ ပေါင်မုန့် ပစ်လိုက်သောလှံတံသည် ခမ်းလေး၏ ရင်ဘတ်ကို ဆုတ်ချင်းပေါက် ဝင်သွားသည်။ ခမ်းလေး အသံနက်ကြီးဖြင့် အော်ဟစ်လိုက်သံ ထွက်ပေါ်လာသည်။

'ဖွပ်'

'အား'

ခမ်းလေး ပစ်လိုက်သော လှံတံအား ပေါင်မုန့်က သွက်လက်စွာ ခုန်ရှောင်လိုက်သည်။ ခမ်းလေး၏လှံမှာ ပေါင်မုန့် ပေါင်ကြား အောက်မှ ဝိုးခနဲ ဖြတ်သွား၏။

'ဟေး'

'ဟာ'

ပရိတ်သတ်တွေက ဆူညံစွာအော်ဟစ်ကြသည်။ ပေါင်မုန့်မှာ အောင်နိုင်သူကြီးပမာ ဂုဏ်ယူဝံ့ကြွားစွာ ရင်ကော့လိုက်သည်။ ခမ်းလေးက လှံစိုက်၍ သွေးအိုင်ထဲတွင် အသက်ပျောက်နေပြီ။

'ဟား… ဟား… နိုင်ပြီကွ'

ပေါင်မုန့် ကြွေးကြော်၍ မင်းသမီးလေးရှိရာသို့ ကြည့်လိုက်သည်။ မင်းသမီးလေးမှာ လှပသော မျက်နှာလေးကို လက်ဝါးနှင့် အုပ်ထားသည်။ မျက်စိနေရာများတွင်တော့ လက်ချောင်းများကို ဟထားသော ခွဲထားလျက်နှင့်။

ဝိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဘယ်လိုဖြစ်တာပါလဲ'

ပေါင်မုန့် ခါးအောက်ပိုင်း အေးစက်စက်ဖြစ်၍ ငုံ့ကြည့်လိုက်ရာ…

'ဟာ… သွားပြီ'

စောစောက ခမ်းလေး ပစ်လိုက်သော လုံတံသည် ပေါင်ကြား အောက်မှဖြတ်အသွား သူ၏ဝတ်ဆင်ထားသော ကျားသရေဝတ်ကို စိုက်၍ ယူဆောင်သွားခဲ့၏။ လုံစိုက်ရာ ခပ်လှမ်းလှမ်းတွင် အောက်ပိုင်း ဝတ်ထားသော ကျားသားရေပတ်ကို လုံစိုက်၍ တွေ့လိုက်ရသည်။ ပေါင်မုန့် အောက်ပိုင်းတစ်ခုလုံး ဟာလာဟင်းလင်း။ အဲဒါကြောင့် မင်းသမီးလေးက မကြည့်ရဲ၍ မျက်နှာလွှဲထားခြင်းပင်။

'ဟိုက်… ငါတော့သွားပြီ'

ပေါင်မုန့် အိပ်မက်မှ လန့်နိုးလာသည်။

'အမလေး… ပေါက်ပေါက်ရှာရှာ အိပ်မက်ပဲ'

ပေါင်မုန့် ကိုယ့်အိပ်မက်ကို ရယ်ချင်စိတ်လည်း ပေါက်သွားသည်။

'ခက်ခက်သစ်… ငါ့ကို ဘယ်လောက်အထိ နှိပ်စက်ဦးမလဲ မသိဘူး'

ပေါင်မုန့်စဉ်းစားရင်း အိပ်မပျော် ဖြစ်နေသည်။ သူ့အတွေးထဲ တွင် ခက်ခက်သစ်ကို ချစ်မိနေသောစိတ်ဖြင့် ရှေ့ဆက်လျှောက် အရာ တွေဘယ်လို ဖြစ်လာဦးမလဲပေါ့။ ခက်ခက်သစ်သည် လွယ်လင့်တကူ နားလည်ရမလွယ်သော ကောင်မလေးတစ်ယောက် ဖြစ်သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

ပေါင်မုန့် အိပ်ရာထနောက်ကျသဖြင့် ကျောင်းထဲသို့ ရောက်ချိန်မှာ အနည်းငယ်မျှ နောက်ကျသွားသည်။ ကင်တင်းတွင် ခက်ခက်သစ်နှင့် ကိုယ်ရံတော်ကောင်မလေးတို့ ရောက်ရှိနေ၏။ ပေါင်မုန့် ဘယ်လိုဆင်ခြေပေးရမလဲ အကြံထုတ်ရသည်။ ခက်ခက်သစ်က ပြုံးပြုံးရွှင်ရွှင်နှင့် ကြည့်နေ၏။ ခက်ခက်သစ် ဒီနေ့ ဗေဒါရောင်အပွင့်အခက်တွေ ဖော်ထားသောအင်္ကျီလေး ဝတ်ဆင်ထားသဖြင့် နေရောင်အောက်တွင် တောက်ပထင်ရှားနေသည်။ ဆံပင်ကိုနဖူးပေါ်အောင် ညှပ်ထား၏။ ကြယ်အစုအတွဲလေးတွေ ပြွတ်သိပ်နေသော နားဆွဲရှည်ရှည်လေးကို နားကပ်တပ်ထားရဲ့။

'နောက်ကျခွင့်ရှိတယ်၊ ဒါပေမယ့် ဘာကြောင့် နောက်ကျသလဲဆိုတာ အကြောင်းပြချက် ပေးပိုင်ခွင့်မရှိဘူး'

ပေါင်မုန့် ဘာဆင်ခြေပေးရမှန်းမသိ ကြောင်သွားသည်။ ကိုယ်ရံတော် ကောင်မလေးက ပြုံးစိစိ ဖြစ်သွားသည်။

'နောက်ကျရတဲ့ အကြောင်းအရင်းကို ရှင်းပြခွင့်ရော မရဘူးလား'

'မရဘူး··· ဆင်ခြေပေးတယ်ဆိုတာ ပျော့ညံ့တဲ့သူတွေ အလုပ်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'သြော်… ပေါင်မုန့်ဆိုမှတော့ ပျော့ညံ့ပျော့ဖတ် ဖြစ်နေပြီ ပေါ့'

ပေါင်မုန့်ကလည်း ခေါင်းကုတ်၍ ပြောသည်။

'ကဲ… ကိုပေါင်မုန့် ထိုင်ပါ၊ မကြာခင် ခက်ခက်ဆီကို ကြောင်ဆီကျဲသုံးယောက် လာလိမ့်မယ်၊ ရှင် ဘာမှဝင်မပြောနဲ့ ကျွန်မ ဘာသာ ကျွန်မ အကွက်ရွှေ့မယ်'

'ငှတ်တုတ်ကြီး ကိုယ်ရံတော် လုပ်ရမှာလား'

'အလုပ်သင်ဘဝမှာ ဘာမှ ပေးမခိုင်းသေးဘူး'

ခက်ခက်သစ်က ကုမ္ပဏီပိုင်ရှင် သူဌေးမကြီးလို ဟိတ်ဟန် နှင့်ပြောသည်။ ပေါင်မုန့်ကလည်း ခပ်ရိုရို့ကုပ်ချောင်းချောင်းလေး ဝင်ထိုင်သည်။

'ဟေး… ခက်ခက် ကိုယ်နည်းနည်း နောက်ကျသွားတယ် ကွာ… ဆောရီး'

'ရှင်တစ်သက်လုံး နောက်ကျနေလည်း ကျွန်မနဲ့ မဆိုင်ဘူး'

'ကိုယ့်အခြေအနေလေး'

'အသင့်အတင့် ရှိပါတယ်'

'တကယ်… ဟီး'

အပွင့်အစိတ်တွေ ပုံဖော်ထားသော ရှပ်အင်္ကျီဝတ်ထားသ ကောင်လေးက တပ်ထားသော မျက်မှန်ကို ချွတ်၍ တအံ့တ ဖြစ်သွား၏။

အသင့်အတင့်ဟူသော အနေအထားသည် ရှေ့ဆက်လမ်း ထင်ထား၏။

'ဒါပေမဲ့ ရှင် ကျွန်မကို တစ်ခုတော့လုပ်ပေးရမယ်'

'ပြောပါ… ခက်ခက်'



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကောင်လေးက အငမ်းမရ မေးသည်။ မျက်စိစပါးမွေး မွေးချင်စရာ။

'ကျွန်မ ဖတ်ဖူးတဲ့ ဆရာကြီးမင်းသိခ် ဝတ္ထုတစ်အုပ်ထဲမှာ စကား(၂၆)ခွန်းဆိုပြီး အယူအဆတစ်ခု ရှိတယ်၊ ဒါက စကားစုလေး တစ်ခုကို သတ်မှတ်အခေါက်အရေ အရွတ်ရင် ကိစ္စအားလုံး အဆင် ပြေတယ်၊ အဲဒါ ရှင် လိုက်မှတ်ဖို့လိုမယ်'

'ကျွန်တော် မှတ်ပါ့မယ်'

အဲဒီကောင်က ရိုကျိုးစွာဖြင့် မှတ်စုစာအုပ် ထုတ်သည်။

'သေသေချာချာ မှတ်နော်၊ နံပါတ်တစ်… ငွေရေးကြေးရေး အဆင်ပြေမယ်ဆိုရင် 'တြင်ကာ'ကို (၅)ခွန်းရွတ်ပါ၊ နံပါတ်နှစ်… အချစ်ရေး အဆင်မပြေဘူးဆိုရင် 'လိုလာ'ကို (၁၂)ခွန်းရွတ်ပါ၊ နံပါတ်မှာသုံး… အကူအညီ လိုအပ်တဲ့အခါမှာ 'အရွန် အရွန်'ကို ([illegible]စ)ခွန်းရွတ်၊ ကစားပွဲတွေမှာ အနိုင်ရဖို့ကတော့ 'တာဗနိုး'ကို (၃၁) ခွန်းရွတ်၊ မိတ်ဆွေတွေနဲ့ ပတ်သက်တဲ့ ကိစ္စတွေဆိုရင် 'အော်မား' ကို([illegible]ရ)ခွန်းရွတ်၊ ခန့်ညားဖို့ဆိုရင် 'လင်း(န်)ရားမ'ကို (၇၁)ခွန်း ရွတ်ရမယ်။ လွမ်းမောဖွယ်ရာ ကိစ္စတွေကြုံလာရင် 'လျှိုရတ်စ်'ကို ([illegible])ခွန်းရွတ်၊ ခွန်အားသစ်တွေ ရဖို့ဆိုရင်တော့ 'အတုံ အတုံ'ကို ([illegible])ခွန်းရွတ်ချေ၊ နံပါတ်ဘယ်လောက် ရောက်သွားပြီလဲ'

'ရှစ်ပြီးသွားပါပြီ'

'ဒါဆို နံပါတ်မှာကိုး… လူငယ်လူရွယ် ကိစ္စတွေ အဆင် ပြေဖို့ 'လိုအာမတ်'ကို (၂၁)ခွန်းရွတ်၊ တစ်ဦးနဲ့တစ်ဦး အကြိတ် အခဲတွေ ပြေပျောက်စေဖို့ 'အော်လတ်'ကို (၉၂)ခွန်းရွတ်ပါ၊ ဒီနံပါတ် ([illegible])ခုကို ရှင် ရေးမှတ်ပြီးပလား'

'သေချာမှတ်ထားပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ကျေနပ်အောင် တစ်ခေါက်လောက် ပြန်ဖတ်ပြပါ လား'

ကောင်လေးမှာ ကလေးတွေ စာအံသလို ဖတ်ပြသည်။

'ဟုတ်ပြီ… ရှင် ကျောင်းကို နာရီဝက်လောက် တစ်ပတ် ပတ်လိုက်ပါ'

'ဗျာ… ဘာလုပ်မလို့လဲ'

'ရှင် တော်တော်လျှာရှည်ပါလား၊ နောက် နာရီဝက်ကြာရင် ဒီကင်တင်းကို လာခဲ့ ရှင်သိချင်တဲ့ အဖြေကို ပေးမယ်၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်၊ ခုနက နံပါတ်(၁၀)ခုကို ရအောင်ကျက်ပြီး ခက်ခက်ရှေ့မှာ ဘယ်နှစ်ခွန်း ဘယ်လောက်ဆိုတာကို ဒေါက်ဒေါက် ရွတ်ပြနိုင်ရမယ်။ ခက်ခက်က အကြောင်းအရာတစ်ခုနဲ့ ပတ်သက်ပြီး မေးခွန်းထုတ်မယ်။ အမြန်မေး အမြန်ဖြေပဲ၊ ဥပမာ… ရှီမီယို ဂျူးလီယက်၊ ရှင်မွေးလွန်း၊ မင်းနန္ဒာ ချစ်သူတွေက တစ်ယောက်ကို တစ်ယောက် လွမ်းနေရင် ဘာကိုရွတ်ရမလဲ၊ အဲဒီမှာ ရှင်က 'လွှဲ ရတ်စ်' ကို (၂)ခွန်းရွတ်လို့ ပြောနိုင်ရမယ်။ မတွေဝေရဘူး၊ မဆိုင်း ရဘူး၊ မတုံ့ဆိုင်းရဘူး'

ခက်ခက်သစ် စကားကို နားမလည်သော ကောင်လေးက ခေါင်းကုတ်သည်။

'သဘောပေါက်လား ကိုယ့်လူ'

'ပေါက်ပါတယ်၊ နောက် နာရီဝက်ကြာရင် ကျွန်တော် ပြန်လာခဲ့ပါ့မယ်'

ကောင်လေးမှာ ခက်ခက်သစ်ကို တရိုတသေ နှုတ်ဆက်ပြီး လှစ်ခနဲ ထွက်သွားရဲ့။ ပေါင်မုန့်က ကြောင်အမ်းအမ်းနှင့်…

'ပြန်မလာတော့ရင် ဘယ်လိုလုပ်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မလာရင် အလိုအလျှောက် ပယ်ဖျက်ပြီးသားပေါ့'

'ပြန်လာရင် ဒီစကားစုလေးတွေကို အလွတ်ရပေါ့မလား၊ ခက်ခက် မေးတာကို ထောင့်စေ့အောင် ဖြေနိုင်ပါ့မလား'

'ဒါ အဓိကအချက်ပဲလေ'

ခက်ခက်သစ်က လက်ဖျောက်တီးလိုက်သည်။ နောက်ထပ် သားကောင်တွေ ထပ်ရောက်လာသည်။ ခက်ခက်သစ်က စောစောက ပြောတဲ့အတိုင်း ပြောလိုက်ရာ သူတို့လည်း နာရီဝက် အချိန်ဖြုန်းဖို့ ထွက်သွားသည်။

'သူတို့ပြန်လာရင် မေးခွန်းတွေ နင် မေးမလား'

'ဟာ… ငါ့ကို သူတို့ တစ်မျိုးထင်သွားမှာပေါ့'

'ဘာဖြစ်လဲ ထင်တော့ ဂရုစိုက်စရာလား၊ ဒီကောင်တွေများ အရေးစိုက်လို့၊ အခုလာတဲ့ ကောင်တွေက အခြားကောင်မလေးတွေကို ကြောင်ရင်းတန်းလန်းနဲ့ ခက်ခက်ကို လာကပ်တာ၊' ဘယ်ရမလဲ၊ ဒီစလံဝေလန်ပျံသွားမယ်'

'ဘာပဲပြောပြော သူတို့တစ်တွေ နံပါတ်(၁၀)ခုနဲ့ ရှုပ်ယှက်ခတ်သွားမှာ ငါတို့က ဖြတ်ဖြတ်ဖောက် မေးမှာလေ'

'မဆိုးဘူး နင် တွေးတတ်သားပဲ'

ခက်ခက်သစ်က ပေါင်မုန့်ကို ချီးကျူးသည်။

'ဒီကောင်တွေတော့ ဟိုစာသားတွေကို သေချာကျက်ရမယ်'

'ဒီအခွင့်ကို ငါ စောင့်နေတာပဲလေ'

ခက်ခက်သစ်က ရယ်၍ ပြောသည်။

နာရီဝက်ကို တော်တော်စောင့်လိုက်ရသည်။ အရင်ဆုံး ရောက်လာသူ အပွင့်အခက်အကျိုးနှင့်သူကို အမောတကောနှင့် တွေ့ရသည်။ ခက်ခက်သစ်က အဲဒီလူ ထိုင်ခုံမှာ ဝင်မထိုင်ရသေးခင်...



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ကိုယ့်လူ အလွတ်ရပလား'

'ရပါပြီ အဲဒါတွေကို ဆိုပြရမှာလား'

'ရှင်ကလည်း ခုနက တစ်ခါပြောထားသေးတာကို မေ့နေပြန်ပြီ၊ ရှင် ဆိုပြရမှာ မဟုတ်ဘူး၊ ကျွန်မ မေးတာကို ရှင် ကျက်ထားတာတွေနဲ့ ကိုက်ညီမှုရှိမရှိ ဖြေခိုင်းမှာ'

'သဘောပေါက်ပါပြီ ခုနက ရေးတေးတေး ဖြစ်နေလို့'

'ကဲ… ကဲ… ထိုင်ပါ၊ ရှင့်ပုံကြည့်ရတာ စာတွေ တော်တော်ကျေညက်မယ့်ပုံပဲနော်၊ ကျွန်မမေးတဲ့ မေးခွန်းတွေကို ဖြေနိုင်ပါ့မလား'

'ကြိုးစားဖြေကြည့်ရမှာပေါ့'

ခက်ခက်သစ်က နှုတ်ခမ်းလေး တစ်ဘက်ရွဲ့ပြီး ပြုံးလိုက်၏။

'ရှင့်အတွက် ငွေလိုမယ်ဆိုရင်'

'တြင်ကာကို (၅)ခွန်း ရွတ်ရမယ်'

'ကျွန်မကို ချစ်တဲ့အချစ်တွေ လမ်းကြောင်းမမှန်သေးရင်'

'လိုလာကို (၁၂)ခွန်း ရွတ်ရမယ်'

ခက်ခက်သစ်က ချီးကျူးလိုက်သည်။

'အလို… တယ်ဟုတ်ပါလား၊ ဆက်မေးမယ် ရှင် ဗိုက်ဒေါင်းတတ်လား'

'ဒေါင်းတတ်ပါတယ်၊ အမြဲဂျိုကာပါဖို့ တာစနီးကို (၃၁)ခွန်း ရွတ်ရမယ်'

'ရာမနဲ့ ဒသဂီရိဟာ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေတယ်၊ သူတို့ ရင်ထဲက အစိုင်အခဲကို မယ်သီတာက လုပ်နေသလို ဖြစ်နေတာ အဲဒါဆိုရင်…'

တစ်ဖက်လူ ရုတ်တရက် ဆွံ့အတွေဝေသွားသည်။ မှတ်ဉာဏ်ကို အသားကုန်ဖော်၍ ပယ်ပယ်နယ်နယ် စဉ်းစားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှုး… တော်တော် ကြာနေပြီ'

'ဟို… လိုအာမတ်ကို (၂၃)ခွန်းရွတ်'

'မှားပြီ… တလွဲကြီး ရာမနဲ့ဒသဂီရိရဲ့ ရင်ထဲက အကြိတ်အခဲတွေ ပြေပျောက်ဖို့ အော်လတ်ကို (၉၂)ခွန်း ရွတ်ရမယ်၊ ရှင်ပြောတဲ့ လိုအာမတ်ကလည်း အခွန်းမှားနေတယ် (၂၁)ခွန်း ဖြစ်ရမှာ'

'ဟုတ်သားပဲ ကိုယ်လောသွားလို့'

'တစ်ခါတော့ မှားခွင့်ရှိပါတယ်'

ခက်ခက်သစ်က အပြတ်ပြောသည်။

'အရမ်းမောပန်းနေတဲ့ အချိန်မှာ ခွန်အားသစ်တွေရဖို့ အားဖြည့်အချိုရည် သောက်စရာမလိုရင်'

'အတုံ… အတုံကို (၄၅)ခွန်း ရွတ်ရမယ်'

'ကားပေါ်မှာ ခါးပိုက်နှိုက်ခံရတော့'

'ရဲစခန်းတိုင်ပေါ့… အာ… ဟုတ်ပါဘူး'၊

ဟိုလူ ငေါင်တောင်တောင်နှင့် မေ့သွားပြန်သည်။ တော်တော်နှင့် စဉ်းစားမရ။ ပေါင်မုန့်လည်း သူတို့ကိုကြည့်၍ ရင်တမမ ရှိသည်။

'အရှုန်… အရှုန်ကို ရွတ်ရမှာလေ'

'ဟုတ်တယ် အရှုန်… အရှုန်…'

'ဘယ်နှစ်ခွန်း ရွတ်ရမှာလဲ'

ကြောင်အမ်းအမ်းနှင့် ထစ်ငေါ့ငေါ့ ဖြစ်ပြန်သည်။

'ကဲ… ရှင့် နာမည်ဘယ်သူလဲ'

'ကျော်သက်ပိုင်ပါ သိရက်သားနဲ့'

'ကဲ… မှတ်ထားလိုက်ပါဦး၊ ရှင့်ကို ကျွန်မ ရွေးထားလိုက်ပြီနော်'

'ဝမ်းသာရမှာလား'



www.burmeseclassic.com

www.burmeseclassic.com



'နှုတ်ခြေအဆင့်နဲ့တင် ပယ်စာရင်းထဲ ရွေးထားတာကိုနော်'

'ဟမ်'

ခက်ခက်သစ်က စကားပြောလည်း ရေရေလည်လည် ပြုတ်သွားသည်။

'ခက်ခက်… အဲဒီလိုတော့ မလုပ်ပါနဲ့၊ ကိုယ် တစ်ဆင့်လောက်ထပ်ကြိုးစား ကြည့်ချင်သေးတယ်'

'အဲဒါဆို လှေကားထစ်ပဲ ရှင်တက်ပေါ့၊ တစ်ဆင့်တင် မကဘူး၊ အဆင့်အများကြီး တက်လို့ရတာပဲ၊ ကျွန်မရဲ့ စိတ်ဝင်စားမှုအတွက် အဆိပ်ဖုထိ ရှင်ဖြစ်နိုင်ချေ ရာခိုင်နှုန်း မပါလာတော့ဘူး၊ ဝမ်းနည်းပါတယ်'

ဟိုလူ သနားစရာ မျက်ခွက်ကလေးနှင့် ခေါင်းငိုက်စိုက်ကျသွားသည်။

'မျှော်လင့်ချက်လေးတောင် မရှိတော့ဘူးလား'

'ပထဝီမေဂျာက ချိန္ဒယ် ရှိသေးတယ်လေ၊ သူကတော့ ရှင့်အပေါ် မျှော်လင့်ချက် ရောင်နီလေး သန်းနေပါသေးတယ်'

ဟိုလူ အောင့်သီးအောင့်သက် ဖြစ်သွားသည်။

'လှေနံနှစ်ဖက်နင်းလို့ အခန့်မသင့်ရင် မနသိဟ ဖြစ်သွားတတ်တယ်'

ခက်ခက်သစ်က သတိပေးသည်။ ကျော်သက်ပိုင်ဆိုသူမှာ ခေါင်းစင်းစင်းနှင့် ထွက်ခွာသွားရရှာသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

'ခက်ခက်ကလည်း သနားပါတယ်ဟာ'

'ဒီလောက်လေးတောင် မှတ်ဉာဏ်မကောင်းတဲ့ကောင် ဘာလို့ သနားရမှာလဲ'

ခက်ခက်သစ်က လေသံမာမာဖြင့် ပေါင်မုန့်ကို ပြန်ရန်တွေ့သည်။

'ငါ ကိုယ်ချင်းစာလို့ပါ'

'အဲဒါဆို နင် သူ့ကို သွားကြိုက်လိုက်ပေါ့'

'တစ်ချိန်မှာ ငါလည်း အဲဒီလိုဖြစ်ရင်'

'တော်... တော်... ဟာ... ဟာ'

ခက်ခက်သစ်က ရုတ်တရက် မတ်တတ်ထ သွားသည်။ ဘဆက်တည်းမှာပင် ဆွံ့အကောင်မလေးကို လက်တို့၍ တစ်နေရာသို့ ပြလေ၏။

'ခက်... ခက်... ဘာဖြစ်လို့လဲ'

'နောက်မှမေးတော့ ငါတို့တော့ ဒိုးပြီ'

ခက်ခက်သစ်သည် ကြွေးရှင်ကို မြင်လိုက်ရသော ဖဲသမားလို



www.burmeseclassic.com

www.burmeseclassic.com



စည်ပင်ရဲကို မြင်လိုက်ရသော လမ်းဘေးဈေးသည်လို အလျှင်စလို ထွက်ပြေးရန်ပြင်သည်။

ဘာကြောင့်မှန်း မသိ။

မျက်နှာထား အမြဲတည်နေသော ဆွံ့အကောင်မလေးသည် ချက်ချင်းမျက်နှာပျက်ကာ ဖြူကာပြာကာဖြင့် ခက်ခက်သစ်နောက်ကို လိုက်ရန်ပြင်ထား၏။

'ဟဲ့… ခက်ခက် ငါ့ကို ရှင်းပြပါဦး'

'နောက်မှရှင်းပြမယ်… ရှော့ဖြစ်နေပြီ'

ခက်ခက်သစ်တို့ နှစ်ယောက် ခပ်သုတ်သုတ် ထွက်သွားကြသည်။

ပေါင်မုန့်မှာ ဆက်ပဲနေခဲ့ရမလား၊ သူတို့နောက်ပဲ ဆက်လိုက်ရမလား ဝေခွဲမရ။

သူ စဉ်းစားနေချိန်မှာပဲ ခက်ခက်သစ်တို့နှစ်ယောက် ပျောက်သွားသည်။

သိပ်မကြာခင် ကားကြီးတစ်စီး ဆိုင်ရှေ့သို့ ဂူးခနဲ ဆိုက်လာသည်။

ကားပေါ်မှ ခပ်ဝဝလူကြီးတစ်ဦး ကွတကွတ ဆင်းလာသည်။

'ဟာ… ဒီအဘိုးကြီးက ခက်ခက်သစ် အဖေကြီး ဖြစ်မယ် ရုပ်ချင်းဆင်တယ်၊ ငါ မသိချင်ယောင်ဆောင်နေမှ'

ပေါင်မုန့်လည်း ရုပ်တည်တည်နှင့် ပြန်ထိုင်နေသည်။ အဘိုးကြီးက စားပွဲထိုးကို ခေါ်၍…

'ကောင်လေး… ဒီဆိုင်မှာ ခုနက ထိုင်သွားတဲ့ ကောင်မလေး နှစ်ယောက်ရှိလား'



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲမှာ လူရှင်းနေသဖြင့် စားပွဲထိုးက လူတွက်၍ ရသည်။ စားပွဲထိုးက ခဏစဉ်းစား၍…

'ခုနကပဲ ထွက်သွားကြတယ်'

'သေချာသလား'

'ခုနလေးပဲ ဟိုအစ်ကိုကြီးနဲ့ ထိုင်နေတာ'

တော်တော် ရိုးသားတဲ့ စားပွဲထိုးပါလားဟု ပေါင်မုန့် တွေးရင်း ဒေါသထွက်သွားသည်။

အဘိုးကြီးက သူ့ထံမသက်ာသည့် မျက်လုံးများနှင့် ကြည့်ရင်း လျှောက်လာ၏။

ပေါင်မုန့် နေရထိုင်ရ ခက်နေပြီ။

'ဟော့ကောင်… ငါ့သမီး ခက်ခက်သစ် ဘယ်မှာလဲ'

'ဗျာ… ကျွန်တော် မသိဘူးခင်ဗျ'

'အေး… ငါ့သမီးကလည်း မင်းကို သိမယ်မထင်ဘူး'

ပေါင်မုန့် ရင်ထဲက အလုံးကြီးကျရန် ပြင်စဉ်…

'ဒါပေမဲ့ မင်း ငါ့သမီးကိုတော့ သိသင့်တယ်'

သိခြင်းမသိခြင်းတွေနှင့် ဇဝေလည်ကြောင်ပတ် ရှုပ်နေ၏။

'ဗျာ… အန်ကယ် သမီးက ဘယ်လိုပုံစံလဲ'

'ဒီခုံမှာ ထိုင်သွားတဲ့ ပုံစံအတိုင်းပဲ'

'ဟာ… ဒီခုံမှာ လူမှမရှိတာ'

'မင်းကလေ လူကလေး လက်တောက်လောက်နဲ့ ငါ့ကို ဉာဏ်ချင်သေးတယ်၊ မင်း အောက်ကိုကြည့်စမ်း'

'ဗျာ… ဘာဖြစ်လို့လဲ'

ပေါင်မုန့်လည်း အလန့်တကြားနှင့် ငုံ့ကြည့်သည်။

'မင်းအောက်မှာ စိုနေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ… အဲဒါက မိုးရေစိုတာပါ'

'လူမရှိတဲ့ ခုံမှာကရော ဘာလို့စိုနေရတာလဲ'

'အဲဒါက အပေါ်က မိုးယိုလို့'

ပေါင်မုန့်ကလည်း ရသရွေ့ လျှောက်လဲချက် ပေးသည်။

'မင်း လိမ်တာကည်း ဒိတ်အောက်နေပြီ၊ ငါ့သမီးက သူ ဘယ်နေရာသွားသွား သဲလွန်စတစ်ခု အမြဲကျန်ခဲ့တယ်'

'ဘယ်မှာ ကျန်လို့လဲ'

'ဟား… ဟား… ဟား… မင်းကွာ နည်းနည်းလေး တောက် ထုတ်လိုက်တာနဲ့ အလိမ်ပေါ်တာပဲ၊ မင်း စကားကို မင်း ပြန်တွက် ကြည့်လေ'

'ဂဏာန်းပေါင်းစက် မရှိဘူး'

ပေါင်မုန့်လည်း ပေါက်တဲ့နဖူး မထူးချေပြီ။

ဆက်လိမ်နေလျှင် အဘိုးကြီး၏ သံသယတွေက ပိုကျလာနိုင် သည်။

ခက်ခက်သစ် ဘာသဲလွန်စမှ မထားခဲ့ပေ။ အဘိုးကြီးက တမင်သက်သက် စကားနှိုက်ထုတ်ခြင်း ဖြစ်သည်။ ပေါင်မုန့်အား အဘိုးကြီးက စူးစူးဝါးဝါး ကြည့်နေရဲ့။

'မင်းနဲ့ ငါ့သမီး ဘာတော်လဲ'

'တစ်ခုမှ မတော်ပါဘူး'

'ဘာလဲကွ မင်း စကားက…'

အဘိုးကြီးက လေသံပြင်းပြင်းနှင့်အော်သည်။

'ဟိုလေ အန်ကယ့်သမီးနဲ့ ရင်းနှီးခင်မင် မျက်မှန်းတန်းမိရုံ သက်သက်ပါ၊ ဟိုဟာဒီဟာ မဟုတ်ပါဘူး'

'မင်းတော့ ခက်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ… ဘာဖြစ်လို့လဲ'

'ငါ့သမီးအကြောင်း မင်း ဘာမှမသိဘူး'

အဘိုးကြီးက ချက်ချင်းပင် အမူအရာပြောင်းသွားသည်။

'ခက်ခက်သစ်က အန်ကယ့်ကို မြင်တာနဲ့ ဘာလို့ထွက်ပြေးသွားရတာလဲ'

'အကြောင်းတွေ ရှိလို့ပါ'

'ရုပ်ရှင်တွေထဲကလို အန်ကယ်ရဲ့ နောက်ယူထားတဲ့ မိန်းမနဲ့ အဆင်မပြေလို့လား'

'မိန်းမက ငယ်လည်းငယ်၊ အာ… မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ငါပြောတာကို မင်းနားထောင်မှာလား၊ မင်းပြောတဲ့ဆင်ခြေတွေကို ငါ ချေဖျက်ရမှာလား'

'အန်ကယ်ပြောတာကို စိတ်ဝင်စားသွားလို့ပါ၊ ခက်ခက်သစ်မှာ အန်ကယ်ကို ရင်မဆိုင်ရဲတဲ့ အကြောင်းအရင်းက…'

'ဒီလိုပါကွယ်… အိုဗာတင်းတစ်ခွက်'

'အိုဗာတင်းလေး တစ်ခွက်နဲ့များ အန်ကယ်ရာ'

'ဟော့ကောင်… မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ငါက အိုဗာတင်းသောက်မလို့ စားပွဲထိုးကို လှမ်းမှာတာ'

ပေါင်မုန့်လည်း သိချင်စိတ်ပြင်းပြမှုကို လျှော့ချလိုက်သည်။

'ငါ့မှာ သမီးနှစ်ယောက် ရှိတယ်၊ မိတ်ဆိုးသမီးလေးတွေပေါ့၊ ခက်ခက်သစ်က အကြီးမ၊ ထွေးထွေးက အငယ်မ'

'ထွေးထွေးဆိုတာက ဟိုစကားမပြော ကျိန်စာမိနေတဲ့ ကောင်မလေးလား'

'အဲဒါ ကျိန်စာမိနေတာ မဟုတ်ဘူး၊ အရင်စကားပြောတတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ထိတ်လန့်စရာ တစ်ခုခု ဒါမှမဟုတ် ဆိုးဝါးတဲ့အဖြစ်အပျက် တစ်ခုခုကို တွေ့မြင်ပြီး စကားသံ မထွက်တော့တာလား'

'မဟုတ်ဘူး၊ စာချုပ်အရ စကားပြောခွင့်မရှိတာ'

'ဘယ်လို ကျွန်တော် နားမရှင်းဘူး'

'ထွေးထွေးက ငါ သဘောတူတဲ့ သတို့သားကို မကြိုက်ဘဲ ဆိုက်ကားသမား တစ်ယောက်ရဲ့သားကို ကြိုက်ပြီး ချစ်သူတွေ ဖြစ်နေတယ်'

'သယ်ယူပို့ဆောင်ရေး ကဏ္ဍချင်းတူပါတယ်'

ပေါင်မုန့်က အထွန့်တက်သည်။

'အဲဒီ ဆိုက်ကားသမားသားနဲ့ အဆက်အသွယ် မလုပ်အောင် ငါနဲ့ ထွေးထွေး အပေးအယူ တစ်ခုလုပ်တယ်၊ တစ်လတိတိ စကား မပြောဘဲ နေနိုင်ရင် စဉ်းစားမယ်လို့'

'သဘောတူမှာလည်း မဟုတ်ဘူး'

'သဘောတူမယ့် အဆင့်မရောက်သေးဘူးကွ၊ အံမယ်... ငါ့သမီးက စာချုပ်စာတမ်းနဲ့ပါ အပေးအယူလုပ်တယ်၊ အသိသက် သေက သူ့အစ်မပေါ့၊ သူ့အစ်မကလည်း သူနဲ့သိပ်မတည့်လို့ သူ့ညီမ ကို အမြဲတမ်းစောင့်ကြည့်နေတာ၊ ထွေးထွေးကလည်း တစ်ချိန်လုံး တောက်လျှောက် စကားမပြောဘဲ နေနိုင်တယ်။ အခု တစ်လပြည့်ဖို့ တစ်ပတ်ပဲ လိုတော့တယ်'

'ဟင်... အစ်မလုပ်တဲ့ သူကလည်း အန်ကယ်ကို မတား ဘူးလား'

'မတားပေါင် သူက ပိုတောင်သဘောကျသေး သူ့ညီမရဲ့ သတို့သားနဲ့ သဘောတူနေတာ ဒါမှ သူ့ဘက်ကို မြှားဦးလှည့် မှာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို အန်ကယ် သဘောတူထားတဲ့ သဘော်သားက နှစ်သမ်းမောင်းကြီးပေါ့'

'ဒီကောင်က ခြောက်လမ်းမောင်းလည်း ဖြစ်သွားနိုင်တယ်၊ ဒီကောင်ကို သဘောကျတဲ့ သမီးရှင်တွေ အများကြီးပဲ'

'ဩော်... ဒါကြောင့်ကိုး ဒါနဲ့ မသိလို့မေးပါရစေ၊ အန်ကယ်က သမီးကြီးကို အရင်မပေးစားဘဲ အငယ်ကို ဘာလို့အရင်ပေးစားတာလဲ'

ပေါင်မုန့်က မဆီမဆိုင်တာတွေ ထပ်မံစပ်စုနေသည်။

'သဘော်သားက ခက်ခက်သစ် ဒုက္ခပေးသမျှကို ပက်ပက်စက်စက် ခံစားရဖူးလို့ ဝေါင်ဝေါင်ရှေး ဖြစ်သွားတယ်၊ ခက်ခက်သစ်မြင်ရင် အဝေးကနေရှောင်တယ်'

'အန်ကယ်ကလည်း ဒါနဲ့ပဲ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုတဲ့အတိုင်း စိနိယာအလိုက် နောက်လူကို ဦးစားပေးခဲ့တာပေါ့'

'ဒီလိုပဲ ဆိုရမှာပေါ့... ဟဲဟဲ'

အဘိုးကြီးက ပလုပ်ပလောင်း ရယ်နေသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

'ခက်ခက်သစ်က သူ့အမေဗီဇပေါ်တာ'

'ဟုတ်လား အန်တီက ဘယ်လိုလူစားမျိုးလဲ'

'ယောက်ျားလေးတကာရဲ့ နှလုံးသားကို ကျွမ်းထိုးမှောက်ခုံ အောက်ထိုးမိုးမျှော်ဖြစ်အောင် လုပ်နေတဲ့ ကောင်မလေး၊ အခု မင်းရော ဘယ်အချိန်ခံရမလဲ မသိဘူး၊ ခက်တာပဲ'

'ကျွန်တော်က ခက်ခက်သစ်ရဲ့ ကိုယ်ရံတော် နံပါတ်(၂)ပဲ ဆေး၊ ကျွန်တော့်ကို သူ ဘာမှမလုပ်ရဲပါဘူး'

ပေါင်မုန့်က သူ့ကိုယ်သူ အာမခံစွာဖြင့် ဝံ့ဝံ့စားစား ရှိနေပုံ။

'မင်းလည်း ငါ့သမီးလိုပဲ ပေါတောတောနဲ့'

ပေါင်မုန့် ပါးစပ်ပိတ်သွားသည်။ ဒီအချိန်မှာ ပေါတာက စိတ်ချရသည်။ အဘိုးကြီးနှင့်လေပေးဖြောင့်ဖို့က ပင်မ မဟုတ်လား။

'ငါ့မှာလည်း တစ်နေ့တစ်နေ့ ဒီမိတဆိုးသမီးလေးတွေနဲ့ပဲ စိတ်ညစ်နေရတာ၊ တရားဘာဝနာပွားဖို့ အားထုတ်ဖို့ အချိန်တောင် ပေးနိုင်တော့ဘူး'

'အင်း... အနိစ္စ၊ ဒုက္ခ၊ အနတ္တပါလား ဗျာ'

ပေါင်မုန့်က ပါးစပ်ထဲရှိရာတွေ လျှောက်ရွတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခက်ခက်သစ်ကို ပညာပေးမဲ့ အကြံအစည်တစ်ခု ရှိတယ်'

'ဟော… ဘယ်လိုလဲ'

အဘိုးကြီးက တအံ့တဩ မေးသည်။ ရှုပါမင်းလာ အကြံ ပေးသလိုမျိုးပင်။

'ရည်းစားတစ်ယောက်ကို အတည်တွဲလာပြီး အဖေ့ဆီခေါ် လာခဲ့၊ အဖေ ပညာစမ်းသပ်မယ်၊ မခံစားနိုင်ရင်ဒိုးခိုင်း ကြာလာရင် ခက်ခက်သစ်က သူ ဒုက္ခပေးတဲ့ ယောက်ျားလေးတွေ နည်းလာပြီး အန်ကယ် လူကြီးပီပီ ဆုံးမတာတွေ ပညာပေးတာတွေ များလာမယ်။ အဲဒီကျရင် ခက်ခက်သစ် ခြေငြိမ်လက်ငြိမ် ဖြစ်သွားလိမ့်မယ်'

'မဆိုးဘူးကွ'

အဘိုးကြီး ကျေနပ်သွားသည်။

'ခက်ခက်သစ်ကတော့ သူ့ကို ကြောင်တဲ့ကောင်တွေကို ပေါ်တင်အိမ်ခေါ်လာပြီး အန်ကယ်နဲ့ ပေးတွေ့မှာပဲ၊ ဒါကို အန်ကယ် က သေချာလေ့လာပြီး ရွေးသင့်တဲ့သူရွေးပေါ့၊ ဖယ်သင့်တဲ့သူ ဖယ် ပေါ့၊ စိတ်တိုင်းကျတွေ့ရင်တော့ ပညာပေးတာလေးတွေ ပါးပါးလေး လုပ်ပေါ့၊ ဘယ်လိုလဲ အန်ကယ် ကျွန်တော် အကြံပေးတာကို လက်ခံ သလား'

'ကောင်းတယ်… ငါလည်း သဘောကျတယ်၊ အခုပြန်ရောက် ငါ့သမီးကို သေချာပြောရမယ်'

'ကျွန်တော့်ဆီက အကြံဉာဏ်ဆိုတာကို ထည့်မပြောနဲ့နော်'

'ဒါတော့ ငါသိပါတယ်၊ ငါ့သမီးက မင်းကို မိုးဆုံးမြေဆုံး ဒုက္ခလိုက်ပေးလိမ့်မယ်၊ ဒီကိစ္စကို ငါ လျှို့ဝှက်ထားမယ်'

နှစ်ယောက်သား မထင်မှတ်ဘဲ နှစ်ဦးသဘောတူ အ…



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ပေါင်မုန့်မှာ မတော်ရသေးသော ယောက္ခမကြီးသည် သူ့ ဆင်ကွက်ထဲ တည့်တည့်မတ်မတ် ဝင်သွားသဖြင့် ဝိတိဖြစ်နေ သည်။ ခက်ခက်သစ်၏ အိမ်ခေါ်လာသော ပထမဆုံး ရည်းစားအတု သည် သူကိုယ်တိုင်ဖြစ်နေဖို့ အရင်ကြိုးစားရမည်။ အဘိုးကြီး ပယ် ယယ်နယ်နယ် ဒုက္ခပေးလေလေ ခက်ခက်သစ်က သူ့ကို တကယ်ချစ် သွင် လျှော့လျှော့ပေါ့ပေါ့ စဉ်းစားပေးဖို့ အဖေကို တိုက်တွန်းလေ သပဲ။ အနစ်နာခံရမှာ တစ်ခုပဲ ပေါင်မုန့် ရင်းရမည်။

'အန်ကယ်··· တစ်ပင်လဲမှ တစ်ပင်ထူဆိုတဲ့ စကားသိ သလား'

'သစ်တောဝန်ထမ်းတွေ ပြောတာလား'

'ပြောရမှာ အားနာပါတယ်၊ ပွင့်ပွင့်လင်းလင်းပဲ ပြောတော့ မယ် အန်ကယ်ရာ၊ အန်ကယ် နောက်မိန်းမ ထပ်မယူတော့ဘူးလား'

'မင်း··· ဘယ်လို ပြောလိုက်တာလဲကွာ'

အဘိုးကြီးမှာ ဒေါသထွက်သွားဟန်တူသည်။ ပေါင်မုန့်လည်း အားမှားသွားသဖြင့် ကုတ်သွားရဲ့။

'ငါ နောက်မိန်းမယူရင် ဒီသမီးနှစ်ယောက်ရဲ့ ဒဏ်ကို ခံနိုင် မလားတွေးရင်း မယူဖြစ်တာ'

'ယူမယ့်သူတော့ ရှိတယ်ပေါ့'

ပေါင်မုန့်က အသံတိုးတိုးလေးဖြင့် မေးသည်။

'ဟီး··· ရှိတာပေါ့'

'အန်ကယ်··· အဲဒီသူကို ဖွင့်ပြောပြီးပြီလား'

'ဟော့ကောင်··· ငါ့အရွယ်က ဖွင့်ပြောရမဲ့ အရွယ်လားကွ'

'ဆောရီး··· ကျွန်တော် လူငယ်တွေနဲ့ ရောသွားတယ်၊ ကယ် သူနဲ့သေသေချာချာ ဆွေးနွေးပြီးပလား'



www.burmeseclassic.com

www.burmeseclassic.com



'ပရိုပိုစ်တော့ လုပ်ထားတယ်'

'ကမ်းလှမ်းထားတဲ့ အဆင့်တောင် ရောက်နေပြီလား'

ပေါင်မုန့်က တအံ့တသြ မေးသည်။

'ဟိုဘက်က အခြေအနေကရော'

'တစ်ဘက်က သူ စဉ်းစားပါရစေဦးတဲ့'

'အဲဒါ ဝမ်းသာစရာပဲ အန်ကယ်၊ အဲဒီဘက်က သူက ဘယ်သူလဲ'

'သူ့နာမည်က ခွေခွေဇင်တဲ့၊ အန်ကယ်နဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးပဲ'

'သူက အပျိုကြီးလား'

'ဟင့်အင်း… ယောက်ျားနဲ့'

'ဟာ… အန်ကယ်ကလည်း မကြံကောင်းမစည်ရာဗျာ'

'ဟော့ကောင်… မင်းကလည်း စကားကို သေချာနားထောင်ပါကွ'

အဘိုးကြီးက ဝင်ဝင်ထောက်နေသော ပေါင်မုန့်ကို စိတ်မရှည်တော့ပေ။

'သူ့မှာ ယောက်ျားရှိပေမယ့် အခု မရှိတော့ဘူး'

'ခရီးထွက်သွားတုန်းလား ဒါလည်း ကာမပိုင်ချည်းပဲ'

'ခရီးထွက်သွားတာတော့ ဟုတ်တယ်၊ ဘယ်တော့မှ ပြန်မလာနိုင်တော့မဲ့ ခရီးကို ထွက်သွားတာကွ'

'ဟာ… ဒါဆို သေသွားပြီပေါ့'

ပေါင်မုန့်က ခုမှ လိုရင်းထဲ ပြန်လှည့်ဝင်လာသည်။

'အေး… ခွေခွေက ခုမှ ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ် မုဆိုးမ ဖြစ်ကျန်ရစ်ခဲ့တာ၊ သူ့ကို ငါ သနားတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်လက်အင်္ဂါ မပြည့်စုံလို့လား'

'ခါးလေးသိမ်… အာ… မင်းကွာ… ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ ငါ သူ့ကို အရင်နှစ်(၂၀)တုန်းကလို အချစ်မျိုးနဲ့ချစ်တာ'

အဘိုးကြီးက ခုမှ ငယ်မူပြန်အချစ်နဲ့ လာတွေ့နေသည်။

'ဒီကိစ္စတွေကို အန်ကယ့်သမီး မသိပါစေနဲ့'

'အေး… ငါ အသိမပေးဘူး၊ ဟာ… ဟော့ကောင် မင်းဂျီးဒေါ် ဒီစကား ငါပြောရမှာကွ၊ အခု လျှို့ဝှက်ထားတဲ့ ကိစ္စတွေ မင်းနှုတ် လုံပါနော်'

'စိတ်ချ အန်ကယ်၊ အန်ကယ့်သမီး နှစ်ယောက်စလုံး တစွန်းတစမှ မသိစေရဘူး၊ နောက်ပြီး အန်ကယ် အချစ်ကိစ္စကိုလည်း ကျွန်တော် ကူညီမယ်၊ အန်ကယ်မှာ ပြိုင်ဘက်တွေ ရှိသလား'

'အင်း… ဆွေဆွေဇင်ကို ချစ်ခွင့်တောင်းထားတဲ့ မုဆိုးဖိုကြီးတွေ ရှိတယ်၊ ဆွေဆွေဇင်က အလတ်ကြီး ရှိနေသေးတော့ ပျားပိတုန်းတွေလို ဝဲနေကြတာ ငါ့မှာ အဲဒီ ရင်ဆိုင်မှုကလည်း ရှိသေး'

'အန်ကယ်ဘက်က သာသလား'

'မဆိုရှုံစလောက်လေး သာပါတယ်'

ပေါင်မုန့်က ဆရာကြီးဟန်နှင့် မေးစေ့ကို ပွတ်၍…

'အန်ကယ်… ကျွန်တော့်ကို ယုံကြည်မယ်ဆိုရင် အန်ကယ်ကို ပေါ်တူဂီရိုးရာ တုတ်ခြစ်ဗေဒင်လေး တွက်ပေးပါရစေ'

'အေး… လုပ်စမ်းပါဦး'

အဘိုးကြီးလည်း စိတ်ဝင်စားသွားသည်။ ပေါင်မုန့်က သူ့ဘုတ်ချောင်းလေးတွေခြစ်ရင် ထုံးစံအတိုင်းလုပ်ဖို့ ပြင်နိုင်းသည်။

'အန်ကယ်အတွက် တစ်ခုခုတော့ ထူးခြားလာမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်က ဘောပင်လေးကို နဖူးမှာကပ်၍…

'ကဲ… သမ္မာဒေဝနတ်မြတ်နတ်ကောင်း အပေါင်းတို့နှင့် တကွ အချစ်ကိုစောင့်ရှောက်သော သတ္တဘာဂ ဖူးစာရေးနတ်၊ ကျူးပစ်နတ်သား၊ အက်သီနာနတ်သမီး၊ အက်ဖရိုဒိုက် အလှနတ်သမီး၊ ကြင်နာသနားသည့် တန်ခိုးကိုပြသသော ဉမ္မာနတ်သမီး အစစအရာရာ ကူညီညာပိုင်းလို့ မှိုင်းမကြကုန်'

ပေါင်မုန့်က ပထမမှနဝမအထိ အကွာရာစဉ် ချရေးလိုက်သည်။ တုတ်ချောင်းလေးတွေ ခြစ်ခါနီး အဘိုးကြီးကို အချက်ပေးသည်။

ပထမ -||| ||| ||| =0

ဒုတိယ -||| ||| ||| =0

တတိယ -||| ||| ||| ||| || =2

စတုတ္ထ -||| ||| ||| ||| =0

ပဉ္စမ -||| ||| ||| =0

ဆဋ္ဌမ -||| ||| ||| ||| | =1

သတ္တမ -||| ||| ||| ||| =0

အဋ္ဌမ -||| ||| ||| ||| || =2

နဝမ -||| ||| ||| ||| =0

'ကဲ… အန်ကယ်၊ ဟောကိန်းပထမအဆင့် အန်ကယ် စိတ်ထဲမှာ အရင်လူတစ်ယောက် ရှိတယ်၊ အခု အခြားလူတစ်ယောက် ကြောင့် သူ့ကို မေ့နေပြီ အဲဒါ ဟုတ်သလား'

'ဟီး… ဟုတ်သလိုလို ရှိသားပဲ'

'ဒုတိယ ဟောကိန်းဆက်မယ်၊ ဟာ… အကြောင်းချည်း



www.burmeseclassic.com

www.burmeseclassic.com



ပါလား၊ အန်ကယ် ချစ်တဲ့သူနဲ့ လက်ထပ်ရမယ်၊ အန်ကယ်တော့ အသက်ကြီးမှ စန်းထနေပြီ'

အဘိုးကြီးလည်း နွားအိုမြက်နုကြိုက် ဖော်မြူလာထဲ ဝင်သွားသဖြင့် သဘောခွေ့နေ၏။

'ဟာ··· တတိယ ဟောကိန်းက ဘယ်လိုကြီးလဲ'

'မကောင်းဘူးလား'

အဘိုးကြီး ပြူးတူးပြဲတဲဖြင့် စာရွက်ကို လှမ်းကြည့်သည်။

'အန်ကယ်··· ဒီ တတိယဟောကိန်းက အိမ်ရောက်ရင် အရိုက်ခံရမယ်တဲ့'

'ဟေ··· မင်းဟာကလည်း'

'ဟဲဟဲ··· အပျော်ဗေဒင်လေးပါ၊ ပေါ်တူဂီတွေက ပင်လယ် ပြင်မှာ နယ်မြေသစ်တွေ ရှာဖွေရင်း အချင်းချင်း အပျင်းပြေဆော့ ကစားကြတာပါ··· ဟီး'

ပေါင်မုန့်က အဘိုးကြီး ဒေါကန်မှာစိုး၍ စကားကို လွှဲပြော သည်။ အဘိုးကြီးလည်း ပေါင်မုန့်၏ ဗေဒင်ကို မယုံတစ်ဝက် ယုံတစ် ဝက်။

'ဟေ့ကောင်··· မင်းနဲ့ငါ ကတိခံထားတာ မမေ့နဲ့နော်'

'စိတ်ချပါ အန်ကယ်ရာ၊ မင်းမှာ သစ္စာ၊ လူမှာကတိပါ၊ ပေါင်မုန့်ဆိုတဲ့ကောင်က လူသာဒုက္ခရောက်ရင် ရောက်သွားမယ်၊ ကတိတစ်ခုကို လွယ်လွယ်နဲ့ မဖျက်တတ်ဘူး'

'ဒါဆို ငါ သွားမယ်၊ ခက်ခက်သစ်တို့ အိမ်ပြန်ရောက်နေ လောက်ပြီ၊ ငါ မရှိရင် ဒင်းတို့က ကြောင်မရှိ ကြွက်ထဦးမှာ'

'ဟုတ်ကဲ့··· အန်ကယ်'

'ရော့··· ဒါ ငါ့လိပ်စာကဒ် လိုအပ်ရင်ဆက်သွယ်'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါ အန်ကယ်၊ ဒီတစ်ခါ ဒတ်ချ်ရိုးရာဗေဒင် ရရင်လည်း လှမ်းဟောပေးပါဦးမယ်'

'တော်ပြီ စပိန်ရိုးရာဗေဒင်ရလည်း မဟောနဲ့တော့'

အဘိုးကြီးက ကားပေါ်တက်၍ မောင်းထွက်သွားသည်၊ ခက်ခက်သစ်တို့ သားအဖအကြောင်း ခုမှ အကြောင်းစုံ သိရတော့၏။ ပေါင်မုန့်လည်း အဘိုးကြီးသောက်သွားသည့် အိုဗာတင်းဖိုးပါ ရှင်းလိုက်ရသည်။

ထိုအချိန်တွင် စားပွဲထိုးတစ်ယောက်၏ မသိမသာ လှုပ်ရှားမှုတစ်ခုကို ပေါင်မုန့် မတွေ့လိုက်ရ။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

'လိုလာ… လိုလာ… လိုလာ'

ပေါင်မုန့် အထက်ပါစကားစုကို (၁၂)ခွန်းလောက် ရွတ်နေသည်။ သူ့အချစ်ရေး ကိစ္စတွင် နှောင့်နှေးမှုများနှင့် တုံ့ဆိုင်းမှုများ ရောထွေးယှက်တင်နေ၏။ ပေါင်မုန့်ရဲ့ ဓာတ်အချို့သည် တိုးမြင့်အောင်နှင့်တင်အောင်လတ်ဆီကိုပါ ကူးစက်သွားသည်။ ခက်ခက်သစ် ပြောပြဖူးသော စကား(၂၆)ခွန်းကိစ္စနဲ့ ပတ်သက်သည်။ တိုးမြင့်အောင် က…

'တြင်ကာ… တြင်ကာ… တြင်ကာ… တြင်ကာ… တြင်ကာ'

(၅)ခွန်းတိတိ ရွတ်နေသည်။ သူမနေ့က ကုန်ကျစရိတ် ဆောင်း၍ ငွေလိုနေခြင်းကြောင့်။ တင်အောင်လတ်ကတော့ ရပ်ကွက် အသုဘတွေမှာ ခုံမင်စွာဖဲကစားတတ်ခြင်းကြောင့်…

'တာဗနိုး… တာဗနိုး'

လက်ချိုးရေတွက်၍ (၃၁)ခွန်း ရွတ်နေသည်။ တင်အောင် လတ်က (၃၁)ခွန်းပြည့်တော့…

'ပေါင်မုန့်… မင်း ခက်ခက်သစ်ကို ဖွင့်မပြောသေးဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ပြောဖို့ အချိန်မပေးနိုင်သေးဘူးကွာ၊ အခု လောလောဆယ် သူ့အဖေကြီးကို ငါ မြှောက်ပေးလိုက်ပြီ'

'သူ့အဖေနဲ့ မင်းနဲ့ ချက်ချင်းကို လေပေးဖြောင့်သွားတာ ပဲလား'

'ပဋ္ဌာန်းဆက် အထုံပါရမီ ရေစက်တွေကြောင့် ထင်တယ်'

'အေး… တစ်ခုခုဖြစ်မှ ပဋ္ဌာန်းဆက်မဟုတ်ဘဲ ပြတ်နေ ဦးမယ်၊ အထုံမရဘဲ အမေ့ရနေဦးမယ်၊ ကြည့်လည်းလုပ်ဦး'

တိုးမြင့်အောင်က သတိပေးသည်။ သုံးယောက်သား ဘာ စကားမှ ဆက်မပြောဖြစ်ဘဲ ကိုယ်အတွေးနှင့်ကိုယ် ငြိမ်နေကြ၏။

'ခက်ခက်သစ်ရယ်… မတွေ့တာတောင် ကြာပြီ၊ သတိရ လိုက်ကာ'

'အရေးထဲ မယားတရှူးက ထနေသေး'

'ဘာတွေများ ဖြစ်နေသလဲ မသိဘူး'

ပေါင်မုန့်က လမ်းမကို မျှော်လေဟန်ဖြင့် ငေးနေသည်။ ကျောင်းသူကလေးတွေ အချင်းချင်း ရယ်မောနေကြသည်ကို တွေ့ရ၏။ စိတ်ထဲတွင် လွမ်းသလိုလို တွေးသလိုလိုနှင့် နတ်သျှင်နောင်ရ တုလေး ထဟဲလိုက်ရင် ကောင်းမလား။

'ဟာ… ဟောကောင်… ဟိုမှာ… ငါတို့ကို တစ်ခါ ကြိုးနဲ့တုတ် အဝတ်အစားတွေ ချွတ်ပစ်ထားတဲ့ ကောင်မလေး'

'ဟာ… မဖြစ်ဘူး တို့ပြေးမယ်'

တိုးမြင့်အောင်နှင့်တင်အောင်လတ်က ထပြေးကြသည်။

'ဟောကောင်တွေ… ငါ့ကို စောင့်ကြဦးလေ'

'မင်း နေခဲ့ပါကွာ၊ ခက်ခက်သစ် ဘာလို့ မပါလာသလဲ မေးရဦးမယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'အေး… အဲဒါ အဓိကကျတယ်'

ပေါင်မုန့် ပြေးထွက်သွားသည်။ ကောင်မလေးနာမည်ကို ဉ်းစားရသေး၏။

'ဟဲ့… ထွေးထွေး'

ကောင်မလေးက လှည့်ကြည့်သည်။ မျက်လုံးတွေလည်း အစ်နေသည်။

ထူးခြားတာက ထွေးထွေးသည် အနက်ရောင်ဝတ်စုံကို ဝတ် င်ထားသည်။

'အတော်ပဲ ကိုပေါင်မုန့်'

'ဟဲ့… နင်… နင် စကားပြောပြီ၊ စာချုပ်ပြည့်သွားပြီလား'

'ဟိုနေ့က အိမ်မှာကာရာအိုကေ ခိုးဆိုတာမိသွားလို့ ပြော သွားပြီ၊ အခု မမခက်ခက်အတွက် အရမ်းအရေးကြီးနေတယ်'

'ခက်ခက်သစ်… ဘာဖြစ်လို့လဲ'

ပေါင်မုန့် ရင်ထဲတောင့်သွားသည်။

'မမခက်ခက်… ဟင့်… ဟင့်'

ထွေးထွေးက လက်ဝါးလေးပိတ်၍ ငိုပါလေသည်။

'ဟဲ့… ဟဲ့… ထွေးထွေး၊ ခက်ခက် ဘာဖြစ်လို့လဲ'

'မမခက်ခက် ဟိုနေ့က အဖေကို ပြန်ပြောရာက စိတ် ာက်ပြီး အိပ်ခန်းထဲ ဝင်အိပ်လိုက်တာ ကုတင်တိုင်က ဖုလုံးနဲ့ ောက်စေ့ကို ရိုက်မိပြီး စိတ်တွေပုံမှန် မရှိတော့ဘူး၊ ကြောင်စီစီ တွေနဲ့ အခုလည်း သူ့ကို ချစ်နေတဲ့သူတွေ အားလုံးအတွက် ိတ်စာပို့ခိုင်းလိုက်လို့ ထွေးထွေး လိုက်ပေးနေတာပါ'

'ဟေ… ဟေ… ဘာဖိတ်စာလဲ'

'ဖတ်ကြည့်ရင် သိမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



ထွေးထွေးက သူ့လက်ထဲမှ ဖိတ်စာလေးကို ကမ်းပေးသည်။

**ခက်ခက်သစ်၏ (၂၂)နှစ်မြောက်**
**စိတ်ကျန်းမာရေးသွားမည့် အခမ်းအနား**
**အစီအစဉ်**

**ကျင်းပမည့်ရက် - သန်ဘက်ခါ**
**(နေသာမိုးရွာမည့်ရက်)**
**အချိန် - နေ့လယ် နေထန်းတဖျား**
**နေရာ - အိမ်ဖြူတော်**

'ဟာ… ခက်ခက်သစ်၊ ဘာတွေလျှောက်လုပ်နေတာလဲ'

'ထွေးထွေး အထင်တော့ မမခက်ခက် ရူးသွားပြီထင်တယ်'

'ဟဲ့… မဟုတ်က ဟုတ်က… ဟာ'

'ကိုပေါင်မုန့် မယုံရင် အိမ်လိုက်ကြည့်ပေါ့'

'ငါ… ငါ လိုက်ကြည့်မယ်ဟာ'

ပေါင်မုန့်မှာ မရဲတရဲဖြင့် ပြောသည်။

'ဖိတ်စာ ဘယ်နှစ်ယောက်လောက် ပေးပြီးပလဲ'

'မမ စာရင်းအရဆိုရင် ကိုပေါင်မုန့် ပြီးရင်ကုန်ပြီ'

'ငါလိုက်တာတော့ ဟုတ်ပါပြီ၊ နင်တို့ အဖေက တစ်မျိုး ထင်နေရင်…'

'အဖေ… မိန်းမခိုးပြေးသွားပြီ သိလား'

'ဟေ… ဗုဒ္ဓေါ'

ပေါင်မုန့် မျက်လုံးပြူးသွားသည်။ ဒီအဘိုးကြီးက ပြောင်းပြောင်း နဲ့ပါလား။ အိမ်ရောက်ရင် အရိုက်ခံရမှာ ကြောက်လို့ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



'နင်ရဲ့ အဖေကလည်းဟာ… သိပ်အားကိုးရတာပဲ'

'ထွေးထွေးလည်း အဖေကို တစ်ဘက်ကနေ လိုက်ရှာနေရတယ်'

'အဖေက ခက်ခက်သစ် ကိစ္စကို မသိဘူးလား'

'အခုတော့ သိလောက်ပါပြီ၊ ဆက်သွယ်ထားတာပဲ'

ထွေးထွေးက ပြောရင်းနှင့် မောနေရှာသည်။

'ခက်ခက်သစ် ဘယ်လိုဖြစ်တာလဲ'

'ကိုပေါင်မုန့်… လိုက်ခဲ့မှာလား၊ ဘယ်လိုလဲ'

အရေးဆိုရင် ဟိုကောင်တွေက မရှိ။ တော်တော် သွေးကြောင်တဲ့ ကောင်တွေပဲ။

'ဒီ ဖိတ်စာက ပေါက်ကရတွေ ရေးထားတာပဲ'

'ဘာပဲဖြစ်ဖြစ် ကိုပေါင်မုန့် လိုက်ခဲ့ပါ'

'လိုက်ရမှာပေါ့၊ တော်ကြာ အခြေအနေဆိုးလာရင် ပြဿနာပဲ'

ပေါင်မုန့် ကမန်းကတန်း လက်ဖက်ရည်ဖိုး ရှင်းသည်။ ထွေးထွေးက ကားဝင်းအတွင်း ရပ်ထားသော ကားဆီသို့ သွားလေ၏။

'ထွေးထွေး… နင်ရော ဟိုသဘောသားနဲ့ ပေးစားဖို့လျာထားတုန်းပဲလား'

'ဟာ… ခင်ဗျား ဘယ်လိုလုပ်သိသလဲ'

ထွေးထွေးက တအံ့တဩ မေးသည်။

'ဟို… ခက်ခက်သစ် နင့် အစ်မပြောထားတာ'

'ဟွန်း… အစ်မကလေ'

ထွေးထွေးက ပွစိပွစိ ပြောသည်။ ပေါင်မုန့် လမ်းတစ်လျှောက်လုံး ဆုတွေတောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခက်ခက်သစ်··· ဘာမှမဖြစ်ပါစေနဲ့··· ကယ်ပါ'

ခက်ခက်သစ်သည် သွက်သွက်ခါအောင် ရူးသွားပါက ပေါင်မုန့်၏ ရင်ထဲမှ အချစ်တွေသည် စီနီယာလျှော့ရုံတင်မက ပျောက်ဆုံးသွားနိုင်၏။

'အော်မား··· အော်မား'

ပေါင်မုန့်က တတွင်တွင် ရွတ်နေသည်။ ထွေးထွေးကဘေးမှ ပြူးတိပြူးကြောင်ဖြင့် ကြည့်နေသည်။ ယာဉ်မောင်းက ဘာလဲသဘောမျိုးဖြင့် ကြည့်နေ၏။

'ဗရီးမား··· ဗရီးမား'

ကျန်းမာရေးကောင်းစေဖို့ ဗရီးမားကို (၁၆)ခွန်း ရွတ်ရသည်။ ထွေးထွေးက···

'ရီးမား··· ရီးမား'

ပရီးမီးယားလိဂ်က ဘောလုံးအသင်းကို ရွတ်နေသည်။

'ဟဲ့··· ထွေးထွေး နင့်အစ်မက တစ်အိမ်လုံး ပြောင်းဆန်အောင် သောင်းကျန်းထားသလား'

'အဲဒီလိုတော့ မရှိဘူး၊ လက်ရှိဘာတွေ ဖြစ်နေသလဲဆိုတာကိုတော့ သိတယ်၊ တစ်ခါတလေကျရင် ချောင်ကပ်ပြီး ခွေခွေလေးနေတယ်၊ ဆိုးဆိုးဝါးဝါးတော့ မရှိဘူး'

'ဆရာဝန် မခေါ်ဘူးလား'

'ဆရာဝန်က ပြောတယ်၊ ကုတင်တိုင်နဲ့ ဆောင့်မိတဲ့ အရှိန်ကြောင့် ခုလို အတိတ်မေ့သလိုလို၊ ပစ္စုပ္ပန်ကို မသိသလိုလို၊ အနာဂတ်ကို မရောက်ဖူးသလိုလို ဖြစ်နေတာတဲ့၊ အဲဒါ သူ့ အခန်းထဲမှာရှိတဲ့ ကုတင်ကို နေရာပြောင်းပေးပါတဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဆရာဝန်လား လက်သမားဆရာလား ဒင်းကလည်း အရေးမကြီးတာကို'

ပေါင်မုန့်က စိတ်မရှည်တော့ပေ။ အချိန်တွေလည်း ကြာပြီဟု ထင်သည်။ စိုးရိမ်ပူပန်မှုသည် ဒီဂရီမြင့်တက်နေပြီ။

'ဟိုရောက်ရင် ထွေးထွေးကို ပေါ်တူဂီဖဲဒင် တွက်ပေးဦး'

'အရေးထဲ နင်ကလည်းဟာ'

ပေါင်မုန့်က စိတ်လောနေသည်။ ကားသမားကို အမြန်မောင်းခိုင်း နေပုံပေါ်သည်။ ထွေးထွေးကတော့ ပီကေဝါးမပျက်အေးဆေးပဲ။

'ဒီအဘိုးကြီးကလည်း တဖွတ်ထိုးကြီးပဲ၊ ငါ ဟိုတစ်ပတ်ကပဲပြောလိုက်သေး၊ အခု မချွသွားပြီ လက်သွက်ပါ့၊ ဒါကြောင့် ရှေးလူကြီးတွေက ပြောတာ၊ နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက်ရှိတယ်၊ သိပ်မှန်တဲ့ စကားပဲ၊ ငါများတော့ ခက်ခက်သစ်ကို ချစ်ရဒဲ့အရေး ပင်လယ်သမုဒ္ဒရာကို ရှက်လွှင့်နေရသလို တော်တော်ကြာတာပဲ၊ အခု ခက်ခက်သစ် ဘာမှမဖြစ်ပါစေနဲ့၊ အက်ဖရီဒိုက်တ်သမီး ကယ်မတော်မူပါ'

ပေါင်မုန့် အိမ်ကိုအမြန်ရောက်ချင်နေပြီ။ ကားကလည်းသမ်းတွေပိတ်နေသဖြင့် ပြန်လှည့်ထွက်ရာ ကန့်လန့်ဖြစ်နေပြီ။ အနည်းသယ်ကြာ သွားသေးသည်။ တော်တော်ချာသော Taxi ပင်။

ဤသို့ဖြင့် ပေါင်မုန့်တို့သည် ခက်ခက်သစ်တို့၏ အိမ်တော်ဆောာသို့ မနှေးမမြန် ရောက်ရှိလာခဲ့သည်။

အိမ်ထဲတွင် ဘယ်သူမှ မတွေ့ရပေ။ ထွေးထွေးက ခေါ်ကြည့်သည်။

'မမခက်ခက်ရေ… မမခက်ခက်'



www.burmeseclassic.com

www.burmeseclassic.com



'ဟော့… ဘယ်သူမှလည်း မရှိပါလား'

'ဒုက္ခပဲ… မမခက်ခက် ထွက်ပြေးသွားပြီလား မသိဘူး'

ထွေးထွေးက စိတ်ကုန်သွားသော လေသံဖြင့် ပြောသည်။

'အိမ်အပေါ်ထပ်တွေ လိုက်ရှာကြည့်ရအောင်'

ပေါင်မုန့်ကလည်း စိုးရိမ်တကြီးဖြင့် အပေါ်ထပ်ကို တက်ရှာသည်။

'ခက်ခက်သစ်ရေ… ခက်ခက်'

'ဟား… ဟား… ဟား… ဟား'

ရယ်သံသြသြကြီး ဘယ်ကနေထွက်လာမှန်း မသိ။

'ဘယ်သူလဲ'

'ပုံပြောကောင်းတဲ့ ပေါင်မုန့် ဆိုတဲ့ကောင်လေး'

'ဟို… ဟို… အန်ကယ်လား'

အသံသာကြားရသည်။ လူကို မတွေ့ရ။ အသံက ဟိန်းထွက်နေသည်။

'အန်ကယ်… သမီးရှုံးသွားလို့ဆို'

'ဘယ်ကလာ ရှုံးရမှာလဲ၊ ငါ့ပြောစကား နားမထောင်သည့် အခန်းထဲမှာ ခြေနှစ်ဖက်ကို ကြိုးတုတ်ထားတာကွ'

'ပါးစပ်ကို ပလာစတာနဲ့ ကပ်ထားရင် ရတဲ့ဟာကို'

'လျှာမရှည်နဲ့ မင်းကို သက်သက်မဲ့ ဒီကို ခေါ်ချင်လို့ စာလမ်းဆင်လိုက်တာပဲ'

'ဗျာ… ဒီလိုလား သိပါဘူး၊ အန်ကယ့်သမီး တကယ် ရှုံးသွားတယ်ထင်လို့ သားကလည်း လိုက်ရှုံးပေးမလို့၊ စိတ်ကျန်းမာရေးဆေးရုံ သွားတဲ့အခါ ကားအတူတူစီးလို့ ရတာပေါ့'

ပေါင်မုန့်က ဆင်ခြေပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းကို ငါ ပညာစမ်းမယ်၊ မင်းအခု အပေါ်ထပ်ကို ရောက်နေပြီလား'

'ရောက်တော့ရန် လှေကားသုံးထစ်သာ လိုပါတော့သည်'

'ဟုတ်ပြီ လှေကားသုံးထစ်ကို မင်း တက်လိုက်ပါ'

'ပြေးတက်ရမှာလား၊ အဆင့်ကျော်ရမှာလား၊ တစ်ထစ်ချင်း တက်ရမှာလား'

'ဟော့ကောင်… မနောက်နဲ့ ငါ အကောင်းပြောနေတာ'

'တက်ပြီးသွားပြီ အန်ကယ်'

'ပြီးရင် မင်း ဘယ်ကိုတွေ့လိုက်ပါ'

'ခါးလှည့်ပြီး အသင့်ဖြစ်နေပါပြီ အန်ကယ်'

ပေါင်မုန့်လည်း ထွေးထွေးကို သတိရ၍ကြည့်ရာ ထွေးထွေး သည်း ပျောက်သွားသည်။ ကြိုတင်ကြံစည်မှု တစ်ခုပင်။

'အဲဒီ မင်း ရှေ့မှာဘာတွေ့သလဲ'

'အခန်းသုံးခန်း တွေ့ပါတယ်'

'နံပါတ်ကဉ် ၁၊ ၂၊ ၃ တပ်ထားတယ်၊ ငါပြောတာ သေချာ အားထောင်'

ပေါင်မုန့်သည် အဘိုးကြီး၏ ပဟေဠိကို ဖြေနေရပြီ။

'အဲဒီ သုံးခန်းထဲမှာ ခက်ခက်သစ် ရှိတယ်'

'ဗျာ… ဟုတ်လား၊ ဘယ်အခန်းမှာလဲ'

'ဒါကို ငါက ပြောပြရမှာလားကွ၊ ငါပြောမယ် မင်း အခန်း သုံးခန်းကို တစ်ကစပြီး ဝင်ရမယ်၊ အခန်းတစ်ကို ဝင်ပြီးရင် အဲဒီ ထဲမှာရှိတဲ့ တစ်ယောက်ကို အနိုင်ယူပြီး သူ့ဆီက ပစ္စည်းတစ်ခု ဆောင်းလာရမယ်'

'ဘုရားရေ… အခန်းတစ်ထဲက ဘယ်သူပါလိမ့်'



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့် မျက်ခုံးတွေ လှုပ်လာပြီ။ အသားတွေလည်း တုန်လာသည်။

'သူ့ဆီက ပစ္စည်းတစ်ခုတောင်းပြီး ဒုတိယအခန်းထဲကို ဆက်ဝင်ရမယ်၊ အဲဒီ ပစ္စည်းကို အခန်းထဲမှာရှိတဲ့ သူကိုပေး၊ ပြီးရင် အဲဒီထဲကသူကို ခေါ်လာပြီး တတိယအခန်းထဲကို ဆက်ဝင်ရမယ် ခေါ်လာတဲ့သူကို တတိယအခန်းထဲမှာ ထားပစ်ရင်ထားပစ် ဒါမှမဟုတ် မင်းနေရင်နေခဲ့ ကြိုက်တာလုပ် အဲဒီအခန်းထဲက ပြန်ထွက်လာရင် တစ်ယောက်ပဲ ပြန်ထွက်လာရမယ်၊ ဟုတ်ပလား'

'အခန်းထဲမှာ ဘယ်သူတွေ ရှိသလဲ'

'အဲဒါတော့ ငါ ပြောပြပိုင်ခွင့် မရှိဘူး၊ ကဲ… အချိန်မရှိဘူး မေးခွန်းလေးတွေ တချို့မေးဦးမယ်'

'အချိန်မရှိဘူးလည်း ပြောသေးတယ်'

ပေါင်မုန့် ရင်ထဲတွင် သောကအချို့ ခိုကပ်တွယ်အောင်းနေသည်။

'လွတ်မြောက်ဖို့ ကိစ္စဆိုရင်'

'အရှုန်… အရှုန်လောက်စ်ကို (၄၁)ခွန်း ရွတ်ရမယ်'

'ဟုတ်ပြီ… ကဲ… ပေါင်မုန့် မင်း အရည်အချင်းကို ကြည့်မယ်ကွယ့် အခန်းသုံးခန်းထဲမှာ မင်း စိတ်ဝင်စားစရာတွေ ရှိမှာပါ'

ပေါင်မုန့် ဒူးတွေတုန်ယင်လာသည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

ပေါင်မုန့် ပထမအခန်းထဲ ခပ်ဖွဖွလေး ဖွင့်ဝင်လိုက်သည်။ အခန်းထဲတွင် မှောင်မည်းနေသည်။ ပေါင်မုန့် ဆက်ဝင်ရနိုး မဝင်ရနိုး ဖြစ်နေသည်။

'ဝင်လာပါ ပြီးရင် အခန်းတံခါးကို ပြန်စေ့ခဲ့ပါ'

'ဟုတ်ကဲ့ခင်ဗျ'

အခန်းထဲတွင် မီးများလင်းလာသည်။ ပေါင်မုန့်ရှေ့တွင် ဆံသည်ကုလားထိုင်နှင့် ဆံပင်ဖားလျားချထားသော မာမရှိန်းတစ်ယောက်ကို တွေ့ရသည်။ ပေါင်မုန့်ကို သူက သေသေချာချာ စိုက်ကြည့်နေ၏။

'ဟယ်… အခဆင်ဆန်းလေးပဲ၊ ဒီည မာမီနဲ့ အဖော်လုပ်ပေးမှာလား'

'ဟာ… ဟုတ်ပါဘူး၊ အန်ကယ်လွှတ်လို့'

'ဟယ်… အန်ကယ်လား၊ အန်ကယ်က မနေ့ညက ပြီးသွားပြီ၊ ပြောစမ်း ဒီကိုဘာလာလုပ်တာလဲ'

ပေါင်မုန့် စိတ်ဓာတ်တွေ တဖုန်းဖုန်း ပြုတ်ကျကုန်သည်။

'ဟို… ဟို… ဗေဒင်တွက်ပေးမလို့'

'ဟယ်… ဟုတ်လား၊ ဘာဗေဒင်လဲ'

'ပေါ်တူဂီရိုးရာ တုတ်ခြစ်ဗေဒင်လေးပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်… သဘောကျလိုက်တာ၊ တုတ်ခြစ်ဗေဒင်တဲ့ အ သည်းယားစရာကြီး… ဟီးဟီး၊ မှန်ရင်အာဝါးပေးရမယ်နော်'

ပေါင်မုန့် သေချင်စော်နံနေပြီ။ ပေါင်မုန့်လည်း တတ်သည့် ပညာ မနေသာဆိုသလို နည်းစနစ်ကောင်းကြီးကိုပဲ သုံးစွဲရချေသည်။

'ဟယ်… သူငယ်လေး၊ တို့ခြစ်လို့ မရဘူးလား၊ လူဆိုးလေး သရဲလေး'

'ကျွန်တော် ခြစ်မှရလို့ပါ'

'ရပါတယ်… ရပါတယ်နော်၊ ပျင်းတောင်ပျင်းသေးတယ် သဘောပေါက်'

မာမရှိန်းကြီးက ပေါင်မုန့်နဖူးကို လက်နှင့်တောက်သည်။ အရှင်လတ်လတ် ငရဲကျနေတာထက် ဆိုးဝါးသည်။

'ဒီဗေဒင်က ဘာအတွက်လဲ'

'ဟို… လူငယ်သဘာဝ အချစ်ရေးကိစ္စအတွက်ပါ'

'အို… ဘာတွေလာပြောနေတာလဲ၊ ရှက်လိုက်တာ'

'မာမီမှာချစ်ရတဲ့ သူငယ်လေးတွေရှိရင် စိတ်ထဲမှာမှတ်ပြီး မေးလို့ရတယ်'

'တကယ်လား ရင်ခုန်လိုက်တာ'

မာမရှိန်းကြီးမှာ ရပ်နှင့်အသံ မလိုက်အောင် တစ်ကိုယ်လုံး တုန်ခါ နွဲ့နှောင်းနေသည်။

'ကဲ… မာမီ စပြီနော်'

မာမရှိန်းကြီးမှာ တော်ပြီကို ကိုးခါတိတိ ပုံစံမျိုးစုံဖြင့် လုပ်ပြ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမ - ||| ||| ||| || =2

ဒုတိယ - ||| ||| ||| | =1

တတိယ - ||| ||| ||| ||| =0

စတုတ္ထ - ||| ||| ||| || =2

ပဉ္စမ - ||| ||| ||| ||| =0

ဆဋ္ဌမ - ||| ||| ||| ||| =0

သတ္တမ - ||| ||| ||| ||| =0

အဋ္ဌမ - ||| ||| ||| ||| =0

နဝမ - ||| ||| ||| ||| = 0

'အဖြေတွေ ပြောပါဦး အငယ်လေးရဲ့၊ ရင်တွေခုန်လိုက်တာ' မာမရှိန်းကြီးက လက်သီးဆုပ်လေးတွေနှင့် ထုထုပြီးညှုနေ [illegible]

'ပထမဟောကိန်းက 210 ကျတယ်၊ မာမီကို လူတစ်ယောက် ဆိုးနေတယ်၊ မာမီက သူ့ကို စကားမပြောလို့'

'ကျိန်းသေတာပေါ့၊ ဟွန်း... ဟိုမင်းသားပေါက်စ လိပ်ကေ [illegible]ပေါ့၊ မာမီက နောင်ကြဉ်အောင် ဟမင်ပစ်ထားတာ'

'ဟုတ်ပါပြီ၊ ဒုတိယဟောကိန်းက 200 ကျတယ်၊ မာမီ [illegible]သွားတာပဲ၊ စန်းထပြီ ထင်တယ်၊ တစ်ပတ်အတွင်း ရည်းစားစကား [illegible]ပြောခံရမယ်တဲ့'

'ဟယ်... ကောင်းလှချည်လား၊ ဒါကြောင့် ဟိုနေ့က မျက်စ [illegible]ပြနေတဲ့ ကောင်လေးတွေ တွေ့နေတာ'

'နံပါတ်မှာသုံး ဟောကိန်းကတော့ မာမီချစ်တဲ့သူက မာမီ [illegible] အသက်ကြီးတယ်တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်… အသက်မကြီးရင်တော်ပါ၊ ဟိုဟာကြီးရင် တော်ပြီ သဘောထား သဘောထား'

မာမီကြီးက ဖေဒင်မှန်ကြောင်း ချီးကျူး၍ အိတ်ထဲမှ အ သည်းပုံ ဆန်ဆန်ဖူးလေးကို ထုတ်ပေးသည်။

'ကံကောင်းပါစေကွယ်'

ပေါင်မုန့်လည်း ပထမအခန်းကို ကျော်ဖြတ်ပြီးသွားပြီ။ အဘိုးကြီးပြောသော စကားတွေကို သတိရသွားသည်။

'ဒုတိယအခန်းထဲဝင်ရင် အဲဒီထဲကသူကို ခေါ်လာရမှာ ဘယ်သူကို ခေါ်ရမှာလဲ ပြသနာပဲ'

ပေါင်မုန့်မှာ ရဲတင်းစွာဖြင့် အခန်းထဲဝင်သွားသည်။ အခန်း တွင် တွေ့ရတာတွေကြောင့် ပေါင်မုန့် မျက်လုံးပြူးသွား၏။ အခန်း တွင် ခက်ခက်သစ်ကို ကုလားထိုင်မှာ လက်ပြန်ကြိုးတုတ်၍ ပါးစပ် အဝတ်စည်းထားသည်။ ပေါင်မုန့်က အမောတကောပြေးသွားပြီး ကြိုး ဖြေပေးသည်။

'ခက်ခက်… ဘယ်လိုဖြစ်တာလဲ'

'ခက်ခက်ကို ကယ်ပါဦး၊ ဒယ်ဒီ အရမ်းရက်စက်တယ်'

'ကယ်ရမှာပေါ့၊ အခု အခန်းထဲက ထွက်ကြမယ်'

'ထွက်လို့ရပါ့မလား'

'ဘာလို့မရရမှာလဲ'

'ကိုပေါင်မုန့် ဒယ်ဒီမေးတာတွေကို ဖြေမနေနဲ့ ဒီကနေပြေး တော့'

ခက်ခက်သစ်က စိုးရိမ်စွာပြောသည်။

အရင်လို ယောက်ျားတကာအသည်းကို မွှေနှောက်ခဲ့သော အမူအရာမျိုး မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလို့ပြေးရမှာလဲ၊ အဓိပ္ပာယ်မရှိတာ၊ ခက်ခက် ငါတစ်ခုပြောမယ်၊ မင်းကိုငါချစ်တယ်'

'ဒါတွေပြောမနေပါနဲ့တော့ ပြေးပါတော့'

'မရဘူး၊ ခက်ခက်ကိုခေါ်သွားမှ ဖြစ်မယ်'

'ခက်ခက်ကို ခေါ်မသွားနဲ့ ကိုပေါင်မုန့် မှားလိမ့်မယ်'

ပေါင်မုန့် သေချာစဉ်းစားလိုက်သည်။ ခက်ခက်ကို ခေါ်သွား၍ တတိယအခန်းထဲသို့ ဝင်သွားလျှင် အဲဒီအခန်းထဲတွင် မုချမသွေ တစ်ယောက်နေခဲ့ရမည်။

ဒါတော့ မဖြစ်။ အဲဒီ အခန်းထဲတွင် ဘာတွေရှိမှန်း မသိ။ ဒါပေမဲ့ ဒီအခန်းထဲကနေ တစ်ယောက်ခေါ်သွားရမယ်ဆိုတော့။ အခန်းထဲမှာလည်း ခက်ခက်သစ်တစ်ယောက်ပဲ ရှိသည်။

'ဝုတ်… ဝုတ်… ဝုတ်'

'ညောင်… ညောင်… ညောင်'

အခန်းထဲတွင် ခွေးသံ၊ ကြောင်သံတွေ ကြားရသည်။

'ဟာ… ဟုတ်ပြီ'

ပေါင်မုန့် အကြံရသွားသည်။ ခွေးတစ်ကောင်၊ ကြောင်တစ်ကောင် ခေါ်သွားရင်ကောင်းမလား။ ပေါင်မုန့် ခွေးနဲ့ကြောင်ကိုဖမ်းရန် ခက်ခက်သစ်ကိုပြောရာ…

'ခွေးနဲ့ကြောင်ထက် ထူးခြားတာတစ်ခုရှိတယ် ဟိုမှာ…'

ပခြုပ်အလတ်စားတစ်ခုကို ခက်ခက်သစ်က ညွှန်ပြသည်။ ပေါင်မုန့် သဘောပေါက်သွားပြီ။ အဘိုးကြီးကို တစ်ပတ်ရိုက်ရမည်။ ပေါင်မုန့်လည်း အခန်းထဲမှ ပခြုပ်ကိုမ၍ တစ်ဘက်တတိယအခန်းထဲသို့ ဝင်ပြေးသွားလေသည်။ တတိယအခန်းထဲတွင် တွေ့လိုက်ရတာကတော့ ရန်သူတော်ဟောင်းတွေပင်။ အဘိုးကြီး ဘာအကြံအစည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



စုခေါ်ထားသလဲ မသိ။ ဒေါင်းတင်မောင်းတင်နှင့် ရောက်နေသည်။ ခမ်းလေး၊ ဝေယံဖြိုး၊ တင်လှမောင်ကြည် အပါအဝင်ငါးဦး။

'တော်ပါသေးရဲ့ ခက်ခက်သစ်ပါလာရင် ငါထားခဲ့ရမှာ ခက်ခက်သစ်ကို မထားခဲ့ရင်လည်း ငါနေရမှာ သေပြီ'

'မင်း ဘာလာလုပ်တာလဲ'

'ခင်ဗျားတို့ကရော ဘာလုပ်နေတာလဲ'

'အဘိုးကြီးက ငါတို့ကို ခက်ခက်သစ်နဲ့ တွေ့ပေးမည့် နောက်ပြီး ချစ်သူရွေးပွဲရှိလို့ဆိုလား၊ ဒီထဲမှာ ကြာလှပြီ'

'ဟဲဟဲဟဲ… ခက်ခက်သစ် လာတော့မှာပါ၊ ခင်ဗျားတို့တစ်ယော ဝမ်းသာအောင် ဟောဒီပခြုပ်လေးကို လက်ဆောင်ပို့လိုက်တယ်'

'ဘာ ပခြုပ်လဲ'

ခမ်းလေးက မျက်မှောင်ကြုတ်၍ မေးသည်။

'ဒါတော့ ဘယ်သိမလဲ၊ ဖွင့်ကြည့်ပေါ့'

ခမ်းလေးက ပခြုပ်ကို လှမ်းယူလိုက်သည်။ အထာပေါ သော ဝေဖြိုးက…

'ဟာ… အဲဒါမြွေတွေ ထည့်ထားတာ'

'ဟော… အမလေး'

အားလုံးဝရုန်းသုန်းကားဖြင့် အခန်းထဲမှ ထွက်ပြေးသွားကြ သည်။ လှေကားတွင် ချော်လဲသူကလဲနှင့် ဖရိုဖရဲတွေ ဖြစ်ကုန်ကြ သည်။ ပေါင်မုန့်က ခါးထောက်၍ ရယ်နေသည်။ တစ်ဘက်အခန်း တွေမှ မာမီအိုကြီးနှင့် ခက်ခက်သစ်တို့ ထွက်လာ၏။

'ကောင်လေး… မင်းတော်တယ်၊ မင်းမှာ အကြံကောင်းတွေ သိပ်ရှိတယ်၊ ငါတို့အားလုံး ခက်ခက်သစ်နဲ့တိုင်ပင်ပြီး မင်းကိုအခု ဇာတ်လမ်းဆင်လိုက်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အမလေး… နာတယ် အမေရဲ့ အား'

လှေကားရင်းမှ တအားအားနဲ့ အော်နေသူက အဘိုးကြီး။ သူ့ကို နားရွက်ဆွဲပြီးခေါ်လာသူက အဘွားကြီးတစ်ဦး။ ဘေးတွင် ထွေးထွေးလည်းပါသည်။

'ဟာ… ပြေးမှပဲ၊ ဟဲ့… ခက်ခက် ငါလိမ့်မယ်၊ အမေက ငါ့ကို ဒီပုံစံနဲ့ မြင်သွားရင်ခေတ်မှာ'

မာမီအိုကြီးမှာ ဒရောသောပါးနှင့် နောက်ဘက်သို့ ဆင်းပြေးသည်။

'အဘွား… သမီးကိုလည်း စကားမပြောရ တစ်လလုပ်ထားတယ်'

ထွေးထွေးက အဘွားကိုသွားခေါ်၍ သူ့အဖေကိုတိုင်ခြင်းဖြစ်သည်။

'အမေ… နာတယ်'

'မနာနဲ့၊ နင်က ကလေးတွေကို ချုပ်ခြယ်နေတာ ငါသိတယ်၊ ဟိုတစ်ကောင် ရှိသေးတယ်၊ ယောကျ်ားဖြစ်ပြီး ဂန်ဒူးလုပ်နေတာ၊ နင်တို့ညီအစ်ကို နှစ်ယောက်စလုံးကို အမွေဖြတ်ပြီး ငါ့မြေးမလေးတွေကို ပေးမယ်'

'မလုပ်ပါနဲ့ အမေရယ်'

'အံမာ… နောက်ပြီး နင်က မိန်းမထပ်ယူချင်သေးတယ်ဆို'

'ဟုတ်တယ်'

အဘိုးကြီးက ပေါင်မုန့်ကို မျက်စောင်းတခဲခဲ ကြည့်နေသည်။ ခက်ခက်သစ်က အခန်းထဲဝင်၍ ရီကော်ဒါအသံဖမ်းစက်ကလေး ယူလာ၏။

'ဘွားဘွား… ဒီမှာ နားထောင်ဦး'



www.burmeseclassic.com

www.burmeseclassic.com



အဘွားက ရီကော်ဒါကို ကပ်၍နားထောင်ရာ ပေါင်မုန့်နှင့် အဘိုးကြီး အပြန်အလှန်ပြောနေသော စကားများကို ကြားရသည်။ ပေါင်မုန့်ကို အဘိုးကြီးက အထင်လွဲပြီ။ တကယ်တော့ ခက်ခက်သစ်က ရီကော်ဒါပေးကာ ၄င်းနေ့က စားပွဲထိုးလေးကိုချောင်း၍ အသံဖမ်းနိုင်းထားခြင်းပင်။

'သူက ဘယ်သူလဲ'

အဘွားက ပေါင်မုန့်ကို လက်ညှိုးထိုးပြသည်။

'သူက ပေါ်တူဂီပြန် ရိုးရာဗေဒင်ပညာရှင် ပေါင်မုန့်ပါ'

ခက်ခက်သစ်က ခပ်တည်တည်နှင့် ပြောသည်။

'ဒါဆိုရင် ငါ့ကို ဗေဒင်တွက်ပြပါလား'

ဂျောက်ကျပြီ။ အဘွားကြီးကို ဒီလူငယ်ဗေဒင် ဘယ်လိုတွက်မလဲ။

'ရတယ် အဘွား၊ အဘွားရဲ့ယယ်ယယ်က အချစ်အကြောင်းလေးတွေကို မေးလို့ရတယ်၊ နောက်ကြောင်းပြန်ပေါ့'

'ဒါဆို တွက်လေ'

အဘွားကြီးက ကုလားထိုင်တွင် ထိုင်နေသည်။ အဘွားဘေးတွင် ဘာတစ်ခွန်းမှ ဝင်မပြောရဲသော အဘိုးကြီးလည်း ရှိသည်။ ခက်ခက်သစ်က အဘွားအား နည်းစနစ်တွေကို ပြောပြသည်။ ပေါင်မုန့်က ခုမှချွေးပြန်လာသည်။ ခက်ခက်သစ်တို့ မိသားစုတွင် အဘွားသည် အဓိကကျပေလိမ့်မည်။ အဘွားရဲ့ ဩဇာအောက်တွင် မိသားစုတွေရှိနေသည့်သဘော။

'ဟုတ်ကဲ့ပါ၊ အဘွားကိုးခါ ပြည့်သွားပါပြီ'

ပေါင်မုန့်မှာ ရင်တထိတ်ထိတ်ဖြင့် ဟောကိန်းတွေကို တိုက်ကြည့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမ -||| ||| ||| ||| || =2

ဒုတိယ -||| ||| ||| || =2

တတိယ -||| ||| ||| ||| =0

စတုတ္ထ -||| ||| ||| | =1

ပဉ္စမ -||| ||| ||| | =1

ဆဋ္ဌမ -||| ||| ||| ||| | =1

သတ္တမ -||| ||| ||| =0

အဋ္ဌမ -||| ||| ||| || =2

နဝမ -||| ||| ||| ||| =0

'အဘွားမှာ ခုထိမှတ်မိသေးတဲ့ ရည်းစားဦးရှိသလား'

'ရှိတာပေါ့၊ အဘွားတို့ကောလိပ်မှာ တွေ့ခဲ့ကြတဲ့ ကိုဘမြင့်ဟာ အဘွားရဲ့ ရည်းစားဦးပေါ့'

'ရပြီ အဘွား၊ နောက်ပြန် ဟောကိန်းအဖြစ် အသွင်ပြောင်းသွားမယ်'

ပေါင်မုန့်က ဟောကိန်းစာရွက်ကိုကိုင်၍...

'ပထမဟောကိန်းက အဘွား အဲဒီတုန်းက ကိုဘမြင့်နဲ့ မရင်းနှီးခင်မှာ အဘွား သူ့အကြောင်း စဉ်းစားနေတယ်၊ သူလည်း အဘွားအကြောင်း စဉ်းစားနေတယ်၊ အဘွား မှတ်မိနိုင်မလား'

'ဟာ... ဟုတ်တယ် အသေအချာပဲ'

အဘွားက မှတ်မိသွားလေဟန်ဖြင့် ဝမ်းသာစွာပြောသည်။

'ဒုတိယဟောကိန်းက အဘွား အဲဒီတုန်းက စိတ်ထဲမှာ လူနှစ်ယောက် ရှိတယ်၊ တစ်ယောက်အတွက် ပိုခံစားရတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟောဒီ ကောင်ကြီးရဲ့ အဖေပေါ့၊ သူလည်း အဘွားကို ကြိုက်နေတာ'

အဘွားက ခက်ခက်သစ် ဒယ်ဒီကို ငွပ်ခနဲဆော်သည်။

'တတိယယောကျ်ားက အဘွားအိမ်ရောက်ရင် အရိုက်ခံရမယ်'

'မှန်တယ်ဟေ့၊ အဲဒီတုန်းက ကိုဘမြင့်နဲ့တွေ့နေရင်း နောက်ကျလို့ အိမ်ကရိုက်တယ်'

အဘွားက မှတ်ဉာဏ်ကောင်းသည်။ သူ့စကားကို သူသဘောကျ၍ ရယ်သည်။ ပေါင်မုန့်က ခက်ခက်သစ်ကို လက်မထောင်ပြသည်။ ခက်ခက်သစ်ကလည်း ပြုံးစိစိဖြင့် လက်ဝါးထောင်ပြသည်။ ဒါကိုလှမ်းမြင်သော အဘိုးကြီးက လက်သီးဆုပ်ပြသည်။ ထွေးထွေးကလည်း အဖေကို လက်နှစ်ဘက်ဆုပ်၍ ပြသည်။

လိုလာ… လိုလာ… လိုလာ…

မြားနတ်မောင်က သီချင်းဆိုသလို ဆိုတယ်။

အချစ်ရေး အဆင်ပြေပါစေပေါ့။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

'လိုအာမတ်… လိုအာမတ်'

'ဘာတွေရွတ်နေတာလဲ ပေါင်မုန့်'

'ဒါကို (၂၁)ခွန်းရွတ်ရင် လူငယ်ကိစ္စတွေ အဆင်ပြေမယ်
တဲ့'

'နင် ငါ့ကို ဗေဒင်တွက်ပေးဦး'

'ဝါဝါဝင့်အောင်နဲ့တုန်းက တွက်ပြီးပြီလေ'

'မရဘူး၊ ခက်ခက်သစ်နဲ့ ထပ်တွက်ပြ'

'ရပါတယ်၊ ကြာတယ်ဟာ ငါခြစ်ပြီ'

'ဟွဲ… ဟွဲ… နေပါဦး'

'တော်ရင်တော်ပြီ အမြန်ပြော၊ ဒါ နှစ်ရာကား သွက်တယ်'

'××× ×××'

ပထမ -I =1

ဒုတိယ -III =0

တတိယ -III =0



www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထ -I =1

ပဥ္စမ -I =1

ဆဋ္ဌမ -II =2

သတ္တမ -III =0

အဋ္ဌမ -III =0

နဝမ -I =1

-မင်းကို လူတစ်ယောက်က ချစ်တယ်၊ မင်းစိတ်ထဲမှာလည်း သူ့ကိုချစ်တယ်။

-မင်းကို စိုက်ကြည့်နေတဲ့သူက မင်းကိုချစ်လို့။

-မင်း ချစ်တဲ့သူနဲ့ လက်ထပ်ရမယ်။

တန်ခူးလေပြေ



www.burmeseclassic.com